ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ရှုကြည့်ဆင်ခြင်**

သူတစ်ပါးတို့၏(ကြမ်းတမ်းခက်ထန်)ဖောက်ပြန်ဝန်တို မလိုမုန်းထား အပြစ်များတို့ကို နှလုံးသွင်း၍ ကြည့်ရှုခြင်းကိုမပြုရာ၊ သူတစ်ပါးတို့ ကောင်းမှု၊ မကောင်းမှုပြုသည် မပြုသည်တို့ကိုလည်း နှလုံးမသွင်းရာ၊ ကိုယ့်ကိုယ်ကိုယ်သာ ကောင်းမှုတို့ကို ပြုမိ မပြုမိ ရှုကြည့်ဆင်ခြင်ရာ၏။ (ဓမ္မပဒ-၅၀)

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့၊ 11, Wednesday May 2016 (၈၅၅၈)

# မကွေးတွင် အပူရှိန်ပြင်းထန်လွန်း၍ တစ်ရွာလုံးက ရေပဲလိုချင်

**သတင်းနှင့် ဓာတ်ပုံ - မကွေးဝင်းမောင်**

**မကွေး မေ ၁၀**

အယ်နီညိုရာသီဥတုကြောင့် အညာမြေလတ်ဒေသ ရေနံချောင်းမြို့နယ်၊ နတ်မောက်မြို့နယ်၊ မကွေးမြို့နယ်တို့တွင် ရေတွင်းရေကန်များ ခန်းခြောက်ခြင်း၊ သဘာဝရေအရင်းအမြစ်များ ဆုတ်ယုတ်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ ရေအခက်အခဲဖြစ်ကြရသည်ဟု သိရသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ နတ်မောက်မြို့နယ်၊ မကွေးမြို့နယ်တို့ဆုံရာ မကွေးမြို့နယ် သက်ရင်းတောရွာတွင် အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၅၆၀ ကျော်၊ ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန် ၁၀၀၀ ကျော်တို့ သောက်သုံးရေလိုအပ်နေသည်ဟု သိရသည်။

၁၉၈၀-၈၁ ခုနှစ်က နိုင်ငံတော်မှ တူးဖော်ခဲ့သော စက်ရေတွင်းဟောင်းများမှာ နှစ် ၃၀ မှ ၅၀ အထိ ကြာမြင့်ပြီဖြစ်ရာ သက်ရင်းတောရွာ စက်ရေတွင်းတွင်လည်း လွန်ကျူးသည့်အတွက် ရေမရှိတော့ဟု သိရသည်။ လတ်တလော ရေရရှိရေးအတွက် ရွာထိပ်နဂါးချောင်းသို့သွားကာ လက်ယက်တွင်းမှ ရေခပ်ရသည်။ အချို့က တမံပိတ်ထားသောကြောင့် ယခုလို ရေနည်းသွားသည်ဟု ထင်နေကြသည်။ ရေတစ်မှုတ်၊ ရေတစ်ပုံး၊ ရေတစ်အိုးရရှိရန် ယမန်နှစ်များက အဆိုပါချောင်းများမှ လက်ယက်တွင်းငယ်လေးများတူးဖော်ကာ ရေစောင့်ခပ်ခဲ့ရသော်လည်း ယခုနှစ်တွင် တစ်ရွာလုံးသောက်သုံးရန် လက်ယက်တွင်းနှစ်တွင်းသာရှိတော့သည်။ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူရှိန်ပြင်းကာ ရေများလျော့နည်းသွားသည်ဟု ဆိုကြသည်။

မကွေးမြို့ မိုး/ဇလ ဌာန၏ ထုတ်ပြန်ချက်အရ မေလအပူချိန်သည် ၄၃ ဒီဂရီစင်တီဂရိတ်မှ ၄၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အတွင်းရှိသည်။ အဆိုပါ အပူချိန်ကို အန်တုံ၍ ဒေသခံများက ရေရရှိရေးအတွက် ညနေ ၃ နာရီမှ ည ၇ နာရီအထိ စောင့်ဆိုင်းခပ်ယူရသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**



မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သက်ရင်းတောရွာထိပ်ရှိ နဂါးချောင်းတွင် သောက်သုံးရေအတွက် ခက်ခဲစွာ ရေခပ်ယူနေရသည်ကို တွေ့ရစဉ်။

# တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသအချို့ သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၀**

ယခုနှစ်နွေရာသီတွင် အယ်လ်နီညိုနှင့်ဆက်စပ်၍ သောက်သုံးရေရှားပါးပြတ်လပ်နေမှုများ နိုင်ငံတစ်ဝန်းဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ပြည်သူများရေရရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၅ ကော်လံ ၄ သို့ ❖**

| ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးညွှန်းကိန်းများ | |
|---|---|
| ရန်ကုန် | ၁၀ ဒသမ ၅ |
| မန္တလေး | ၁၀ ဒသမ ၂ |
| နေပြည်တော် | ၁၀ ဒသမ ၁ |

ASA AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI(official page), ASA aung naing
LCCI Level - I, II, III
စာရင်းကိုင်သင်တန်းများ
for 2016, November Exam
ACCA, Dip IFR
ကျောင်းအပ် လက်ခံပြီ
LCCI Approved Centre
အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။
Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060

# ရေဆင်းရေလှောင်တမံ ရေကူပြည့်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်း

**နေပြည်တော် မေ ၁၀**
ပြောင်းလဲလာသော ရာသီဥတု၏ သက်ရောက်မှုများကြောင့် ဒေသအနှံ့အပြားတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေအခက်အခဲများ ပိုမိုဖြစ်ပေါ်လာခြင်း၊ ဆည်တာတမံအများစုတွင် ရေဝင်ရောက်မှုပမာဏ ကျဆင်းလာခြင်း၊ အပူရှိန်လွန်ကဲမှုကြောင့် သိုလှောင်ရေများ ခန်းခြောက်လျော့နည်းလာခြင်းပြဿနာများ ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ နိုင်ငံတော်အပိုင်းမှ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းရေလှောင်တမံသည် ပတ်ဝန်းကျင်ကျေးရွာများနှင့် အစိုးရဌာနရုံးများ၊ သုတေသန စိုက်ကွင်းကြီးများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် မှီခိုအားထားနေရသည့် ရေလှောင်တမံတစ်ခုဖြစ်ခဲ့ပြီး လက်ရှိအခြေအနေတွင် မိုးတွင်းအခါ ဆည်ရေဝင်ရောက်မှု သိသိသာသာ လျော့နည်းခဲ့ခြင်း၊ နွေရာသီ၏ ရာသီဥတုအပူရှိန်မြင့်တက်မှု လွန်ကဲခြင်းတို့ကြောင့် ဆည်ရေများ လျော့နည်းကျဆင်းလာပြီး စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေအတွက်ပါ အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ရေဆင်းရေလှောင်တမံ ရေကူပြည့်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရေဆင်းရေလှောင်တမံ ရေကူပြည့်သွင်းနိုင်ရေး အစီအစဉ်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ရေဆင်းရေလှောင်တမံ ရေကူပြည့်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင် ဆွေးနွေးတင်ပြစဉ်။

**(သတင်းစဉ်)**

◆

# ပြင်သစ်-မြန်မာ ပြန်ကြားရေးနှင့် ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr. Olivier RICHARD အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ ပြန်ကြားရေးနှင့် ရုပ်ရှင်ကဏ္ဍပူးပေါင်းဆောင်ရွက်ဆဲအခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော SHELL MYANMAR ENERGY PTE Ltd. သည် ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက်အမှတ်၊ AD-9 တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS AMANI ဖြင့် ၂၀၁၆ ခုနှစ် မေ ၁၆ ရက်မှ ၂၀၁၆ ခုနှစ် မေ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်သွားမည့် တည်နေရာများမှာ Point 1A မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၅၄ မိနစ် ၄၂ ဒသမ ၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၃၇ မိနစ် ၃၆ ဒသမ ၂၂ စက္ကန့်၊ Point 1B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၀ မိနစ် ၄၁ ဒသမ ၁၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၉ မိနစ် ၃၂ ဒသမ ၁၄ စက္ကန့်၊ Point 2A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၈ မိနစ် ၀၉ ဒသမ ၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၁၃ ဒသမ ၇၉ စက္ကန့်၊ Point 2B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၃ မိနစ် ၅၃ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၂၃ ဒသမ ၅၅ စက္ကန့်၊ Point 3A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၉ မိနစ် ၁၅ ဒသမ ၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀ မိနစ် ၄၅ ဒသမ ၂၆ စက္ကန့်နှင့် Point 3B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၂၉ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၀ မိနစ် ၃၅ ဒသမ ၁၅ စက္ကန့်တို့တွင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက်အမှတ်၊ AD-9 တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS AMANI ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားသည်။ **(ကြေးမုံ)**

# သိမ်ဇရပ်ကျေးရွာအုပ်စုအတွင်း ကျူးကျော်တဲများ အကြမ်းဖက်ဖျက်ဆီးမီးရှို့ခံရမှု မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က စုံစမ်းစစ်ဆေးပြီး အကြံပြုတိုက်တွန်းချက်များ သက်ဆိုင်ရာဌာနများသို့ ပေးပို့ထား

**နေပြည်တော် မေ ၁၀**
မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စုအတွင်း ကျူးကျော်တဲများ အကြမ်းဖက်ဖျက်ဆီးမီးရှို့ခံရသည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ပြီး အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ထားကြောင်း၊ သတင်းထုတ်ပြန်ချက်အပြည့်အစုံကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏ Website-www.mnhrc.org.mm တွင် အသေးစိတ်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သောက်သုံးရေပေးဝေမှုနှင့် စီမံကိန်းလုပ်ငန်းများစစ်ဆေး

**သထုံ မေ ၁၀**
သထုံမြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့် ဥသျှစ်ကုန်းကျေးရွာသို့ ရေပေးဝေနေမှုကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်နှင့်အဖွဲ့သည် မေ ၉ ရက်က ကြည့်ရှုအားပေးပြီး ရက် ၁၀၀ စီမံကိန်းအတွင်းဆောင်ရွက်မည့် ဝင်းစိန်ကျေးရွာနှင့် ကျုံပါကျေးရွာ ကွန်ကရစ်တံတားဆောင်ရွက်မှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဆရာကြီးဒဂုန်တာရာ၏ (၉၇)နှစ်ပြည့်မွေးနေ့ပွဲ အောင်ပန်းမြို့ မယ်ခိုတောင် ထင်းရှူးတောအုပ်တွင် ကျင်းပ

**မုံရွာ မေ ၁၀**
ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်သူစာရေးဆရာ ကဗျာဆရာကြီးဒဂုန်တာရာ၏ (၉၇)နှစ်ပြည့်မွေးနေ့ကို စုပေါင်းလက်တွဲကျင်းပရန် အရပ်ဒေသအသီးသီးမှ ဒဂုန်တာရာချစ်သူများ၊ စာပေချစ်သူများ တက်ရောက်ကြောင်း ဆရာကြီး ဒဂုန်တာရာဂူဗိမာန်ကော်မတီဥက္ကဋ္ဌ ဆရာကြီးဦးအုံ့မောင်ထံမှ သိရသည်။

ကဗျာဆရာစာရေးဆရာကြီးဒဂုန်တာရာ၏(၉၇)နှစ်ပြည့်မွေးနေ့ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ ဒဂုန်တာရာဂူဗိမာန်တည်ရှိရာ ထင်းရှူးတောအတွင်းမှ တောင်ပေါ်ကျောင်းခန်းမတွင် မေ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။ မွေးနေ့ပွဲသို့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပျဉ်းမနား၊ ကလော၊ တောင်ကြီး၊ အောင်ပန်း၊ မုံရွာ စသောဒေသပေါင်းစုံမှ အယ်ဒီတာ၊ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာများ၊ စာပေမြတ်နိုးသူပရိသတ်များ တက်ရောက်သည်။ မွေးနေ့ပွဲတွင် ဆရာကြီးဒဂုန်တာရာဂူဗိမာန်ကော်မတီဥက္ကဋ္ဌ ဆရာဦးအုံ့မောင်က ခရီးဦးကြိုစကားပြောကြားပြီး ဆရာကြီးဒဂုန်တာရာ၏ ငြိမ်းချမ်းရေးလုပ်ငန်း၊ စာပေလုပ်ငန်းဆိုင်ရာစာတမ်းခြောက်စောင်ကို စိုးနိုင်(မန်းတက္ကသိုလ်)၊ လင်းယုန်မောင်မောင်၏သားကြီး မောင်ဇေယျ၊ ကဗျာဆရာမောင်လင်းရိပ်၊ ပန်းချီဆရာထွန်းဝင်းငြိမ်း၊ အလယ်ရိုးမမှ ဆရာမျိုးတေဇာအောင်နှင့် ဆရာကြီးဒဂုန်တာရာ၏တူမ ဆရာမသင်းမြစန္ဒီတို့က ဖတ်ကြားတင်ပြကြကြောင်း သိရသည်။

ထို့နောက် အနယ်နယ်အရပ်ရပ်မှတက်ရောက်လာကြသော ကဗျာဆရာများက ဆရာကြီးဒဂုန်တာရာကို ကဗျာများဖြင့် ဂါရဝပြုရွတ်ဆိုကြပြီး တက်ရောက်လာသူအားလုံးကို နေ့လယ်စာတည်ခင်းကျွေးမွေးကာ တည်ဆောက်နေဆဲ ဒဂုန်တာရာဂူဗိမာန်ကို ဂါရဝပြုကြည့်ရှုကြသည်။

"ဆရာကြီးဒဂုန်တာရာဟာ တိုင်းပြည်အတွက် ပတ္တမြားငမောက်ထက် တန်ဖိုးရှိတဲ့ မျိုးချစ်စိတ်ဓာတ်အမွေ၊ ပြည်သူကို အလုပ်အကျွေးပြုတဲ့စိတ်ဓာတ်အမွေ၊ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနဲ့ အမှန်တရားကိုချစ်မြတ်နိုးတဲ့စိတ်ဓာတ်အမွေ၊ စာပေယဉ်ကျေးမှုစိတ်ဓာတ်အမွေကောင်းတွေကို ပေးခဲ့ပါပြီ။ သူပေးခဲ့တဲ့အမွေကောင်းတွေကို ခံယူဦးထိပ်ထား လက်တွေ့ဆောင်ရွက်ပြီး တိုင်းပြည်ရဲ့အကျိုး၊ ပြည်သူရဲ့အကျိုး၊ စာပေယဉ်ကျေးမှုရဲ့အကျိုး၊ ကမ္ဘာကြီးရဲ့အကျိုးကို ဆက်လက်ထမ်းဆောင်သွားဖို့ လိုပါတယ်"ဟု ဆရာကြီးဦးအုံ့မောင်က ပြောပြသည်။

ဆရာကြီးဒဂုန်တာရာသည် ကဗျာလောကတွင် ဂန္ထဝင်ကဗျာများကို စတင်ဖြတ်သန်းရာမှ လေးလုံးစပ်လင်္ကာစနစ်ကို ပိုမိုလွတ်လပ်ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့ပြီး ဝတ္ထုတို၊ ဝတ္ထုရှည်များဖြင့်လည်း မြန်မာ့လူ့အဖွဲ့အစည်းကို သရုပ်ဖော်ရေးသားခဲ့ပြီး ရှေ့ဆက်တိုးတက်နိုင်အောင် ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း ဆရာအုံ့မောင်က ခရီးဦးကြိုစကားတွင် ထည့်သွင်းပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❑



# လေပြင်းတိုက်ခတ်၍ ပြိုလဲသည့်သစ်ပင်များ ရှင်းလင်းပြီး ပြန်လည်ထူထောင်ရေးဆောင်ရွက်

**သရက် မေ ၁၀**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပါးပွတ်ကျေးရွာတွင် မေ ၉ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်က မိုးများရွာသွန်းပြီး လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာအတွင်းရှိ ရွာလယ်စေတီတော်မှ ထီးတော်ယိုင်သွားပြီး အရန်စေတီမှ ထီးတော်မြေခဲ့သည်။ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းမှ အမိုးများ လေလန်သွားခဲ့ပြီး လူနေသွပ်မိုးအိမ်အလုံး ၁၀၀ နှင့် သက်ငယ်မိုးအိမ် ၂၀ စုစုပေါင်း ၁၂၀ ပျက်စီးကာ တုံကျေးရွာနှင့် မကျည်းပင်ကျေးရွာတို့တွင်လည်း အိမ်အမိုးများ လေလန်ခဲ့သည်။

အဆိုပါကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးအုန်းဟန်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၂၀၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းတင်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ယနေ့နံနက် ၁၀ နာရီတွင် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများကို ရှင်းလင်းပြီး ကျေးရွာပြည်သူတို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# အန်ကောဝပ်ဘုရားကျောင်းနယ်မြေ တာရိုးလမ်း ပြုပြင်ထိန်းသိမ်းရေးစီမံကိန်း ဂျပန် ပူးပေါင်းဆောင်ရွက်

**ဖနောင်ပင် မေ ၁၀**

ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်းသို့ သွားရောက်နိုင်သော တာရိုးလမ်း ပြုပြင်ထိန်းသိမ်းနိုင်ရန် လေးနှစ်ကြာမြင့်မည့် စီမံကိန်းတစ်ရပ်ကို ယင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ စတင်အကောင်အထည်ဖော်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် အန်ကောဝပ်ဘုရားကျောင်းနယ်မြေရှိ ယိုယွင်းပျက်စီးနေသော တာရိုးလမ်း ပြုပြင်ထိန်းသိမ်းရေးစီမံကိန်း စတင်သည့် အထိမ်းအမှတ်အခမ်းအနားကို မေ ၉ ရက်က ကျင်းပခဲ့သည်။

လူသားအားလုံးအတွက် အမွေအနှစ်ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားမျိုးနွယ်တစ်ရပ်လုံး၏ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှု၌ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်အဖြစ် အန်ကောဝပ်ဘုရားကျောင်း တာရိုးလမ်း ပြုပြင်ထိန်းသိမ်းရေးစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် ဆွတ်အန်းက ပြောကြားသည်။

အန်ကောဝပ် ဘုရားကျောင်းနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန် ဂျပန်နိုင်ငံက ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီ ထောက်ပံ့ပေးကြောင်း ၎င်းက ပြောကြားသည်။

အန်ကောဝပ်ဘုရားကျောင်းနှင့် ဘေယွန်ဘုရားကျောင်း ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်နိုင်ရန် ဂျပန်အစိုးရက ၁၉၉၄ ခုနှစ်တွင် အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ထူထောင်ပေးခဲ့ကြောင်း၊ အန်ကောဝပ်ဘုရားကျောင်း ထိန်းသိမ်းရေးလုပ်ငန်းအတွက် ဂျပန်နိုင်ငံက ဒေါ်လာ ၂၆ သန်း ထောက်ပံ့ပေးခဲ့ပြီး ဂျပန်နိုင်ငံရှိ ဆိုဖိယာတက္ကသိုလ်က နည်းပညာအကူအညီ ပေးခဲ့ကြောင်း ကမ္ဘောဒီးယားဆိုင်ရာ ဂျပန်သံအမတ်ကြီး ယူဂျီ ကူမာ မာရူက ပြောကြားသည်။

**ကျိုဒို။**



ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်း။

# ရှီကျင့်ဖျင်က ကင်ဂျုံအန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ပေကျင်း မေ ၁၀**

တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်က မြောက်ကိုရီးယား အာဏာရပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ရှီကျင့်ဖျင်က ကင်ဂျုံအန်ထံသို့ သဝဏ်လွှာတစ်စောင်ကို မေ ၉ ရက်တွင် ပေးပို့ခဲ့ပြီး အဆိုပါသဝဏ်လွှာတွင် ရှီကျင့်ဖျင်က တရုတ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ်နှင့်သာမက ပုဂ္ဂိုလ်ရေးအရပါ ဂုဏ်ယူဝမ်းမြောက်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ရှီကျင့်ဖျင်က မြောက်ကိုရီးယားပြည်သူများအတွက်လည်း ဆုတောင်းမေတ္တာပို့သခဲ့ပြီး ကင်ဂျုံအန်၏ လမ်းညွှန်မှုနှင့် အလုပ်သမားပါတီ၏ ဦးဆောင်မှုအောက်တွင် မြောက်ကိုရီးယားပြည်သူများအနေဖြင့် အောင်မြင်သည့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းကို ထူထောင်နိုင်ပါစေကြောင်း ဆန္ဒပြုပြောကြားသည်။

ရှီကျင့်ဖျင်က အိမ်နီးချင်းနှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းကြောင်းကို ရည်ညွှန်း၍ နှစ်နိုင်ငံခေါင်းဆောင်များ ပြုစုပျိုးထောင်ခဲ့သည့် အမွေခံကောင်းများကို တန်ဖိုးထားတည်ဆောက်သွားရန် ပြောကြားခဲ့သည်။ တရုတ်အာဏာရကွန်မြူနစ်ပါတီနှင့် အစိုးရသည် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးကို တန်ဖိုးထားလေးစားကြောင်းလည်း ပြောကြားခဲ့သည်။ ထို့ပြင် ရှီကျင့်ဖျင်က ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးကို မြောက်ကိုရီးယားနိုင်ငံနှင့်အတူ ဖော်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲ၌ မိမိအောင်ပွဲခံသည်ဟု ဒူတတ်တေးကြေညာ

**မနီလာ မေ ၁၀**

ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ရိုဒရစ်ဂို ဒူတတ်တေး အောင်ပွဲခံကြောင်း၊ ရွေးကောက်ပွဲ၌ ၎င်း၏ အဓိကအတိုက်အခံ သမ္မတလောင်းမားရိုးရက်က ရွေးကောက်ပွဲတွင် သူရှုံးနိမ့်သည်ဟု ထုတ်ဖော်ဝန်ခံခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် (၇၁) နှစ် အရွယ်ရှိ ဒူတတ်တေးသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း လူထုအား လှုံ့ဆော်သည့်စကားများ ပြောကြားသူအဖြစ် ကျော်ကြားခဲ့သည်။

တရားဥပဒေစိုးမိုးရေးဆိုင်ရာ မိမိ၏ သဘောထားရပ်တည်ချက်ကြောင့် ရွေးကောက်ပွဲ အောင်နိုင်ရခြင်းဖြစ်သည်ဟု ဒူတတ်တေးက ပြောကြားသည်။

ဒူတတ်တေးသည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာအိုမြို့၏ မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာတွင် ရာဇဝတ်မှုခင်းများ သိသိသာသာ ကျဆင်းစေရန် ကြိုးပမ်းစွမ်းဆောင်နိုင်သူအဖြစ် ထင်ပေါ်ကျော်ကြားသည်။

မေ ၉ ရက်က ကျင်းပသော သမ္မတရွေးကောက်ပွဲ၌ ဒူတတ်တေးက ၎င်း၏ အဓိကပြိုင်ဘက်များထက် မဲအသာရရှိခဲ့သည်။ ပဏာမ မဲစာရင်းရလဒ်များအရ ဒူတတ်တေးက မဲအရေအတွက်၏ ၃၈ ဒသမ ၉၂ ရာခိုင်နှုန်းရရှိကာ ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း၊ အထက်လွှတ်တော်အမတ် ဂရေ့စ်ပိုးမှာ ထောက်ခံမဲ ၂၂ ဒသမ ၁၄ ရာခိုင်နှုန်း ရရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။ တရားဝင်မဲစာရင်းရလဒ်များကို ဇွန်လအထိ ထုတ်ပြန်ကြေညာမည် မဟုတ်ပေ။

**ရိုက်တာ။**






# ဟီရိုရှီးမားသို့ အိုဘားမားသွားရောက်မည်

**တိုကျို မေ ၁၀**

အမေရိကန်သမ္မတ ဘာရက် အိုဘားမားသည် မေလနှောင်းပိုင်းတွင် ဟီရိုရှီးမားမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရနှင့် အိမ်ဖြူတော်တို့က ထုတ်ပြန်ကြေညာသည်။

အိုဘားမားသည် ဂျပန်နိုင်ငံ အစ်ရှီမာဒေသတွင် မေ ၂၆ ရက်မှစ၍ နှစ်ရက်ကြာကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီးနောက် ဟီရိုရှီးမားမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရက မေ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အမေရိကန်နိုင်ငံက ၁၉၄၅ ခုနှစ်တွင် ဟီရိုရှီးမားမြို့ပေါ်သို့ အဏုမြူဗုံးကြဲချခဲ့ပြီးနောက်ပိုင်း အိုဘားမားသည် တာဝန်ထမ်းဆောင်ဆဲ အမေရိကန်သမ္မတတစ်ဦးအနေဖြင့် ယင်းမြို့သို့ ပထမဆုံးသွားရောက်သည့် အမေရိကန်သမ္မတ ဖြစ်လာမည်ဖြစ်သည်။

အိုဘားမား၏ ခရီးစဉ်သည် ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန်နှင့် နျူကလီးယားလက်နက်လုံခြုံကင်းစင်သည့် ကမ္ဘာအဖြစ် ဖော်ဆောင်ရန် ၎င်း၏ကတိကဝတ်များကို ထင်ရှားပေါ်လွင်စေမည် ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အိုဘားမားနှင့်အတူ ဟီရိုရှီးမားသို့ သွားရောက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားသည်။

အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာသည် သမ္မတတာဝန်ထမ်းဆောင်ပြီးနောက်ပိုင်းမှ ဟီရိုရှီးမားသို့ သွားရောက်ခဲ့ဖူးသည်။ လွန်ခဲ့သည့်လတွင်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်တွေ့ဆုံဆွေးနွေးပွဲပြီးနောက် ဟီရိုရှီးမားမြို့သို့ သွားရောက်ခဲ့သည်။

အိုဘားမားသည် ၎င်း၏ သမ္မတသက်တမ်းအတွင်း နျူကလီးယားလက်နက်ကင်းစင်သည့် ကမ္ဘာကြီးအဖြစ် ဖော်ဆောင်သွားရန် ဆန္ဒရှိခဲ့သည်။

အိုဘားမားသည် ယင်းခရီးစဉ်တွင် ဒုတိယကမ္ဘာစစ်အတွင်း အသက်ဆုံးရှုံးခဲ့ရသူများကို အောက်မေ့သတိရကြောင်း ပြသနိုင်မည်ဖြစ်သကဲ့သို့ ဇန်နဝါရီလတွင် သမ္မတတာဝန်ပြီးဆုံးသည့်အခါ နျူကလီးယားလက်နက်များ လျှော့ချနိုင်မည့် အခွင့်အလမ်းများကို အမွေပေး ထားရစ်ခဲ့နိုင်မည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ကြသည်။

အမေရိကန်ပြည်သူများက ဟီရိုရှီးမားမြို့ပေါ်သို့ အမေရိကန်နိုင်ငံက အဏုမြူဗုံးကြဲချခဲ့ခြင်းသည် ဒုတိယကမ္ဘာစစ်ကြီးကို အမြန်ဆုံး အဆုံးသတ်နိုင်ခဲ့သကဲ့သို့ အမေရိကန်တပ်ဖွဲ့ဝင်များ၏ အသက်ပေါင်းများစွာကိုလည်း ကယ်တင်နိုင်ခဲ့သည်ဟု ဆိုကြသည်။ သို့သော် နယူးယောက်တိုင်းမ်သတင်းစာနှင့် ဝါရှင်တန်ပို့စ်သတင်းစာတို့က အမေရိကန်သမ္မတတစ်ဦးအနေဖြင့် ဟီရိုရှီးမားမြို့သို့ သွားရောက်လည်ပတ်သင့်ကြောင်း အယ်ဒီတာ့အာဘော်များမှ မကြာမီက တိုက်တွန်းရေးသားခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

## ပြည်တွင်းရေးရာ


# မြန်မာ-ရုရှား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်ကိစ္စ သဘောတူကြောင်း ဆုံးဖြတ်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်သမ္မတထံမှပေးပို့သော **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနဖွဲ့စည်းရန်ကိစ္စ**ကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်လိုက်သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို မေ ၅ ရက်ကကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်းခြင်းမရှိသည့်အတွက် ယနေ့အစည်းအဝေး၌ လွှတ်တော်၏အဆုံးအဖြတ်ရယူသဘောတူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတထံမှပေးပို့သော **မြန်မာ-ရုရှား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်ကိစ္စ**ကိုလည်း သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။



ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်။



တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းလွင်။

လက်မှတ်ရေးထိုးရန်ကိစ္စနှင့်ပတ်သက်၍ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က မြန်မာ့သမိုင်းကိုပြန်ကြည့်မည်ဆိုပါက စက်မှုအတတ်ပညာနှင့် စစ်လက်နက်နည်းပညာ ခေတ်နောက်ကျကျန်ခဲ့သည့်အတွက် ကိုလိုနီကျွန်ဘဝရောက်ခဲ့ကြောင်း၊ လက်နက်အင်အား မတောင့်တင်းမခိုင်မာပါက အိမ်နီးချင်းနိုင်ငံများကပါ မလေးမစား အထင်အမြင်သေးတတ်ကြောင်း၊ နိုင်ငံတော်၏ လေထု၊ မြေထု၊ ရေထုကို ထိန်းသိမ်းကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် လက်မှတ်ရေးထိုးမည့်ကိစ္စကို ကြိုဆိုထောက်ခံကြောင်း ဆွေးနွေးပြီး ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက မိမိတို့နိုင်ငံသည် စီးပွားရေးနှင့်စစ်ရေးအင်အားကြီးမားသည့် နိုင်ငံနှစ်ခုအကြားတွင်ရှိသည့် နိုင်ငံငယ်လေးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ဖြစ်နေရန် လွန်စွာအရေးကြီးကြောင်း၊ ယခုကဲ့သို့ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာ့တပ်မတော်၏စွမ်းရည်ကို ထက်မြက်စေနိုင်သော်လည်း ခေတ်မီတပ်မတော်ကြီးဖြစ်လာစေရန်အတွက် နိုင်ငံ၏ခနေအင်အားသည် အလွန်အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်၏ခနေအင်အားတောင့်တင်းခိုင်မာရန်အတွက် နိုင်ငံတော်ငြိမ်းချမ်းပြီး လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျကြောင်း ဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းလွင်က ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတပ်မတော်ကို စွမ်းရည်တိုးမြှင့်ပြီး ခေတ်မီရန် ဘက်စုံနည်းလမ်းများဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့်လည်း နိုင်ငံတကာတပ်မတော်များ၏ ဆောင်ရွက်ပုံနည်းလမ်းများနှင့် အတွေ့အကြုံများကို သိရှိခြင်းအားဖြင့် မြန်မာ့တပ်မတော်ကို Standard Army အဖြစ် မြှင့်တင်ရာတွင် အထောက်အကူရရှိစေမည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

မြန်မာ-ရုရှား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွင် နှစ်နိုင်ငံ နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာ သဘောထားအမြင်နှင့် သတင်းအချက်အလက်များဖလှယ်ရေး၊ နိုင်ငံတကာလုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များတွင် သဘောထားအမြင်နှင့် သတင်းအချက်အလက်များ ဖလှယ်ရေး၊ နှစ်နိုင်ငံတပ်မတော်များ၏ လုပ်ငန်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းထားသောဥပဒေများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ဖလှယ်ရေး၊ စစ်ဘက်ဆိုင်ရာ ဆေးပညာအတွေ့အကြုံဖလှယ်ရေး၊ စစ်သုံးမြေပုံ၊ စစ်သုံးရေပုံရေးဆွဲရေး၊ အားကစား၊ ယဉ်ကျေးမှုနှင့် တပ်မတော်သားများ၏ ပြန်လည်သန်စွမ်းရေးကဏ္ဍများတွင် ဆက်ဆံမှုတိုးမြှင့်ရေး၊ ကုလသမဂ္ဂဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများတွင် အတွေ့အကြုံဖလှယ်ရေး၊ ငြိမ်းချမ်းရေးအထောက်အကူပြုလုပ်ငန်းများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး၊ ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးနှင့် ပညာရေးနယ်ပယ်ဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေးကိစ္စရပ်များ ပါဝင်သည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက **အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဘင်းမ်စတက်ကွန်ဗင်းရှင်း (BIMSTEC Convention)သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စ**ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ မေ ၁၂ ရက် နောက်ဆုံးထား၍ အမည်တင်သွင်းကြရန် အသိပေးကြေညာသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ဒုတိယဝန်ကြီးက ဘင်းမ်စတက်အဖွဲ့ဝင် ခုနစ်နိုင်ငံအနက် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ သီရိလင်္ကာတို့မှ အတည်ပြုဝင်ရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မြန်မာ၊ ဘူတန်နှင့် နီပေါနိုင်ငံတို့အတည်ပြုရန် ကျန်ရှိနေပါကြောင်း၊ အဆိုပါကွန်ဗင်းရှင်းသည် မြန်မာနိုင်ငံ၏ရပ်တည်ချက်နှင့် ဆန့်ကျင်မှုမရှိသည့်အပြင် ဥပဒေရေးရာအရ ချည်နှောင်မှုမရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယင်းကွန်ဗင်းရှင်းတွင် အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း။

ဘင်းမ်စတက်အဖွဲ့အစည်းသည် ဒေသတွင်းနိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအပြင် ယနေ့နိုင်ငံတကာတွင် ခြိမ်းခြောက်မှုအန္တရာယ်အမြင့်မားဆုံးဖြစ်ပွားနေသော အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့တွင် အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းရည်မြှင့်တင်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေးတို့တွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာ-အိန္ဒိယ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် နယ်စပ်ဒေသများတွင် ရင်ဆိုင်ဖြေရှင်းနေရသည့် မူးယစ်ဆေးဝါးပြဿနာနှင့် နယ်စပ်ဒေသမှုခင်းများ တားဆီးနှိမ်နင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ဘက်စုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဘင်းမ်စတက်အဖွဲ့အစည်းကို ၁၉၉၇ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့က နည်းပညာနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် စတင်တည်ထောင်ခဲ့သည်။ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေး စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဘူတန်နိုင်ငံနှင့်နီပေါနိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်လာခဲ့သည်။ ဘင်းမ်စတက်အဖွဲ့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တန်ပြန်တိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ပြည်သူအချင်းချင်း ဆက်ဆံရေး၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကဏ္ဍများတွင် ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

**✻ မကွေးမှ**

"ပြီးခဲ့တဲ့ မေ ၇ ရက်က မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးညွန့်၊ စိုက်ပျိုးရေးပညာရှင် ဦးစိုးသွင်ဦးမောင်တို့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲလုပ်ဖို့ အဖွဲ့လိုက်ရွာဆင်းလာကြတယ်။ ရွာကျောင်းဆရာတော်က ဘာမှ မလိုချင်ဘူး။ ရေပဲလိုချင်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို တင်ပြ တောင်းဆိုထားပါတယ်။ တစ်ရွာလုံးက ရေပဲလိုချင်တယ်၊ ရွာက စက်တွင်းက အနှစ် ၃၀ ကျော်ပြီဆိုတော့ လွန်ကျိုးတယ်ပြောတယ်။ စက်တွင်း ပျက်နေတယ်။ စက်ရေတွင်းအသစ်ပဲတူးပေးနိုင်မလား။ သစ်သစ်ဟောင်းဟောင်း အဓိကရေပဲလိုချင်တယ်။ ရေကလွဲလို့ ဘာမှမလိုချင်ပါဘူး"ဟု မကွေးမြို့နယ် သက်ရင်းတောရွာမှ ကိုညွန့်ဝင်းက ပြောသည်။



# သောက်သုံးရေများ နေ့စဉ်ဖြန့်ဝေ

**နေပြည်တော် မေ ၁၀**

အယ်နီညိုရာသီဥတုဖောက်ပြန်မှုကြောင့် မြန်မာနိုင်ငံအနှံ့ အပြားရှိမြို့ရွာများတွင် သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက မြို့နယ်များရှိဘဏ်ခွဲများမှတစ်ဆင့်လည်းကောင်း၊ ပရဟိတအသင်းအဖွဲ့များမှတစ်ဆင့်လည်းကောင်း သောက်သုံးရေသန့်များကို ရေဂါလန် ၂၈၀၀ မှ ၃၆၀၀ အထိဆံ့သော ရေဘောက်ဆာကားကြီးများဖြင့် နေ့စဉ်ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။(ပုံ)



မေ ၉ ရက်က တောင်ကြီးမြို့အနီးတစ်ဝိုက်ရှိ စဝ်စံထွန်းရပ်ကွက် နယ်မြေ(၁၆)ခေလူးရွာ၊ ထီထပ်တောင်ရွာနှင့် ထီထပ်မြောက်ရွာတို့တွင်လည်းကောင်း၊ မေ ၆ ရက်နှင့် ၇ ရက်တို့တွင် ရွှေညောင်မြို့အနီး အောင်သပြေရွာ၊ ဟဲဟိုးမြို့အနီး ကုန်းကျောင်းရွာ၊ လယ်ခေါင်းရွာ၊ ဟဲဟိုးလေဆိပ်ဝန်ထမ်းအိမ်ရာ၊ လေယာဉ်ဆီဖြည့်ဌာနနှင့် အရေးပေါ်သုံးရန် မီးသတ်ရေကန်တို့တွင်လည်းကောင်း၊ ဟာမွန်းရွာ၊ လုံးချက်ရွာ၊ သီးလုံးရွာ၊ ထီခန်းရွာတို့တွင်လည်းကောင်း၊ အလားတူ ကမ္ဘောဇဘဏ်လီမိတက် (စစ်ကိုင်းဘဏ်ခွဲ)မှ မန်နေဂျာနှင့် ဝန်ထမ်းများသည် စစ်ကိုင်းမြို့မှ ၁၄ မိုင်ကွာဝေးသော ရေမျက်ကျေးရွာတွင်လည်းကောင်း၊ အင်းဝရွာတွင်လည်းကောင်း၊ တွံတေးဘဏ်ခွဲမှမန်နေဂျာနှင့် ဝန်ထမ်းများသည် တွံတေးမြို့အနီးတစ်ဝိုက်ရှိ သောက်သုံးရေ အခက်အခဲဖြစ်နေသော ကျေးရွာများတွင်လည်းကောင်း သန့်ရှင်းသောသောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**❖ ရွှေဖုံးမှ**

မေ ၉ ရက်မှ ၁၀ ရက်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူများထံသို့အရောက် သောက်သုံးရေများ ဆက်လက်ဖြန့်ဝေလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ယမုံနာကျေးရွာ၊ ဝဲကြီးကျေးရွာ၊ ဝဲငယ်ကျေးရွာ၊ သင်းဖောင်းကျေးရွာ၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ခမောက်ငယ်ကျေးရွာ၊ ခမောက်ကြီးမြို့ အမှတ်(၃)ရပ်ကွက်နှင့် ချောင်းဝကျေးရွာတို့သို့ ရေဂါလန် ၁၂၆၀၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သံပြာချောင်းကျေးရွာအုပ်စုသို့ ရေဂါလန် ၁၈၅၀၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ခမုံလေကျေးရွာသို့ ရေဂါလန် ၁၅၀၀၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျွန်းညိုကန်ပလာကျေးရွာသို့ ရေဂါလန် ၁၂၀၀၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တုရွှင်းတိုင်ကျေးရွာသို့ ရေဂါလန် ၁၃၀၀၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပန်းတောကျေးရွာ(အရှေ့)သို့ ရေဂါလန် ၄၅၀၀၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျုံပါချောင်းဝကျေးရွာသို့ ရေဂါလန် ၄၅၅၀ တို့ကို အသီးသီးဖြန့်ဝေပေးခဲ့ကြောင်းနှင့် ယင်းကဲ့သို့လိုအပ်သောနေရာများသို့ နေ့စဉ် ဆက်လက်ဖြန့်ဖြူးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# နေ့လယ်စာစစ်စစ် စားပါရစေ

ခင်ဘုန်းသွယ်

မနက်စာကို ဘုရင်လိုစားပါ။ နေ့လယ်စာကို သူဌေးလို စားပြီး ညစာကို ဆင်းရဲသားလို စားပါတဲ့။ ဒါကတော့ နေ့စဉ်စားတဲ့ အစားအသောက်နဲ့ ပတ်သက်လို့ ကျန်းမာရေးနဲ့ ညီညွတ်အောင် ညွှန်ကြားတဲ့ ညွှန်ကြားချက်လေး တစ်ခုပါ။ ဒါဟာ လူတိုင်းနဲ့သက်ဆိုင်တဲ့ ညွှန်ကြားချက်လေးတစ်ခုမှ ဟုတ်ပါလေစ။ လူတိုင်းကတော့ ပြန်ပြောပါလိမ့်မယ်။ လူတိုင်းနဲ့ မသက်ဆိုင်ပေဘူးရယ်လို့ပါ။ ဘာလို့လဲဆိုတော့ ကျန်းမာရေးကို ဂရုမစိုက်နိုင်လို့ တော့ မဟုတ်ပါဘူး။ နဂိုကတည်းကိုက ကျန်းမာရေးနဲ့ညီအောင် စားသောက်နိုင်ခြင်း မရှိသူတွေများပြားနေလို့ပဲဖြစ်ပါတယ်။

အိန္ဒိယ ရုပ်ရှင်ကားတစ်ကားကြည့်ဖူးပါတယ်။ Lunch box ဆိုတဲ့ အဲဒီကားထဲမှာ ဟိုဘက်ခေတ် အိန္ဒိယပြည်က ထမင်းချိုင့်ပို့တဲ့ လုပ်ငန်းတစ်ခုကို အခြေတည်ပြီး ဇာတ်အိမ်ဖွဲ့ထားပါတယ်။ အဲဒီမှာ ထမင်းချိုင့်ပို့လုပ်ငန်း လုပ်သူတွေဟာ အင်နဲ့အားနဲ့ လုပ်ကိုင်ကြတာပါ။ မနက်ဆို ထမင်းချိုင့်တွေကို အိမ်တွေကနေသွားယူပြီး ပို့ရမယ့် နေရာတွေကို မလွဲမသွေစေရဘဲ အရောက်ပို့ဆောင်ပေးကြပါတယ်။ ဒီလို မလွဲမသွေအရောက်ပို့ဆောင်ပေးနိုင်တဲ့ကြားက ထမင်းချိုင့်နေရာလွဲပြီး ပို့မိရာကနေ ဖြစ်ပေါ်လာတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ဖော်ဆောင်ထားပါတယ်။သူတို့ရဲ့ရိုးရာအစားအသောက် ချက်ပြုတ်ပုံ၊ သူတို့ရဲ့နေထိုင်မှုစနစ်နဲ့ အမျိုးသား အမျိုးသမီး အိမ်ထောင်ရေး ပတ်သက်ဆက်ဆံပုံ ဓလေ့လေးတွေကိုပါ စိတ်ဝင်စားဖွယ်ရာ ကြည့်ရှုရပါတယ်။

တကယ်လို့များ ကျွန်မတို့ဆီမှာ ဒီလို Lunch box ဇာတ်ကားမျိုးရိုက်မယ်ဆိုရင် ဘယ်လို ရိုးရာဟင်းချက်ပုံတွေကို အခြေခံမှာပါလဲ။ ဒီလို မိသားစုတွေဆီကနေ မိသားစုဝင် တစ်ဦးဦးစီ နေ့စဉ်ပို့ပေးနေတဲ့ ထမင်းချိုင့်လေးတွေရော ရှာလို့တွေ့နိုင်ပါ့မလား။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာ မနက်မနက် အလုပ်တက်ကြတဲ့အခါ၊ ကျောင်းတက်ကြတဲ့အခါ ထွက်လာတဲ့ ဝန်ထမ်းတွေ၊ ကျောင်းသားကျောင်းသူတွေဟာ တက်ကြွလန်းဆန်းမှုအပြည့်နဲ့ မာန်ပါပါ ထွက်လာကြသလောက် ကျွန်မတို့ဆီမှာ မနက် အလုပ်ဆင်းကြသူ လူငယ်လေးတွေ အများစုမှာ လမ်းလျှောက်ပုံ ဟန်ပန်ကအစ ကွာခြားလို့နေပါတယ်။ လမ်းလျှောက်ပုံကအစကွာဆို လက်ထဲမှာ ထမင်းချိုင့်လေးတွေ ဆွဲလာတာကအစလည်း ကွာခြားလို့ နေပေတာကိုး။ အလုပ်တွေ ကျောင်းတွေမှာ နေ့လယ်စာရယ်လို့ ကောင်းကောင်းမွန်မွန် ချက်ပြုတ်ရောင်းချပေးတဲ့ အလေ့အထ မရှိလေတော့ ကျွန်မတို့ဆီမှာ ထမင်းချိုင့်ထည့်ဖို့ဆိုတာ လူတစ်ဦးတိုင်း၊ တစ်ယောက်တိုင်းအတွက် ကြီးလေးတဲ့ နေ့စဉ် တာဝန်ကြီးတစ်ရပ်ဖြစ်လို့နေပါတယ်။

ကျွန်မတို့ ရုံးမှာတော့ နေ့လယ်စာကို ရုံးက စီစဉ်ပေးထားလို့ ရုံးတက်ရတာ တကယ်ကိုပဲ လွယ်ကူချောမွေ့လို့ နေပါတယ်။ ရုံးကိုထမင်းချိုင့်ယူသွားဖို့ မလိုဘူးဆိုတာများ တကယ်ကို စိတ်အေးလက်အေး ရှိရပါတယ်။ အချိန်တန် ရုံးကကျွေးတဲ့ထမင်းဟင်းကို အဆင်သင့်စားလို့ အလုပ်မှာလည်း အေးအေးလူလူ အာရုံဝင်စားနိုင်ပါတယ်။ တကယ်ဆို မိသားစုတွေမှာလည်း အလုပ်သွားကြသူတွေကများပြီး ထမင်း၊ဟင်းချက်ပေးလိုက်နိုင်သူ အိမ်နေမိသားစုဝင်က ရှားပါးလို့လာနေပါတယ်။ ကိုယ့်ဘာသာ ကိုယ့်ထမင်းချိုင့်လေးကိုယ်အဆင်ပြေရုံ ချက်ပြုတ်ထည့်သွားကြရတာက များပါတယ်။ အဆင်ပြေရုံလေး စီမံကြရတာဆိုတော့ အသားရယ်၊ ငါးရယ်လို့လည်း လောက်လောက်လားလား မစီမံနိုင်ရှာဘဲ ငါးသေတ္တာလေး၊ ကြက်အူချောင်းလေး၊ ကြက်ဥကြော်လေး၊ အခြောက်အခြမ်းလေးနဲ့သာ ပြီးကြရတာများပါတယ်။ ဒီလိုခေတ်ရဲ့ လိုအပ်မှုကို ဖြေရှင်းနိုင်ဖို့ရာ အများတိုင်းပြည်တွေမှာလို ကျောင်းမှာ၊ ရုံးမှာ ကန်တင်းလိုမျိုး ဖွင့်လှစ်ပေးဖို့ စီမံမပေးနိုင်လေတော့ နေ့လယ်စာ ထမင်းဘူးဆိုတာလေးတွေ ခေတ်စားလို့လာပါတယ်။ ရုပ်ရှင်ထဲကလို အိမ်ကထမင်းဘူး ရုံးကို သယ်ယူပို့ပေးတာမျိုးမဟုတ်ပဲ အသင့်ချက်ပြီးသား ထမင်း၊ဟင်းကို တစ်ခါသုံးဘူးနဲ့ ထည့်ပြီး မှာတဲ့နေရာကို လိုက်ပို့တာမျိုးပါ။ ဒီလိုမျိုး အိမ်မှာ ချက်ပြုတ်စားနိုင်သူတွေက ချက်ပြုတ်မစားနိုင်တော့ဘဲ အလွယ်မှာယူ စားသောက်ရတာမျိုး ဖြစ်လာတဲ့ ခေတ်အခြေအနေမှာ နဂိုကမှ အိမ်မှာတောင် ချက်ပြုတ်မစားနိုင်သူတွေမှာ ဘယ်လိုအခြေအနေမျိုးနဲ့ နေထိုင်စားသောက်နေကြရှာပါလိမ့်မလဲ။

လမ်းမထက်က ရှမ်းခေါက်ဆွဲဆိုင်တွေ၊ မုန့်ဟင်းခါးဆိုင်တွေ၊ လက်သုပ်ဆိုင်တွေ၊ လက်ဖက်သုပ်၊ အစုံသုပ်ဆိုင်လေးတွေက နဂိုရည်ရွယ်ရာထက် တစ်ဆင့်မြင့်လို့ သွားပါတော့တယ်။ အမှန်ဆို ဒီလိုအစားအစာတွေဟာ သရေစာအဖြစ်သာ နေ့လယ်နေ့ခင်း ညနေညခင်း စားကြရမှာပါ။ ခုတော့ အိမ်မှာ၊ အဆောင်မှာလည်း မချက်ပြုတ်နိုင်၊ ဟင်းလျာအဖြစ် ထောင်ကျော်ဖိုးလောက်မှလည်း မသုံးနိုင်ကြရှာသူတွေမှာ ဒီလို သရေစာတွေကိုပဲ ကျပ်၂၀၀တန် ထမင်းတစ်ထုပ်နဲ့အတူ တွဲစားနေကြရပါတော့တယ်။ ဘယ်မှာလဲ နေ့လယ်စာကို သူဌေးလိုစားရမယ်ဆိုတာ။ ဘယ်မှာလဲ မနက်စာကို ဘုရင်လိုစားရမယ်ဆိုတာ။ ဘယ်အချိန် ဘယ်အနပ်မှာပဲဖြစ်ဖြစ် ကျပ် ၃၀၀ တန်၊ မုန့်ဟင်းခါး ၅၀၀ တန်အသုပ်စုံနဲ့သာ ပြီးနေကြရရှာတာပါ။ ဒီလို လမ်းမထက်က စားစရာတွေဆိုတာလည်း အစားအသောက် စိစစ်ထိန်းသိမ်းသူတွေက အမြဲစိစစ်ထိန်းသိမ်းနေတာမျိုး မဟုတ်လေတော့ ကျန်းမာရေးအရလည်း ဘယ်လိုမှ အာမခံနိုင်စွမ်းမရှိပါ။ အသိတစ်ယောက်ကပြောဖူးတာ လမ်းမထက်က မုန့်ဟင်းခါးဆိုင်တချို့ဟာ ငါးနဲ့ချက်တာမဟုတ်ဘဲ အမဲအရိုးအရင်းတွေနဲ့ ချက်တာဆိုပဲ။ ဟုတ်လည်းဟုတ်မှာပါလေ။သူတို့ရောင်းတာကိုက မုန့်ဟင်းခါးတစ်ပွဲ အကြော်လွတ်နဲ့ ကျပ်၂၀၀ သာရောင်းနေတာဆိုတော့ ဈေးသက်သာတာကို ရှာစားကြရတယ်ဆိုတော့လည်း ပါးစပ်အရသာခံစရာရယ်လို့ ရွေးချယ်စရာမရှိဘဲ အရသာခံဖို့ရာ ချဉ်ချဉ်စပ်စပ် အရသာကိုသာ ထူးကဲတဲ့အရသာ တစ်ရပ်အနေနဲ့ အာရုံခံစားကြရပါတော့တယ်။ ဒီအခါ ရှူးရှဲဆိုတာမျိုး၊ ချဉ်စပ်ဆိုတာမျိုး၊ လက်ဖက်နှပ်ထားတာတွေလည်း ထမင်းနဲ့စားဖို့ရာ ဟင်းတစ်မယ်ဖြစ်လာတော့တယ်။ တကယ်တော့ အဲဒီရှူးရှဲဆိုတာများ ခေါင်းတွေပွင့်ထွက်သွားမလား ထင်ရလောက်အောင် စပ်တာမျိုးပါ။ ဒီလို အစားအစာမျိုးတွေနဲ့ နေ့စဉ် ယဉ်ပါးနေရသူတွေမှာ ဘယ်မှာများ အာဟာရပြည့်ဝနိုင်ပါ့မလဲဆိုတာ အဖြေထုတ်နေဖို့တောင် မလိုလောက်ပါဘူး။

ကျွန်မတို့တွေ ကမ္ဘာကို မပြောကြပါနဲ့ဦး။ အာဆီယံအဆင့်မှာကို လက်ရုံးရည်ချင်း ယှဉ်မယ်ဆိုရင် ကျွန်မတို့ မိန်းကလေး၊ ယောကျ်ားလေး ခန္ဓာကိုယ်တွေက သေးငယ်လို့ ညှက်လို့နေပါတယ်။ ရာစုနဲ့ချီပြီး အာဟာရနည်းပါးခဲ့တဲ့ အကျိုးဆက်လို့ပြောရပါမယ်။ အခုလည်း ကျွန်မတို့တွေ ဒီလို အာဟာရနည်းပါးတဲ့၊ ကျန်းမာရေးချို့တဲ့တဲ့ အစားအသောက်တွေကိုသာ လူငယ်အများစုဆက်ပြီး စားသောက်နေရဦးမယ်ဆိုရင်ဖြင့် နောက်ဘယ်နနှစ်လောက်အထိ ကျွန်မတို့လူမျိုးရဲ့ ခန္ဓာကိုယ်တွေ ကြုံလှီသေးငယ်နေဦးမလဲ။ နောက်မွေးလာတဲ့ ကလေးငယ်လေးတွေ သေးကွေးနေကြရဦးမလဲ။ တကယ်ဆို လမ်းဘေးစာလို့ဆိုတဲ့ အစားအသောက်တွေကိုလည်း ဈေးပင်နည်းပါစေဦး၊ သူ့အထိုက်အလျောက်တော့ ကျန်းမာရေးနဲ့ ညီညွတ်အောင် စိစစ်အရေးယူပေးဖို့ လိုအပ်ပါတယ်။ ဒါဟာ တိုင်းပြည်ရဲ့ အနာဂတ်လူငယ်လေးများရဲ့ ကျန်းမာရေးကို တစ်နည်းတစ်လမ်း စောင့်ရှောက်ပေးရာလည်း ဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ ရုံးတွေမှာ၊ စူပါမားကတ်တွေမှာ၊ ဝန်ထမ်းများတဲ့ လုပ်ငန်းတွေမှာ ဝန်ထမ်းတွေ အများပြည်သူတွေ အသင့်စားနိုင်မယ့် ဈေးနှုန်းချိုသာတဲ့ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့ စားသောက်ရုံကြီးတွေ စီမံပေးနိုင်ရင်ဖြင့် အကောင်းဆုံးဆိုတာတော့ အများလည်း မျှော်လင့်တဲ့အရာဖြစ်မှာပါ။

ခုတော့ လမ်းထိပ်တွေမှာ၊ လမ်းမထက်တွေမှာ အသင့်စားသရေစာဆိုင်လေးတွေက တစ်နေ့တခြား တိုးပွားလာနေဆဲ အဲဒီဆိုင်လေးတွေမှာ ထမင်းချိုင့်လေးတွေ ဖွင့်လို့ ဆိုင်က စားစရာတစ်ခုခုနဲ့ တွဲဖက်စားသောက်နေသူ လူငယ်လေးတွေနဲ့လည်း စည်ကားနေမြဲ။ တကယ်ဆို သူတို့လေးတွေ ထမင်းရယ်၊ ဟင်းရယ် အတွဲအစပ်နဲ့ နေ့လယ်စာစစ်စစ် မစားဘူးတော့တာ ဘယ်လောက်တောင်များ ကြာနေပါပြီလဲဆိုတာ ဘယ်သူသိနိုင်ပါ့မလဲလေ။ ။

ကျွန်မတို့တွေ ဒီလိုအာဟာရနည်းပါးတဲ့၊ ကျန်းမာရေးချို့တဲ့တဲ့ အစားအသောက်တွေကိုသာ လူငယ်အများစုဆက်ပြီး စားသောက်နေရဦးမယ်ဆိုရင်ဖြင့် နောက်ဘယ်နနှစ်လောက်အထိ ကျွန်မတို့လူမျိုးရဲ့ခန္ဓာကိုယ်တွေ ကြုံလှီသေးငယ်နေဦးမလဲ။ နောက်မွေးလာတဲ့ ကလေးငယ်လေးတွေ သေးကွေးနေကြရဦးမလဲ။ တကယ်ဆို လမ်းဘေးစာလို့ဆိုတဲ့ အစားအသောက်တွေကိုလည်း ဈေးပင်နည်းပါစေဦး၊ သူ့အထိုက်အလျောက်တော့ ကျန်းမာရေးနဲ့ညီညွတ်အောင် စိစစ်အရေး ယူပေးဖို့ လိုအပ်ပါတယ်။ ဒါဟာ တိုင်းပြည်ရဲ့ အနာဂတ်လူငယ်လေးများရဲ့ ကျန်းမာရေးကို တစ်နည်းတစ်လမ်း စောင့်ရှောက်ပေးရာလည်း ဖြစ်ပါတယ်။

# ဟ ထိုးကလေး တပ်ဆင်ပေးပါ

| | | | | |
|---|---|---|---|---|
| (စေ့) | င | အောင် | ငှ | ရပါတယ် |
| (တိုင်. . စသည်) | နဲ့ | အောင် | နှဲ့ | ရပါတယ် |
| (ထမင်းစသည်) | နပ် | အောင် | နှပ် | ရပါတယ် |
| (တစ်စုံတစ်ရာ) | နိမ့် | အောင် | နှိမ့် | ရပါတယ် |
| (မီးစွဲ) | ညိ | အောင် | ညှိ | ရပါတယ် |
| (တစ်စုံတစ်ရာ) | မြောက် | အောင် | မြှောက် | ရပါတယ် |
| (တစ်စုံတစ်ရာ) | မြုပ် | အောင် | မြှုပ် | ရပါတယ် |
| (တံခါးစသည်) | လပ် | အောင် | လှပ် | ရပါတယ် |

. . . ဟ ထိုးကလေးများရဲ့ စွမ်းအားနဲ့ သက်ရောက်မှုအချို့ ဖြစ်ပါတယ်။
ဒီနေ့ကာလအတွက် အရေးအကြီးဆုံးကတော့ "ငြိမ်း" အတွက် ဟထိုးကလေးပါ။
"ငြိမ်း"ဖြစ်စေဖို့ပါ။ မီးငြိမ်းအောင် ငြှိမ်းဖို့လိုပါတယ်။
အမုန်းမီးတွေ. . . .
စစ်မီးတွေ. . . . . ငြှိမ်းအောင် ငြှိမ်းကြပါစို့။
"ငြိမ်းချမ်းရေး"အတွက် ငြှိမ်းကြပါစို့။
"ငြိမ်း"မှာ ဟထိုးကလေးတပ်ကြပါစို့။ ။

မင်းမြင့်ဇင်

# ချီးဖြူ လွှတ်သူ

"ရန်သူ မရှိ၊ မိတ်ဆွေ ရှိ"တဲ့။
"မုန်းသူ မရှိ၊ ချစ်သူ ရှိ"တဲ့။
မိမိဝါဒ၊ ငြိမ်းဝါဒနဲ့
ဗဟုဝါဒ၊ လူ့ဝါဒနဲ့
သဟဇာတ၊ မျှတ ငြိမ်းချမ်း
တောင်တန်း တောစပ်၊ "မော" အရပ်မှာ
အလင်္ကာပန်း၊ ရေစင်ဖျန်းရင်း
သွေးလမ်း ငြင်းဆန်၊ အေးလမ်း ကြံရင်း
"န ဘယံ" ဘေးမရှိ၊ "အဝေရာ" ရန် မရှိ
သန္တိရသ၊ မူကို ချပြီး
လောကလူချင်း၊ စစ်ပွဲ မခင်း
စားပွဲကျင်းလျက်၊ သွေးမထွက်တမ်း
ငြိမ်းချမ်းကျေအေး၊ လူယဉ်ကျေးနည်း
ချီးကျူးဆော်သြ၊ ဟောပြောသသူ။
လူနဲ့လူချင်း၊ အချင်းချင်းကို
မညှဉ်း မသတ်၊
လူဇာတ် လူမြင့်၊ လူလို မြင့်အောင်
လူလို ကျင့်ဖို့၊ လူမြင့်ဝါဒ
ဖွင့်ဆိုပြသူ။
ဗုဒ္ဓ ဓမ္မ၊ "မှိုင်း"ဝါဒနဲ့
ပြည်သူ့ဆန္ဒ၊ အာသီသတို့
သဟဇာတ၊ ပေါင်းစည်းပြသူ။
ပြည်သူငြိမ်းချမ်း၊ ကမ္ဘာ့ဌာန်းကို
အထက်တန်းကျကျ၊ သက်တမ်းအမျှ
စီးဖြန်းသသူ။
စိမ်းမြတောင်မိုး၊ ယာ ခရိုးက
ငွေချီး တေးယဉ်၊ အလင်္ကာစမ်း
ရေကြည်ကမ်းမှာ၊ ပန်းမျိုးတစ်ရာ
ပွင့်ကြောင်းရှာသူ။
ချီးဖြူကိုလွှတ်၊ နှင်းရည်စွတ်လျက်
လွတ်လပ်မြန်မာ၊ မေတ္တာ ရွာဝယ်
သစ္စာ မှမ်းထုံ၊ မေတ္တာခြုံ၍၊ လုံအုံ့သော။
စာဆိုသီရေး၊ တေးမြတ် မနော
ဓဝံ ဝါဒီ အဟံ နမော။ ။

(စာရေးဆရာကြီး ဒဂုန်တာရာ၏ မွေးနေ့အမှတ်တရ)

မောင်စွမ်းရည်

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅)တွင် ဖော်ပြထားသော ပြည်သူ့လွှတ်တော်အစည်းအဝေးသတင်း၏ ဒုတိယကော်လံ၊ စာကြောင်းရေ (၆)တွင် ဥပဒေယန္တရား(အစား) အုပ်ချုပ်ရေးယန္တရားဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

စာပေ
မြင့်မှ
လူမျိုး
တင့်မည်

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လွတ်လပ်စွာ လွတ်လပ်ခွင့်

**သက်ဇော်နိုင်**

ဒိုင်ဂျေဆန်း မြန်မာပြန်သော လီကွမ်ယု၏ မဟာစိတ်ကူး အထွေထွေ (The Big Ideas of Lee Kuan Yew) ဆိုသည့်စာအုပ်ကို မကြာသေးမီက ဖတ်ရှုရသည်။ ထိုစာအုပ်တွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ လီကွမ်ယု၏ အတွေးအမြင်ရေးရာ အဖြာဖြာကို လီကွမ်ယုနှင့် ထိစပ်ပတ်သက်လုပ်ကိုင်ကြသူများက သုံးသပ်ပြထားသည်။ ထိုစာအုပ်၏ အပိုင်း(၂)၊ ဥပဒေနှင့် နိုင်ငံရေးဟူသည့် ခေါင်းစဉ်အောက်တွင် "လီကွမ်ယုနှင့် တရားဥပဒေစိုးမိုးရေး"ဆိုသည့် ခေါင်းစဉ်ဖြင့် စင်ကာပူနိုင်ငံ တရားရုံးချုပ်၏ တရားသူကြီး၊ တရားရေးမင်းကြီး၊ ရှေ့နေချုပ်၊ စင်ကာပူတရားရေးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ချန်စစ်ကောင် (Chan Sek Keong)က ရေးသားထားပြီး "ငြိမ်ဝပ်ခြင်းနှင့် ဥပဒေ၊ လီကွမ်ယုနှင့် တရားဥပဒေစိုးမိုးရေး"ဆိုသည့် ခေါင်းစဉ်ဖြင့် စင်ကာပူနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ဝါရင့်ဝန်ကြီးဟောင်း၊ စင်ကာပူအမျိုးသားတက္ကသိုလ်၏ ဥပဒေမဟာဌာနတွင် ဌာနကြီးမှူးတာဝန်ထမ်းဆောင်ခဲ့သူ အက်စ်ဂျယကူမာ (S Jayakumar) တို့က ရေးသားထားကြသည်။

လီကွမ်ယုသည် ဥပဒေပညာကို ကင်းဘရစ်တွင် ဆည်းပူးခဲ့သူဖြစ်ပြီး စင်ကာပူနိုင်ငံတွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ပြီးမှ ဝန်ကြီးချုပ်ဖြစ်လာခဲ့သူဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေး အရေးပါကြောင်း လီကွမ်ယု သဘောပေါက်ပြီးသားဖြစ်သည်။ တရားဥပဒေစိုးမိုးမှုမရှိသော နိုင်ငံတွင် အစိုးရ၏ လုပ်ကိုင်မှုများသည် တည်တည်တံ့တံ့ ရှိမည်မဟုတ်ဟုလည်း သူကဆိုသည်။ ဥပဒေနှင့်အညီ အုပ်ချုပ်သည့်အတွက် စင်ကာပူသည် အရှေ့တောင်အာရှ၏ ဗဟိုချက်ဖြစ်လာစေရန်အတွက် အားသာချက်ရှိနေသည်ဟုလည်းဆိုသည်။ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ သူယုံကြည်သည့်အတိုင်း တင်းတင်းကျပ်ကျပ် ခိုင်ခိုင်မာမာ လုပ်သည်။

လီကွမ်ယု၏ တရားဥပဒေစိုးမိုးရေးအောက်တွင် စင်ကာပူနိုင်ငံသည် အောင်မြင်မှုများရရှိနေသော်လည်း စင်ကာပူကို ဥပဒေနှင့်မညီဟု ဝေဖန်သုံးသပ်မှုများလည်း ရှိသည်။ ဝေဖန်ချက်များထဲတွင် နိုင်ငံတော်အုပ်ချုပ်မှုကဏ္ဍမှာ ပါဝင်လုပ်ကိုင်သူများနှင့် အာဏာရပါတီကို ဝေဖန်ပြောဆိုပါက အသရေဖျက်သည်ဟုဆိုကာ ဥပဒေကို အသုံးပြုပြီး အပြစ်ပေးသည်ဆိုသည့် အချက်လည်းပါဝင်သည်ကို တွေ့ရသည်။

ထိုအချက်နှင့်စပ်လျဉ်း၍ အက်စ်ဂျယကူမာ (S Jaykumar) ကလည်း လီကွမ်ယုအပေါ် ယုံမှတ်မှားသည့် အချက်တွင် အသရေဖျက်သည့် လုပ်ရပ်များကို တရားစွဲဆိုရန် လက်သွက်သည်မှာ တရားသူကြီးတို့သည် သူ့ဘက်သို့ မျက်နှာလိုက်ပြီး စီရင်ဆုံးဖြတ်ပေးမည်ဟု ယုံကြည်စိတ်ချထားသောကြောင့် ဖြစ်သည်ဟူသည့် အချက်လည်း ပါဝင်သည်ဟုဆိုသည်။

အက်စ်ဂျယကူမာ (S Jayakumar) က လီကွမ်ယုနှင့် အတူ လုပ်ကိုင်ခဲ့သည့် ၎င်း၏အတွေ့အကြုံအရ ပြောရလျှင် လီကွမ်ယုသည် မျက်နှာမလိုက်၊သီးခြားရပ်တည်ကာ သမာသမတ်ကျစွာ စီရင်ဆုံးဖြတ်ခြင်းကို အလွန်အလေးအနက်ထားသူ ဖြစ်သည်ဟုဆိုသည်။ လီကွမ်ယုသည် တရားမစွဲဆိုမီ ဥပဒေကြောင်းအရ ခိုင်မာစေရန် အသေပို၍ အရေးပါသည်မှာ သူ၏အမှုနိုင်ခဲ့လျှင် သူသည် အခြားအမှုနိုင်ကြသူများနည်းတူ ဥပဒေအရ သူ၏ အမှုနိုင်ခြင်းသာဖြစ်ပြီး အမှုသွားအမှုလာအရ နိုင်ခြင်းဖြစ်ကြောင်း သဘောပေါက်စေခြင်းဖြစ်သည်ဟု အက်စ်ဂျယကူမာ (SJayakumar) က သုံးသပ်ထားသည်။

အုပ်ချုပ်သူအစိုးရက တရားရုံးရှေ့မှောက်တွင် သာမန်ပြည်သူများနည်းတူ အနိုင်ရရှိရန် ဥပဒေနှင့်ညီညွတ်အောင် ဆောင်ရွက်ခြင်းသည် တရားဥပဒေစိုးမိုးခြင်းပင် ဖြစ်သည်။ အုပ်ချုပ်သူအစိုးရက အသာစီးယူ၍ တရားစီရင်ရေးတွင် အနိုင်ရရန်ကြိုးစားခြင်း၊ ဖိအားပေးခြင်း၊ လွှမ်းမိုးခြင်းသည် တရားဥပဒေစိုးမိုးရေးကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။

တကယ်တော့ လွတ်လပ်သော တရားစီရင်ရေးစနစ်တစ်ရပ်တွင် အုပ်ချုပ်သူအဖွဲ့အစည်းက တရားစွဲဆိုတိုင်း အနိုင်ရရန်အကြောင်းမရှိနိုင်။ ၎င်းတို့အနေဖြင့် ၎င်းတို့ စွဲဆိုသောအမှုသည် မှန်ကန်ကြောင်း၊ ခိုင်မာကြောင်း အကွယ်ရပြီးဖြစ်ပါလိမ့်မည်။ အကယ်၍ အစိုးရ၏ဆောင်ရွက်ချက်များသည် ဥပဒေနှင့်မညီ အများအယွင်းဖြစ်ပေါ်လျှင် ပြည်သူများက ၎င်းတို့၏ နစ်နာမှုကို ကုစားနိုင်ရန် တရားရုံးသို့ သွားရောက်ကြလိမ့်မည်။ တရားရုံးများက ၎င်းတို့၏ နစ်နာမှုကို ကုစားမပေးနိုင်လျှင် တရားဥပဒေစိုးမိုးရေးပျက်ယွင်းခြင်းပင်ဖြစ်သည်။ တရားရုံးရှေ့မှောက်တွင် အစိုးရနှင့် ပြည်သူ၊ အုပ်ချုပ်သူနှင့် ပြည်သူ၊ အမှုရင်ဆိုင်ကြသူများအဖြစ် ညီတူညီမျှပင် အခွင့်အရေးရှိပြီး ဥပဒေအရ ညီညွတ်မှန်ကန်သူကသာ အနိုင်ရခွင့်ရှိရပေလိမ့်မည်။ တရားစွဲဆိုသူမည်သူဖြစ်စေ၊ တရားစွဲဆိုခံရသူမည်သူဖြစ်စေ တရားရုံးရှေ့ ထွက်ပေါ်လာသည့်ရလဒ်မှာ အတူတူပင်ဖြစ်ရပေလိမ့်မည်။

ထိုသို့ ဆောင်ရွက်နိုင်ရန် တရားစီရင်ရေးမဏ္ဍိုင်၏ လွတ်လပ်စွာ စီရင်ဆုံးဖြတ်နိုင်ခွင့်က အရေးကြီးဆုံးဖြစ်သည်။ ထိုမူသဘောကို တရားစီရင်ရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲမှုများနှင့် မရောထွေးရန် လိုအပ်သည်။ တရားစီရင်ရေးမဏ္ဍိုင်အတွင်း အဂတိကင်းစင်ရေး၊ အရည်အသွေးမြင့်မားအောင် အရည်အချင်းမြှင့်တင်ရေး စသည့် ပြုပြင်ပြောင်းလဲမှုများ လိုအပ်သလို တစ်ဖက်တွင်လည်း လွတ်လပ်စွာစီရင်ဆုံးဖြတ်နိုင်ခွင့်အတွက် အာမခံချက်ရှိရန်လည်းသေချာစေရမည်။ ထိုသို့ အာမခံချက်မပေးနိုင်လျှင် တရားသော၊ မျှတသော စီရင်ဆုံးဖြတ်ချက်များ ထွက်ပေါ်ရန် အပြည့်အဝ မျှော်လင့်နိုင်မည်မဟုတ်ဘဲ ဘက်လိုက်သော စီရင်ဆုံးဖြတ်ချက်များပေါ်ထွက်နေဦးမည်ဖြစ်သည်။ အာမခံချက်ဆိုရာတွင် တရားစီရင်ရေး၏ သဘောသဘာဝအရ တရားသူကြီးများအတွက် ကင်းလွတ်ခွင့်များ၊ သီးခြားအခွင့်အရေးများရှိနိုင်သည်။

**သေချာသည်မှာ တရားရုံးများအနေဖြင့် ရှည်ဆန့်စွာ တွေးဆခွင့်၊ ကျယ်ပြောစွာ မြော်မြင်ခွင့်၊ နက်ရှိုင်းစွာ ဆင်ခြင်ခွင့်၊ မျှတစွာ စဉ်းစားခွင့်၊ ယုံကြည်စွာ ဆုံးဖြတ်ခွင့်၊ သန့်ရှင်းစွာ ရပ်တည်ခွင့်တို့ရမည်ဆိုလျှင် ပြည်သူတို့၏ အရာရာယုံကြည်မှုများ တိုးပွားလာပါလိမ့်မည်။ လွတ်လပ်သော တရားစီရင်ရေး၏ အရသာကို အုပ်ချုပ်သူ၊ ပြည်သူ၊ အာဏာရှိ၊ အာဏာမဲ့အတန်းအစားမရွေး တန်းတူခံစားလာရမည်ဆိုလျှင် ဥပဒေကန့်သတ်ချက်များ အလိုလိုကျဉ်းကျုံ့သွားပါလိမ့်မည်။ ဥပဒေစည်းနှောင်အားလည်း ပိုမိုတင်းကျပ်လာပါလိမ့်မည်။**

**တစ်နည်းဆိုသော် ဤသည်ပင်လျှင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး(၃)ရပ်တို့အကြားတွင် အပြန်အလှန် Check and Balance လုပ်ခြင်းဖြစ်သည်ဟုလည်း ကောက်ယူနိုင်သည့်သဘောဖြစ်သည်။ ဤသည်ပင်လျှင် တရားဥပဒေစိုးမိုးရေးဖြစ်သည်ဟုလည်း ကောက်ယူနိုင်သည့်သဘောဖြစ်။**

တိုင်ပင်ဆွေးနွေးပြီးမှ စွဲဆိုခြင်းသာဖြစ်ကြောင်း၊ လီကွမ်ယုသည် တရားမစွဲဆိုမီ ဥပဒေအမြင်အရ အမှုကို ရာနှုန်းပြည့်နိုင်ရန် သေချာမှုဖြစ်မည်ဟု ပြောဆိုခဲ့ပြီး အကယ်၍ အမှုသည် အနိုင်ရရန် အားသာချက်မရှိလျှင် တရားစွဲဆိုမည် မဟုတ်ကြောင်း ၁၉၈၇ ခုနှစ်က Far Eastern Economic Review ကို အသရေဖျက်မှုဖြင့် တရားစွဲဆိုသည့် ဖြစ်ရပ်နှင့် ဆက်စပ်၍ ရှင်းပြထားသည်။

ထိုဖြစ်ရပ်က လီကွမ်ယုသည် ဥပဒေဆိုင်ရာ အကြံပြုချက်များကို လိုက်နာသူဖြစ်ကြောင်း ပြသသည့်အပြင် တရားရုံးရှေ့တွင် ထင်ထင်ရှားရှား သက်သေပြရန်လိုပါလိမ့်မည်။ ထို့အတူ လွတ်လပ်သော တရားစီရင်ရေးစနစ်အောက်တွင် တရားရုံးများသည် အစိုးရကို အကာအကွယ်ပေးရန်လည်းမဟုတ်။ ဥပဒေနှင့် အညီအညွတ်ကိုသာ မျက်နှာမူရန်ဖြစ်သည်။ တရားမျှတမှုနှင့် အမှန်တရားကိုသာ အကာအကွယ်ပေးရန်ဖြစ်သည်။ အုပ်ချုပ်သူအစိုးရက ၎င်း၏ လုပ်ငန်းဆောင်တာများကို ဥပဒေနှင့်ညီညွတ်စွာ လုပ်ဆောင်ရမည်။ ဥပဒေနှင့် ညီညွတ်သော အစိုးရတစ်ရပ်အနေဖြင့် တရားစီရင်ရေးတွင် အလိုအလျောက် အကာ




သေချာသည်မှာ တရားရုံးများအနေဖြင့် ရှည်ဆန့်စွာ တွေးဆခွင့်၊ ကျယ်ပြောစွာ မြော်မြင်ခွင့်၊ နက်ရှိုင်းစွာ ဆင်ခြင်ခွင့်၊ မျှတစွာစဉ်းစားခွင့်၊ ယုံကြည်စွာ ဆုံးဖြတ်ခွင့်၊ သန့်ရှင်းစွာ ရပ်တည်ခွင့်တို့ ရမည်ဆိုလျှင် ပြည်သူတို့၏ အရာရာ ယုံကြည်မှုများ တိုးပွားလာပါလိမ့်မည်။ လွတ်လပ်သော တရားစီရင်ရေး၏ အရသာကို အုပ်ချုပ်သူ၊ ပြည်သူ၊ အာဏာရှိ၊ အာဏာမဲ့အတန်းအစားမရွေး တန်းတူခံစားလာရမည်ဆိုလျှင် ဥပဒေကန့်သတ်ချက်များ အလိုလိုကျဉ်းကျုံ့သွားပါလိမ့်မည်။ ဥပဒေစည်းနှောင်အားလည်းပိုမိုတင်းကျပ်လာပါလိမ့်မည်။

တစ်နည်းဆိုသော် ဤသည်ပင်လျှင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး (၃)ရပ်တို့အကြားတွင် အပြန်အလှန် Check and Balance လုပ်ခြင်းဖြစ်သည်ဟုလည်း ကောက်ယူနိုင်သည့် သဘောဖြစ်သည်။ ဤသည်ပင်လျှင် တရားဥပဒေစိုးမိုးရေး ဖြစ်သည်ဟုလည်း ကောက်ယူနိုင်သည့်သဘောဖြစ်သည်။ ဤသည်ပင်လျှင် ဥပဒေ၏အထက်တွင် မည်သူမျှမရှိဟုလည်း ကောက်ယူနိုင်သည့် သဘောဖြစ်သည်။ ။

# နော်ဝေတွင် ပြုလုပ်မည့် ဒေါ်အောင်ဆန်းစုကြည်ပန်းခြံအတည်ပြုသတ်မှတ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသောအားဖြင့် နော်ဝေနိုင်ငံ ဖရိုလန်း(န်)မြို့တွင် ထူထောင်မည့် ဒေါ်အောင်ဆန်းစုကြည်ပန်းခြံကို အတည်ပြုပြဋ္ဌာန်းပြီးစီးသွားပြီဖြစ်၍ ဖရိုလန်း(န်)မြို့တော်ဝန် အိုဗေးဂွန်ဒါဆန် (Ove Gundersen)ကိုယ်တိုင် ပန်းခြံဖြစ်မြောက်ရေးကော်မတီသို့ လာမည့် မေ ၁၄ ရက်တွင် တရားဝင်လွှဲပြောင်းအပ်နှံတော့မည်ဟု သိရသည်။

နော်ဝေနိုင်ငံတောင်ပိုင်း ဖရိုလန်း(န်)မြို့လယ်၌ တည်ရှိပြီး ဖရိုလန်း(န်)မြို့နယ် အုပ်ချုပ်ရေးအဖွဲ့က ထိန်းသိမ်းထားသည့် ယခင် ဖရိုလန်းဗာတ်ခ်(Froland Verk) ပန်းခြံကို ဒေါ်အောင်ဆန်းစုကြည်ပန်းခြံအဖြစ် ပြောင်းလဲသတ်မှတ်ရန် လွန်ခဲ့သည့် သီတင်းနှစ်ပတ်ကျော်ခန့်က မြို့တော်ဝန်နှင့်တကွ ဖရိုလန်း(န်)မြို့နယ် အုပ်ချုပ်ရေးတာဝန်ခံများ၊ ပန်းခြံဆိုင်ရာ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်တို့က ရွေးချယ်ခဲ့သည်။




ပန်းခြံ၌ထားရန် စီစဉ်ထားသည့် ဒေါ်အောင်ဆန်းစုကြည်ပုံတူ ကြေးရုပ်တုနှင့်ဆင်တူသည့် နော်ဝေနိုင်ငံ အော်စလိုမြို့ နိုဘယ်ငြိမ်းချမ်းရေးစင်တာတွင် ထားရှိသော အောင်ဆန်းစုကြည်ပုံတူကြေးရုပ်။
(Arnfinn Landsverk ၏ Facebook မှ)

ထို့နောက် အဆိုပါပန်းခြံကို ဒေါ်အောင်ဆန်းစုကြည်ပန်းခြံဟု ပြောင်းလဲသတ်မှတ်မည့်အကြောင်း မြို့နယ်အတွင်း တရားဝင်သတင်းစာများ၌ သတင်းထုတ်ပြန်ပြီးနောက် တရားဝင်ကန့်ကွက်မည့်သူမရှိသောကြောင့် ယခုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်ပန်းခြံဟု တရားဝင်သတ်မှတ်လိုက်ကြောင်းသိရသည်။

"ကျွန်တော်တို့ ဖရိုလန်း(န်)မြို့နယ်က ပန်းခြံပေါင်းသုံး၊ လေးခုကို သေချာလေ့လာပြီးမှ နှစ်ပေါင်းထောင်ချီသက်တမ်းရှိနိုင်တဲ့ပန်းခြံကို ရွေးချယ်နိုင်ခဲ့ပါတယ်။ နှစ်ပေါင်း ၃၀၀ ကျော် သက်တမ်းရှိပြီး စတုရန်းမီတာ ၂၀၀၀ ကျော်ရှိတဲ့ အဲဒီပန်းခြံဟာ သဘာဝအတိုင်းတည်ရှိတဲ့ သစ်ပင်တွေ၊ လှေနဲ့ မော်တော်ဘုတ်သွားလာနိုင်တဲ့ အင်းနဲ့ ချောင်းလည်းရှိပြီး သူ့ပင်ကိုအတိုင်း အတော်လေးလှပသလို နေရာကောင်းလေးလည်းဖြစ်ပါတယ်။ ဒီပန်းခြံမှာ ဒိန်းမတ်က မြန်မာတွေ လှူဒါန်းမယ့် ဒေါ်အောင်ဆန်းစုကြည် အမှတ်တရကျောက်ပြားနဲ့ မြန်မာတွေအားလုံးစုပေါင်းပြုလုပ်မယ့် ကြေးရုပ်တုကိုလည်း ထားကြမှာဖြစ်တယ်"ဟု ပန်းခြံဖြစ်မြောက်ရေး ကမကထပြုဆောင်ရွက်နေသူ International Caffe- Froland အဖွဲ့မှ တာဝန်ခံ ထော်ဂယ်ရားအိုဗယ်လန်း(Torgeir Oveland) က ပြောသည်။

ဇွန် ၁၉ ရက်၌ ကျရောက်မည့် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အမှတ်တရ ပန်းခြံဖွင့်ပွဲ၌ နော်ဝေနိုင်ငံတွင်နေထိုင်သည့် မြန်မာအနုပညာရှင် ဦးငယ်ဇော်ကထုလုပ်သည့် ဒေါ်အောင်ဆန်းစုကြည်ပုံတူ ဖယောင်းရုပ်တုကို ထားရှိမည်ဖြစ်သလို နောက်ပိုင်းတွင် အော်စလိုမြို့ နိုဘယ်ငြိမ်းချမ်းရေးစင်တာတွင်ထားရှိသော နော်ဝေ ခရိုနာ ၄၀၀၀၀ ကုန်ကျမည့် အောင်ဆန်းစုကြည်ပုံတူကြေးရုပ်နှင့်ဆင်တူသည့် ကြေးရုပ်ကိုလည်း မှာယူထားပြီးဖြစ်ကာ ထိုကြေးရုပ်တုအား နော်ဝေပီသုကာပညာရှင် Magnar Kjeldsmo မှ ထုလုပ်သွားမည်ဟု သိရသည်။

လာမည့် မေ ၁၄ ရက်(စနေနေ့)တွင် နော်ဝေအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံများမှ မြန်မာများတွေ့ဆုံပြီး ပန်းခြံဖြစ်မြောက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လုပ်ငန်းစဉ်များ အကောင်အတည်ဖော်ရေးဆိုင်ရာ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန်ဆွေးနွေးကြမည်ဟုလည်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်ပန်းခြံ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာပြည်ဒီမိုကရေစီအရေးကို တစိုက်မတ်မတ်ကူညီအားပေးခဲ့သူ ဒေါ်အောင်ဆန်းစုကြည်၏ မိတ်ဆွေ၊ ယခင် နော်ဝေဝန်ကြီးချုပ်ဟောင်းလည်းဖြစ်၊ လက်ရှိ နိုဘယ်ငြိမ်းချမ်းရေးဆုရွေးချယ်ရေးဥက္ကဋ္ဌ မစ္စတာ ရှဲလ်မတ်နဲဘွန်ဒယ်ဗစ် (Kjell Magne Bondevik) နှင့် နော်ဝေနိုင်ငံ အစိုးရအဖွဲ့ လွှတ်တော်ကိုယ်စားလှယ် ရှဲလ်အင်ဂူးလ်ဖ် ရော့ပ်စတက်ဖ် ( Kjell Ingolf Ropstad) အပါအဝင် ဖရိုလန်း(န်)မြို့တော်ဝန်နှင့် သံတမန်အချို့၊ ဒေသတွင်းအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ နော်ဝေနှင့် အိမ်နီးချင်းနိုင်ငံအသီးသီးမှ မြန်မာပြည်ဖွားများလည်းပါဝင်ကြမည်ဟု သိရသည်။ **ကိုညို(အော်စလို)**



ဒေါ်အောင်ဆန်းစုကြည်ပန်းခြံမှ မြင်ကွင်းများ။ (ဓာတ်ပုံ-ဆလိုင်းမောင်းလိန်း)



ဒေါ်အောင်ဆန်းစုကြည်ပန်းခြံမှ မြင်ကွင်းများ။ (ဓာတ်ပုံ-ဆလိုင်းမောင်းလိန်း)

# ရှမ်းမြောက်ဒေသရှိ စစ်ဘေးရှောင်များအတွက် ရန်ပုံငွေရှာဖွေပွဲပြုလုပ်မည်

**ရန်ကုန် မေ ၁၀**

ရှမ်းမြောက်ဒေသရှိ စစ်ဘေးရှောင်များအတွက် Stop the War အမည်ရှိ "ရန်ပုံငွေရှာဖွေပွဲကို စစ်ဘေးပြည်သူ စာနာထောက်ကူ၊ တိုက်ပွဲရပ်တန့် ဝိုင်းဝန်းထောက်ပံ့" ခေါင်းစဉ်ဖြင့် မေ ၁၂ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ MCC ခန်းမ၌ ပြုလုပ်သွားမည်ဟု သိရသည်။

"တိုက်ပွဲဖြစ်နေတယ်။ လက်မှတ်မထိုးသေးတဲ့အခါကျတော့ တောက်လျှောက်တိုက်ပွဲတွေက ဖြစ်နေတယ်။ ပြီးခဲ့တဲ့ လတ်တလောကတော့ ငြိမ်တယ်။ ဒါပေမယ့် တိုက်ပွဲတွေကြောင့် ဒေသခံပြည်သူတွေ နေရာအနှံ့အပြားကို ထွက်ပြေးတိမ်းရှောင်နေရတယ်။ ဒါကြောင့် ကျွန်တော့်ဦးတည်ချက်က တိုက်ပွဲတွေကို ရပ်တန့်ပေးဖို့ စစ်ဘေးရှောင်ပြည်သူတွေကို ကူညီလှူဒါန်းနိုင်ဖို့အတွက် ဖြစ်ပါတယ်"ဟု ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပွဲတာဝန်ခံ ဦးမိုင်းနိုင်နိုင်ဦးက ပြောသည်။

အဆိုပါဖျော်ဖြေပွဲကို နိုင်ငံကျော် အဆိုရှင်များနှင့်အတူ တအာင်းတိုင်းရင်းသား အဆိုရှင်များ၊ တအာင်းရိုးရာ အကပဒေသာများနှင့် အခြားတိုင်းရင်းသားအကပဒေသာများဖြင့်လည်း ပါဝင်သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်သည်။ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ပြီး လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပွဲကျင်းပသည့်နေ့တွင် MCC ခန်းမ၌ ဝယ်ယူကြည့်ရှုနိုင်သည်ဟု သိရသည်။ ထို့ပြင် ရခိုင်ဒေသရှိ စစ်ဘေးရှောင်ပြည်သူများအတွက်လည်း ယခုကျင်းပသည့် ရန်ပုံငွေရှာဖွေပွဲတွင် ပါဝင်ကူညီလှူဒါန်းနိုင်သည်ဟု သိရသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား၊ တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်းကြား ၂၀၁၂ ခုနှစ် နောက်ပိုင်းမှ စတင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ အိုးအိမ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး စစ်ရှောင်စခန်းများတွင် စားဝတ်နေရေးအတွက် ဒုက္ခများစွာ ကြုံတွေ့ခံစားနေရကြောင်း သိရသည်။



ရှမ်းမြောက်ဒေသရှိ စစ်ဘေးရှောင်မိသားစုကိုတွေ့ရစဉ်။

တိုက်ပွဲများကြောင့် ရှမ်းမြောက်ဒေသများတွင် ခိုလှုံသူစာရင်းမှာ နမ့်ခမ်းမြို့နယ်တွင် တအာင်း၊ ကချင်၊ ရှမ်းတိုင်းရင်းသားဦးရေ ၂၀၀၀ ကျော်ရှိနေပြီး စားနပ်ရိက္ခာ၊ နေရာထိုင်ခင်း၊ သောက်သုံးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိသည်။

ကွတ်ခိုင်မြို့နယ်တွင် စစ်ဘေးရှောင်ဦးရေ ၁၈၀၀ ကျော်မှာ တအာင်းလူမျိုး အများစုဖြစ်ပြီး စားနပ်ရိက္ခာ၊ နေရာထိုင်ခင်းနှင့် စိုက်ပျိုးလုပ်ကိုင်ရန် မြေနေရာများ လိုအပ်လျက်ရှိသည်။ နမ္မတူမြို့နယ်တွင် တအာင်း၊ လီဆူးတိုင်းရင်းသား ၉၀ ကျော်ရှိပြီး စားဝတ်နေရေးနှင့် ရေရှည်လုပ်ကိုင်ဆောင်ရွက်ရန် မြေနေရာများ လိုအပ်လျက်ရှိသည်။

မိုင်းရှူးမြို့နယ် ဟိုက်ပါရွာတွင် တအာင်း၊ လီဆူး၊ ရှမ်းတိုင်းရင်းသား ၆၀ ကျော်ရှိပြီး လုပ်ကိုင်စားသောက်ရန်မြေနေရာများ လိုအပ်လျက်ရှိသည်။ ကျောက်မဲမြို့နယ်တွင် ရှမ်း၊ တအာင်းတိုင်းရင်းသား ၄၀၀၀ ကျော်သည် ပြန်လည်ထူထောင်ရေးနှင့် စားဝတ်နေရေးအတွက် လိုအပ်လျက်ရှိသည်။ လောက်ကိုင်မြို့နယ်တွင် တအာင်းလူမျိုး ၃၀၀ ကျော်ရှိနေပြီး နေရာထိုင်ခင်းနှင့် စားဝတ်နေရေး လိုအပ်လျက်ရှိသည်။ မန်တုံမြို့နယ်တွင် တအာင်း၊ လီဆူး၊ ကချင် တိုင်းရင်းသား ၅၀၀ ကျော်ရှိနေပြီး စားနပ်ရိက္ခာနှင့် သွပ်မိုးများ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ရရှိလာတဲ့ ရန်ပုံငွေအားလုံးကို ဒီရှမ်းမြောက်ဒေသမှာရှိတဲ့ စစ်ဘေးရှောင်ပြည်သူတွေ အားလုံးဆီကို ရောက်နိုင်အောင် ကူညီပေးမယ်။ နောက်တစ်ချက်ကကျတော့ ဒီရခိုင်ဒေသမှာရှိနေတဲ့ စစ်ဘေးရှောင်ပြည်သူတွေအတွက်လည်း သီးသန့်လှူဒါန်းလာမယ်ဆိုရင် ရရှိလာတဲ့ရန်ပုံငွေကိုလည်း သက်ဆိုင်ရာကော်မတီကို တိုက်ရိုက်ပေးအပ်သွားမှာပါ" ဟု တာဝန်ခံက ဆက်လက်ပြောသည်။

လှူဒါန်းလိုသည့် အလှူရှင်များ အနေဖြင့် ဖုန်း ၀၉-၇၇၆၅၉၃၈၉၉၊ ၀၉-၄၄၂၄၁၃၈၉၉ တို့သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မားနဂါး**

■ **ရဲတပ်ဖွဲ့မှ**

ဒီဟာကို ထိထိရောက်ရောက်ကိုင်တွယ်ဖို့ဆိုရင် နယ်မြေတွေကို နင်းရမယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ဆက်လက်၍ ၎င်းက "လောင်းကစားဖြစ်နေတဲ့ ပြဿနာရပ်တွေ၊ ကျူးကျော်ကိုလုပ်စားနေတဲ့အခြေအနေတွေ၊ နယ်မြေတွေအတွင်းမှာ ထောင်ကထွက်လာပြီး မြို့ရွာကို ကိုယ်ကြိုက်သလိုဝင်ပြီး စီမံနေတဲ့အခြေအနေဟာ အရေးကြီးတဲ့စိုးရိမ်စရာ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်ဒီအခြေအနေကို ပြန်တည့်မတ်နိုင်အောင်ကြိုးစားရမယ်။ ကျူးကျော်ဆိုလို့ရှိရင် ကျူးကျော်ကို အတင်းဝင်ဆောက်နေတဲ့ဂိုဏ်းတွေပေါ်နေပါတယ်။ ဒါကို အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ကြားထဲမှာ ပူးပေါင်းလုပ်ဆောင်နိုင်ဖို့နဲ့ ပြည်သူလူထု ပူးပေါင်းပါဝင်လာဖို့ ကျွန်တော်တို့ ကြိုးစားမယ်"ဟု ပြောသည်။

မတ် ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးအဖွဲ့ရုံးတွင် ပြုလုပ်သည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်၍ ပြုလုပ်သည့်ရှင်းလင်းပွဲတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း ရဲတပ်ဖွဲ့ဝင်နှင့် အုပ်ချုပ်ရေးမှူးအား ဓားဖြင့်ထိုးသတ်ခြင်း၊ ရန်ကုန်မြို့၏ ဈေးဝယ်စင်တာများဖြစ်သည့် တော်ဝင်စင်တာနှင့် ဒဂုံစင်တာတို့တွင် လုံခြုံရေးအစောင့်များရှိသော်လည်း ဓားထိုးမှုများဖြစ်ပွားခဲ့သည်။

"ကျွန်တော်တို့မှာ ငွေကြေးအခက်အခဲဖြစ်နေတယ်။ နောက်ကနေ ယန္တရားတပ်ဆင်ရမယ်။ ကျွန်တော်တို့ လမ်းတံတား မခင်းနိုင်ခဲ့ရင်နေပါစေ၊ တရားဥပဒေစိုးမိုးရေး မလုပ်နိုင်မှုဟာ အန္တရာယ်ကြီးပါတယ်။ လမ်းတံတားခင်းရမယ့်ပိုက်ဆံကို ပြောင်းသုံးမယ်။ ဘာ့ကြောင့်လဲဆိုရင် ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ တည်ငြိမ်အေးချမ်းရေးကိစ္စအတွက် အရေးအကြီးဆုံးဖြစ်ပါတယ်။ ရဲတပ်ဖွဲ့အတွက် လိုအပ်တဲ့ အင်အားနဲ့စက်ပစ္စည်းကိရိယာတွေကို ဖြည့်တင်းပေးမယ်။ ပြီးတော့ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးနဲ့ မူခင်းကျဆင်းရေးအတွက် ဘယ်နေရာတွေကို ပထမဦးစားပေးအနေနဲ့ ဆောင်ရွက်မလဲဆိုတာ သေချာကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းနိုင်ဖို့ လုံခြုံရေးအစည်းအဝေးကို နောက်တစ်ကြိမ်ပြုလုပ်မှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ထပ်မံပြောဆိုသည်။

ယင်းကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမိုက်ဆန်ဆန်ပြုမူခြင်းများကိုလက်ခံမည်မဟုတ်ကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းစေရေးဆောင်ရွက်ရာတွင် လူအင်အားနှင့် ဘဏ္ဍာငွေလိုအပ်ချက်များကို ဖြည့်တင်းမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တရားဥပဒေစိုးမိုးကာ အုပ်ချုပ်ရေးယန္တရားခိုင်မာမှုသာ ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ တရားရေးမဏ္ဍိုင်အနေဖြင့်လည်း တရားဥပဒေစိုးမိုးရန် လုပ်ဆောင်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုက်တွန်းပြောဆိုသည်။

ယင်းကဲ့သို့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက် ဆောင်ရွက်ရာတွင် ပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဆုပေး၊ ဒဏ်ပေးစနစ်ကို ကျင့်သုံးသွားဖို့လိုတယ်။ လူတစ်ယောက်ကြောင့် တစ်ဖွဲ့လုံးနစ်နာမှာကို လက်မခံနိုင်ပါဘူး။ လက်တွဲဖြုတ်သင့်ရင် လက်တွဲဖြုတ်မယ်"ဟု ၎င်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရဲတပ်ဖွဲ့အင်အား ၅၇၈၀ ရှိသည့်အနက် လုံခြုံရေးဆောင်ရွက်ခြင်းကို ယခင်က ၅၀ ရာခိုင်နှုန်းအသုံးပြုရာမှ ရက် ၁၀၀ စီမံချက်တွင် ၇၀ ရာခိုင်နှုန်းအထိ အသုံးပြုမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ပြောသည်။

အဆိုပါ ရဲတပ်ဖွဲ့ဝင် အင်အားအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ရင်းများမှ ရဲအင်အား ၂၀၀ ခန့်ကို ဖြည့်တင်း၍ ရက် ၁၀၀ စီမံချက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းစေရေးဆောင်ရွက်မှုအနေဖြင့် မူခင်းကျဆင်းရေးဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဒဂုံအထူးစီမံချက် ချမှတ်ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုကို ရှေးရှုသည့် ရဲလုပ်ငန်းစနစ်သို့ အနှစ်သာရတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ခြင်းနှင့် အသွင်သဏ္ဌာန်ပြောင်းလဲခြင်းများကို လုပ်ဆောင်မည်ဖြစ်ကြောင်း ရဲမှူးချုပ်ဝင်းနိုင်က ပြောသည်။

နိုင်ငံတကာတွင် ရဲတစ်ဦးလျှင် လူဦးရေ ၄၀၀ အချိုးဖြင့် လုံခြုံရေးဆောင်ရွက်နေသော်လည်း မြန်မာနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်အင်အား နည်းပါးသောကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦးလျှင် ပြည်သူ ၁၂၇၄ ဦး အချိုးနှုန်းဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက် ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မူးယစ်ဆေးဝါး၊ လောင်းကစား၊ လူမိုက်ဂိုဏ်းများကို နှိမ်နင်း၍ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် ယာဉ်ကြောကျပ်တည်းမှုကို ဆောင်ရွက်ရင်း ရာဇဝတ်မှုများကို ရှင်းလင်းမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

ထို့အပြင် အဆိုပါတိုင်းဒေသကြီးအတွင်း၌ ရက် ၁၀၀ စီမံချက်ကို မေ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး မေ ၉ ရက် အထိ မူခင်းကြိုတင်ကာကွယ်ဖမ်းဆီးမှုအနေဖြင့် လက်နက်မှု ၂၄ မှု၊ လောင်းကစား ၅၁ မှု၊ မူးယစ်ဆေးဝါး ၆၃ မှု၊ ယစ်မျိုး ၁၀၆ မှု အပါအဝင် စုစုပေါင်း ၄၉၅ မှု ဖမ်းဆီးရမိခဲ့သည့်အပြင် တရားခံပြေး ၃၃ ဦး၊ စစ်ပြေး ၃၁ ဦး၊ ရဲပြေး နှစ်ဦး၊ ရဲဘက်ပြေး လေးဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးသည် ဧရိယာ( ၃၉၆၇ ဒသမ ၈၆ ) စတုန်းရန်းမိုင် ကျယ်ဝန်းကာ မြို့နယ် ၄၅ မြို့နယ်တွင် ရပ်ကွက်ပေါင်း ၆၉၀ နှင့် ကျေးရွာအုပ်စု ၆၁၂ စုတွင် ကျေးရွာပေါင်း ၂၁၂၆ ရွာရှိပြီး လူဦးရေ ၇၃၆၀၆၃၀ ရှိကြောင်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

○ **မြန်မာအမျိုးသမီးအသင်းမှ**

Seisa Gakuen အထက်တန်းကျောင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၆ ရက်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး မေ ၇ ရက်မှ စတင်ကာ လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၂၅ ရက်အထိ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲမတိုင်မီ ပထမဆုံးကစားသည့် နိုင်ငံတကာခြေစမ်းခရီးစဉ်လည်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် နယ်သာလန်အမျိုးသမီးလက်ရွေးစင်အသင်းနည်းပြဟောင်း ရော်ဂျာရိုင်နာကို ခန့်အပ်ထားကာ အချိန်ယူ ပြင်ဆင်လျက်ရှိသည်။ ရော်ဂျာရိုင်နာသည် အသင်းကို စတင်ကိုင်တွယ်သည့် အချိန်များတွင် နှစ်လကျော်နီးပါး လေ့ကျင့်မှုကို ဦးစားပေးလုပ်ခဲ့ပြီး ပြည်တွင်းအသင်းအချို့နှင့်သာ ခြေစမ်းပွဲများ ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုလမှစတင်ကာ နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်ပြီး ဇွန်လဆန်းပိုင်းတွင် တောင်ကိုရီးယားလက်ရွေးစင် အမျိုးသမီးအသင်း၊ ဇူလိုင် ၉ ရက်တွင် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။



## အမရပူရမြို့ မှန်တန်းရပ်ကွက် ပုတ်တန်းရပ်တွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့ မှန်တန်းရပ်ကွက် ပုတ်တန်းရပ်နယ်မြေ(၅-ခ)ရှိ ဦးအောင်နိုင်၏ ဆားသိုလှောင်ထားသော လူမနေသည့်သံဖရိန်တိုင် တစ်ထပ်နေအိမ် နောက်ဖေးမီးဘုတ်ခုံမှ မေ ၁၀ ရက် နံနက် ၀၀း၀၅ နာရီတွင် ဝါယာရှော့ခ်ဖြစ်၍ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဂိုဒေါင်အနီး မီးစတင်လောင်ကျွမ်းပြီး ဂိုဒေါင်အနီးရှိ ကော်လုပ်ငန်းလုပ်ကိုင်သည့် ကိုလှိုင်မိုး၏ မြေစိုက်ထရံကာ သွပ်မိုးနှစ်ထပ်အိမ်တစ်လုံး၊ ဆိုင်ကယ်ဝပ်ရှော့ခ်လုပ်ကိုင်သည့် ဦးအောင်သိုက်၏ နှစ်ထပ်ပျဉ်ထောင်သွပ်မိုး အုတ်ဝင်းနေအိမ်တစ်လုံး၊ ကိုအောင်မြင့်မြတ်၏ ထရံကာအုတ်ခင်းသွပ်မိုးနှစ်ထပ်အိမ် တစ်လုံး၊ ဒေါ်တိုးငွေ၏ နံကပ်တစ်ထပ်တိုက် တစ်ခြမ်းတို့ ဆက်လက်ကူးဆက်လောင်ကျွမ်းသွားရာ မီးလောင်ရာသို့ အမရပူရမြို့နယ် မြို့မစခန်းမှူး ဒုတိယရဲမှူးမြင့်လွင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဝင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မီးသတ်ကားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ငြိမ်းသတ်ခဲ့ကြရာ ၀၀း၂၅ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ချိန်၌ ဆားဂိုဒေါင်ပိုင်ရှင် ဦးအောင်နိုင်မှာ နေအိမ်တွင်မရှိဘဲ မန္တလေးမြို့၌သာ နေထိုင်ကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူအား သက်ဆိုင်ရာက အမရပူရမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❒ **မြန်မာနိုင်ငံမှ**

ရန်ကုန်မြို့အမေရိကန်စင်တာတွင် ယနေ့နံနက် ၁၁ နာရီက ပြုလုပ်သည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်၏ မြန်မာပြည်သူများနှင့် ပထမဆုံးအကြိမ် တွေ့ဆုံပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အမြဲထောက်ခံခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အလွန်အလေးထားပါတယ်။ အမေရိကန်အနေနဲ့ ပြည်ပအစိုးရဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုအပေါ် ဝင်ရောက်စွက်ဖက်တာမျိုး၊ ဩဇာလွှမ်းမိုးဖိအားပေးတာမျိုးလုပ်ဖို့မရှိပါဘူး။ မြန်မာ့ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံက ပြည်သူတွေကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာပါ။ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နည်းပညာပိုင်းဆိုင်ရာနဲ့ အခြားအကူအညီတွေအတွက် လိုအပ်တယ်ဆိုရင်တော့ အမေရိကန်နိုင်ငံအနေနဲ့ ဝမ်းမြောက်ဝမ်းသာစွာ ကူညီထောက်ပံ့သွားမှာပါ"ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်က ပြောသည်။

မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပတ်သက်သည့် အမေရိကန်နိုင်ငံ၏ သဘောထားအမြင်များ၊ ခြေလှမ်းမှန်မှန်လျှောက်လှမ်းနေသော မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများအကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် အစိုးရသစ်၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့်အကြောင်းတို့ကို အရပ်ဘက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရေးနယ်ပယ်မှပုဂ္ဂိုလ်များ၊ အစိုးရအရာရှိများနှင့် သတင်းမီဒီယာများအား အမေရိကန်သံအမတ်ကြီးက ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြားဆောင်ရွက်မည့် ကုန်သွယ်ရေးနှင့် ပညာရေးကဏ္ဍအတွက် အမေရိကန်သံအမတ်ကြီးက "ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ ကုန်သွယ်မှုမြှင့်တင်သွားမယ်။ နှစ်နိုင်ငံပြည်သူတွေ အကျိုးစီးပွားဖြစ်ထွန်းမယ့် ရင်းနှီးမြှုပ်နှံမှုတွေကိုမြှင့်တင်သွားမယ်။ ပညာရေးဖလှယ်မှုအနေနဲ့ မြန်မာကျောင်းသားတွေ အမေရိကန်မှာပညာသင်ယူနိုင်အောင် ဆောင်ရွက်မယ်။ လက်ရှိမှာလည်းမြန်မာနိုင်ငံသားတွေအနေနဲ့ ပညာရပ်ဆိုင်ရာအရင်းအမြစ်တွေကို ပိုမိုရှာဖွေနိုင်အောင် ကျွန်တော်တို့ အမေရိကန်စင်တာအသစ်တစ်ခုကို တည်ဆောက်နေပါပြီ"ဟု ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်ပြောကြားသည့် မိန့်ခွန်းတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ လူ့အခွင့်အရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ လူမှုအသိုက်အဝန်းနှင့်ဘာသာရေး၊ စီးပွားရေး၊ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာပိတ်ဆို့ အရေးယူမှုများ၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ အမေရိကန်နှင့် မြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံတပ်မတော်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ သဘောထားကို ကဏ္ဍအလိုက်ခွဲ၍ ပြောကြားခဲ့သည်။

■

**သတင်း - မြတ်သန္တာမောင်၊ ရဲခေါင်ညွှန့်**

# ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ ဧရာဝတီဘဏ်မှ အဓိက ကူညီပံ့ပိုးပြီး ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို နေပြည်တော်ကောင်စီနယ်မြေ ရွှေရှင်ရယ်မြန်မာဂေါက်ကလပ် နေပြည်တော်တွင် မေ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသား အမျိုးသမီးပြိုင်ပွဲ (H'cap 0-12) များသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဦးရေ ကန့်သတ်ထားပါသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မေ ၁၇ ရက် မွန်းလွဲ ၂ နာရီ နောက်ထား၍ ပြိုင်ပွဲဝင်ကြေး ပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ဖုန်း ၀၉-၄၂၁၁၃၄၁၁၁၊ ၀၉-၄၂၀၀၂၂၅၉၊ ၀၉-၄၂၀၀၁၇၈၄၁ တို့သို့ စာရင်းပေးသွင်းနိုင်သည်။

ယင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ကြေး ပေးသွင်းပြီးသူများသာ မေ ၁၆ နှင့် ၁၇ ရက်များတွင် (Free Practice Round) ကစားနိုင်သည်။ အမည်စာရင်းပေးသွင်းပြီး အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်နိုင်ပါက မေ ၁၇ ရက် မွန်းလွဲ ၂ နာရီမတိုင်ခင် အကြောင်းကြားပေးရန်ဖြစ်သည်။ အကြောင်းကြောင်းကြောင့် ပြိုင်ပွဲမဝင်နိုင်ပါက နောက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# ကွမ်းသီးကျွန်းအပန်းဖြေစခန်းကို ၁၂ လတာ ပဏာမစူးစမ်းမှုများပြုကာ သုံးနှစ်အတွင်း အပြီးတည်ဆောက်မည်



**မြိတ် မေ ၁၀**

ကွမ်းသီးကျွန်းအပန်းဖြေစခန်း ကုမ္ပဏီလီမိတက်မှ ငွေကျပ်သန်းပေါင်း ၄၇၃၄ ဒသမ ၇၆ သန်းမတည်၍ ၁၂ လတာကာလအတွင်း ပဏာမစူးစမ်းလေ့လာမှုပြုလုပ်ပြီး သုံးနှစ်တာကာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦး၏ ပြောကြားအားချက်အရ သိရသည်။

BOT စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုကို ကွမ်းသီးကျွန်းတွင် တည်ဆောက်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကွမ်းသီးကျွန်းအပန်းဖြေစခန်း တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)နှင့် သက်ဆိုင်သူများတွေ့ဆုံပွဲ (ကနဦးအဆင့်) အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ မေ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက အဖွင့်အမှာစကား ပြောကြားပြီး ကွမ်းသီးကျွန်းအပန်းဖြေစခန်း ကုမ္ပဏီလီမိတက်မှ အတွင်းရေးမှူး ဦးမျိုးအောင်က စီမံကိန်းနှင့်ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထို့နောက် E Guard Environmental Services Co.,ltd. ဒါရိုက်တာ ဦးတင်အောင်မိုးက စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော စီမံကိန်းနှင့် သက်ဆိုင်သူများမှစီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ကွမ်းသီးကျွန်းအပန်းဖြေစခန်း ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ကွမ်းသီးကျွန်းအပန်းဖြေစခန်း ကုမ္ပဏီလီမိတက်မှ တာဝန်ယူပြီး အဆိုပါ ကွမ်းသီးကျွန်းအပန်းဖြေစခန်း တည်ဆောက်ရေးစီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စုအတွင်းရှိ ကွမ်းသီးကျွန်း အကျယ်အဝန်း ၄၂၇၄ ဧကပေါ်တွင် အပန်းဖြေစခန်းအတွက် အသုံးပြုမည့်မြေဧက ၂၀ ဧကပေါ်တွင် ဆောက်လုပ်မည်ဖြစ်ပြီး အဆောက်အအုံများမှာ (၆၀×၄၀)ပေရှိ Delux Villa ခုနစ်လုံး၊ (၄၀×၂၀)ပေရှိ Standard Villa ရှစ်လုံး၊ (၂၇×၃၆)ပေရှိ Double Villa ၁၅ လုံး၊ (၉၀×၄၅)ပေရှိ Reception & Office တစ်လုံး၊ (၅၀×၅၀)ပေရှိ Restaurant တစ်လုံး၊ (၆၀×၄၅)ပေရှိ Kitchen တစ်လုံး၊ Swimming Pool တစ်ကန်၊ (၈၀×၃၀)ပေရှိ Generator House တစ်လုံး၊ (၆၀×၄၈)ပေရှိ Staff Quarter ငါးလုံး၊ (၆၀×၃၀)ပေရှိ Cyclone Shelter တစ်လုံး၊ (၄၀×၂၀)ပေရှိ Laundry House တစ်လုံး၊ (၆၀×၃၀)ပေရှိ ဆိပ်ခံတံတား တစ်စင်း၊ (၁၂၀×၆၀)ပေရှိ တင်းနစ်ကွင်းတစ်ကွင်းတို့ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# စဉ့်ကိုင်မြို့နယ်တွင် လေပြင်းကြောင့် နေအိမ်ပျက်စီးခဲ့သူများအား ထောက်ပံ့ငွေများ ပေးအပ်

**စဉ့်ကိုင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများ ပျက်စီးခဲ့သည့် ရပ်ကွက်/ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၀၂၁ စုအတွက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ငွေကျပ် ၂၀၄၂၀၀၀၀ အား ထောက်ပံ့လှူဒါန်းခဲ့ရာ မေ ၁၀ ရက် နံနက်ပိုင်းက မြို့ဝန်ကုန်းကျေးရွာ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ကျောင်းတိုက်တွင် နေအိမ်အမိုးများ ပျက်စီးခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပြန်လည်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မြို့သစ်ရပ်ကွက်တွင် နေအိမ်ခြောက်လုံး၊ မြို့မရပ်ကွက်တွင် နေအိမ်ခုနစ်လုံး၊ ရန်နိုင်ရပ်ကွက်တွင် နေအိမ်ကိုးလုံး၊ တရုတ်စုရပ်ကွက်တွင် နေအိမ်သုံးလုံး၊ ရန်အောင်မြင်ရပ်ကွက်တွင် နေအိမ်သုံးလုံး၊ ကံကြီးကျေးရွာတွင် နေအိမ်သုံးရာနှစ်ဆယ့်သုံးလုံး၊ ကြက်မျှားကျေးရွာတွင် နေအိမ်လေးလုံး၊ တပ်ကြီးကျေးရွာတွင် နေအိမ်သုံးလုံး၊ ရွာသစ်ကျေးရွာတွင် နေအိမ်လေးလုံး၊ ကတိုးကျေးရွာတွင် နေအိမ်လေးဆယ့်တစ်လုံး၊ တောမကျေးရွာတွင် နေအိမ်တစ်လုံး၊ ပတ္တာကျေးရွာတွင် နေအိမ်လေးလုံး၊ ကျွန်းဦးကျေးရွာတွင် နေအိမ်ခုနစ်ဆယ့်ခုနစ်လုံး၊ တအုံ (ရှေ့)ကျေးရွာတွင် နေအိမ်နှစ်ဆယ့်သုံးလုံး၊ တအုံ (နောက်) ကျေးရွာတွင် နေအိမ်ခုနစ်ဆယ့်ကိုးလုံး၊ ဆောက်အင်းကျေးရွာတွင် နေအိမ်ငါးဆယ့်ခုနစ်လုံး၊ မြောက်တောကြီးကျေးရွာတွင် နေအိမ်နှစ်ဆယ့်ငါးလုံး၊ ဒေါင်ကြီးကွေ့ကျေးရွာတွင် နေအိမ်ငါးလုံး၊ ညောင်ပင်သာကျေးရွာတွင် နေအိမ်တစ်ရာတစ်ဆယ်လုံး၊ ကံဆွယ်ကျေးရွာတွင် နေအိမ်နှစ်လုံး၊ သပြေရိုးကျေးရွာတွင် နေအိမ်တစ်လုံး၊ ဝန်းသိုကျေးရွာတွင် နေအိမ်တစ်ဆယ့်ငါးလုံး၊ အုန်းပင်ခြံကျေးရွာတွင် နေအိမ်တစ်ဆယ့်ခြောက်လုံး၊ ကသဲစုကျေးရွာတွင် နေအိမ်တစ်ဆယ့်နှစ်လုံး၊ ဝါးရင်းတုတ်ကျေးရွာတွင် နေအိမ်တစ်ဆယ့်ရှစ်လုံး၊ စဉ့်ကိုင်ကြီးကျေးရွာတွင် နေအိမ်တစ်ဆယ့်လေးလုံး၊ ကြက်စိမ့်ကျေးရွာတွင် နေအိမ်နှစ်လုံး၊ ဆင်ဖြူကုန်းကျေးရွာတွင် နေအိမ်သုံးလုံး၊ လက်ဝဲကျေးရွာတွင် နေအိမ်တစ်ဆယ့်ခြောက်လုံး၊ ကုန်းနီကျေးရွာတွင် နေအိမ်သုံးဆယ့်ကိုးလုံး၊ မြို့ဝန်ကုန်းကျေးရွာတွင် နေအိမ်တစ်ဆယ့်တစ်လုံး၊ လင်းဇင်းကျေးရွာတွင် နေအိမ်သုံးလုံး၊ မဲဇာကျေးရွာတွင် နေအိမ်တစ်ဆယ့်တစ်လုံး၊ ညောင်ဝန်းကုန်းကျေးရွာတွင် နေအိမ်သုံးလုံး၊ ကြည်ရွာကျေးရွာတွင် နေအိမ်နှစ်ဆယ့်တစ်လုံး၊ မြောင်းဆုံကြီးကျေးရွာတွင် နေအိမ်တစ်လုံး၊ ဖောင်ဇင်းကျေးရွာတွင် နေအိမ်သုံးလုံး၊ သင်္ဂတုံကျေးရွာတွင် နေအိမ်တစ်ဆယ့်တစ်လုံး၊ ရွာဘိုကျေးရွာတွင် နေအိမ်လေးလုံး၊ နန်းနီ(မြောက်)ကျေးရွာတွင် နေအိမ်နှစ်လုံး စုစုပေါင်း နေအိမ် ၁၀၂၁ လုံး အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့လှူဒါန်းငွေများကို အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းနှင့် ဝန်ထမ်းများက အဆိုပါ ကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာပြည်သူများထံသို့ ထောက်ပံ့လှူဒါန်း ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**



နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိ ကမ္ဘာကျော်ဦးပိန်တံတားအား ကျွန်းတိုင်များ အစားထိုးပြင်ဆင် ဆောင်ရွက်လျက်ရှိသည်ကို မေ ၉ ရက်က တွေ့ရစဉ်။ မောင်ဘဦး(မန္တလေး)

# အောင်ဘာလေထီ နည်းဥပဒေထွက်လျှင် ကျပ် ၅၀ တန် E လော်ထရီစနစ် စတင်မည်



**ရန်ကုန် မေ ၁၀**

အောင်ဘာလေထီဥပဒေ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးပါက နည်းဥပဒေများရေးဆွဲကာ ကျပ် ၅၀ တန် E လော်ထရီစနစ် စတင်မည်ဖြစ်ကြောင်း သိရသည်။

ဝင်ငွေနည်းအခြေခံလူတန်းစားများပါမကျန် လွယ်ကူစွာကံစမ်းနိုင်မည့် ကျပ် ၅၀ တန် E လော်ထရီစနစ်အား အောင်ဘာလေထီ ဥပဒေအတည်ပြုထွက်ပေါ်လာသည်နှင့် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (ရန်ကုန်) ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က ပြောသည်။

"နိုင်ငံတကာမှာ လက်ရှိကျင့်သုံးနေတဲ့ paper လော်ထရီကနေ အွန်လိုင်းအသုံးပြုပြီး E လော်ထရီစနစ် အကောင်အထည်ဖော်မယ်ဆိုရင် အောင်ဘာလေထီဥပဒေ ထွက်ပေါ်လာရင် စတင်လို့ရပါပြီ။ လက်ရှိ အောင်ဘာလေထီဥပဒေကို အစိုးရကသတ်မှတ်ပြီးပါပြီ။ ဒါကို ပြည်သူ့လွှတ်တော်ကလည်း အတည်ပြုပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြီးပြီဆိုရင် အောင်ဘာလေထီဥပဒေ ထွက်ပေါ်လာပါပြီ။ ဒါဆိုရင် လိုအပ်တဲ့နည်းဥပဒေတွေ၊ စည်းမျဉ်းတွေ ရေးဆွဲပြီး ဆက်လက်အကောင်အထည်ဖော်နိုင်ပါပြီ"ဟု ၎င်းက ပြောသည်။

E- လော်ထရီစနစ်ဖြင့် အွန်လိုင်းအသုံးပြုကာ စမတ်ဖုန်းများဖြင့် ထီထိုးနိုင်ကြောင်း သိရသည်။ စတင်ဆောင်ရွက်လျှင် ကျပ် ၅၀ ဖြင့် လွယ်ကူလျင်မြန်စွာထိုးနိုင်ကြောင်း သိရသည်။ "ဒီစနစ်ကို စတင်မယ်ဆိုရင် ကနဦးနိုင်ငံတကာက E လော်ထရီ Express တွေ ငှားရမယ်။ ထီထိုးတဲ့စနစ်တွေ ထီဖွင့်ရက်ကို နေ့စဉ်၊ အပတ်စဉ်၊ လဝက်၊ တစ်လစတဲ့ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေတဲ့ E လော်ထရီစနစ်တစ်ခုကို သတ်မှတ်ရမှာဖြစ်ပါတယ်။ ပြီးရင် ကုမ္ပဏီတွေကို တင်ဒါခေါ်ပြီး အစိုးရနဲ့ကုမ္ပဏီ ဖက်စပ်လုပ်ကိုင်ရမှာပါ။ ဒီစနစ်ပေါ်လာရင်တော့ နေ့စဉ် လက်လုပ်လက်စား အခြေခံလူတန်းစားတွေ အလွယ်တကူထီထိုးနိုင်ပါပြီ"ဟု အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထီဆုငွေကို နိုင်ငံနှင့်တစ်ဝန်းရောင်းရသော ငွေအမောက်ပေါ်မူတည်ကာ ပြည်သူများအား ဦးစားပေး အချိုးချစနစ်ဖြင့် ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိ ကျပ် ၂၀၀ တန် paper လော်ထရီမှ ထီရောင်းရငွေအားလုံး၏ ၇၀ ရာခိုင်နှုန်းအား ပြည်သူများသို့ပေးအပ်ပြီး ၃၀ ရာခိုင်နှုန်းသာ အောင်ဘာလေသိန်းဆုအခွန်အဖြစ် ရယူထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံအားပေး

**သီပေါ မေ ၁၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် မေ ၉ ရက် နံနက်ပိုင်းက သီပေါမြို့ မြို့တော်ခန်းမ၌ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံပြီးအားပေးစကား ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က သီပေါမြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ကျောက်မဲမြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ပွဲရှောင်ပြည်သူ ၃၄၄ ဦးတို့ ရောက်ရှိခိုလှုံနေသော ရတနာရွှေဂူကျောင်းတိုက်သို့ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လားရှိုးမြို့ မြန်မာရတနာရွှေခေတ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးစိုင်းဘိုဘို (သုဓမ္မမဏိဇောတဓရ) က တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ၁၉၂၄ ခုနှစ်က တည်ဆောက်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လေ့လာကြည့်ရှုရာ သီပေါဟော်အဆောက်အအုံသို့ သွားရောက်လေ့လာကြည့်ရှုရာ ဟော်မိသားစုကိုယ်စား သီပေါမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ သီပေါကိုလတ်က ဟော်အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သိလိုသည်များကို ထပ်မံမေးမြန်းပြီး အလှူငွေကျပ်သုံးသိန်းကို ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက ဟော်မိသားစုဝင်တစ်ဦးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သမိုင်းဝင်ဘော်ကြိုဘုရားကြီးနှင့် ဘော်ကြိုကျောင်းတိုက်အတွင်းမှ ပေါ်တော်မူရှေးဟောင်းဆင်းတုတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘော်ကြိုဘုရားကြီး၏ ကိုးခန်းဇရပ်ဆောင်၌ ရောက်ရှိခိုလှုံနေသော မန်လွယ်ရွာမှတိုက်ပွဲရှောင်ပြည်သူ ၂၂၅ ဦးတို့ကို တွေ့ဆုံ၍အားပေးခဲ့ကြကြောင်းသိရသည်။

**(သီပေါကိုလတ်)**





## မြန်မာနိုင်ငံခရီးသွားလာရေး ဥပဒေမူကြမ်း အချောသပ်ဖြည့်သွင်းရန် ညှိနှိုင်းစည်းဝေးမည်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံခရီးသွားလာရေး ဥပဒေမူကြမ်းတွင် လိုအပ်ချက်များကို အချောသပ်ဖြည့်သွင်းညှိနှိုင်းမည့် အစည်းအဝေးတစ်ရပ်ကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် UMFCCI ရန်ကုန်ရုံး၌ ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ညီနောင်အသင်းများမှ ဆွေးနွေးလိုသူများ၊ မြန်မာနိုင်ငံခရီးသွားလာရေး ဥပဒေအား စိတ်ဝင်စားသူများ၊ အသိပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အခြားသောပြင်ပပုဂ္ဂိုလ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလိုပါက တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေနန်းတော်ကျောင်းကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ရန်ပုံငွေလုံလောက်ရေးအတွက် ကူညီဆောင်ရွက်ပေးမည်

**မန္တလေး မေ ၁၀**

ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများလာရောက်လေ့လာကြည့်ရှုခဲ့သည့် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ် ရန်ပုံငွေလုံလောက်စွာရရှိရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

ရွှေကျောင်းကြီးပြုပြင်ထိန်းသိမ်းရန် အမေရိကန်သံအမတ်ကြီးများရန်ပုံငွေအဖွဲ့က ဒေါ်လာ ၅သိန်း ၅ထောင် လှူဒါန်းခဲ့ပြီး ယင်းလှူဒါန်းခဲ့သည့်ငွေကို ရွှေနန်းတော်ကျောင်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ ပရောဂျက်မန်နေဂျာ Mr. Jeffallen ကိုယ်တိုင်ငွေကြေးကိုင်တွယ်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို လုပ်ဆောင်နေသော်လည်း ယခု အချိန်အထိ ပြုပြင်သည့်အဆင့်အထိ မရောက်သေးကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

လက်ရှိတွင် ရွှေနန်းတော်ကျောင်းပြုပြင်ဆောင်ရွက်နေသော ကမ္ဘာ့အထိမ်းအမှတ်အဆောက်အအုံများ ရန်ပုံငွေအဖွဲ့ WMF ၏ဆောင်ရွက်ချက်များသည် ကျောင်း၏ Documentary အစီအစဉ်ကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေး လက်တွေ့လုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းချက်များရှိနေသဖြင့် အမြန်ဆုံးပြီးစီးရေးအတွက်တိုးမြှင့်ဆောင်ရွက်ပေးရန် အမေရိကန်သံအမတ်ကြီးအား အသိပေးဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"အခုလက်ရှိမှာ ရန်ပုံငွေကုန်သွားပြီဆိုတာသိသွားတဲ့အတွက် အမေရိကန်သံအမတ်ကြီးက လုံလောက်အောင် ကူညီမယ်လို့ပြောတာပါ"ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ပြီးခဲ့သည့်လကအသစ်ခန့်အပ်ခြင်းခံရသူ မစ္စတာ စကော့အလန်မာရှယ်က မေ ၅ ရက်က မန္တလေးမြို့ ရွှေနန်းတော်ကျောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လာရောက်ကြည့်ရှုစဉ် ပြောကြားခြင်းဖြစ်သည်။

၂၀၁၄-၂၀၁၅ခုနှစ်မှစ၍ ရွှေနန်းတော်ကျောင်းကြီးပျက်စီးရခြင်းအကြောင်းအရင်းများအား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ကျောင်းကြီးရှိအချို့တိုင်များ၏ ခြစားမှုများအားလေ့လာမှတ်တမ်းတင်ခြင်း၊ ရေစီးရေလာစနစ်များလေ့လာခြင်း၊ ပျက်စီးနေသည့် အစိတ်အပိုင်းများအား 3D Scanner ဖြင့်ရိုက်ကူးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခဲ့ကာ ၂၀၁၆ ခုနှစ် ဇွန် ၅ ရက်မှစတင်၍ ကျောင်းကြီး၏ အနောက်တောင်ဘက်အခြမ်းမှ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်မြို့ ပါရမီလမ်း၌ ပြည်သူ့ဆက်ဆံရေးဌာနဖွင့်

**ရန်ကုန် မေ ၁၀**

ရက် (၁၀၀) စီမံကိန်းလုပ်ငန်းစဉ်တွင် ပါဝင်သည့် ပြည်သူ့ဆက်ဆံရေးဌာနကို မေ ၉ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ သက်ကြီးရွယ်အိုများနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာဝင်းအတွင်း ဖွင့်လှစ်ခဲ့၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ပြည်သူ့ရေးရာဝန်ဆောင်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်နိုင်မည်ဖြစ်သည်။

"ဒီနေ့ဖွင့်လိုက်တဲ့ ပြည်သူ့ဆက်ဆံရေးဌာနဟာ ရက်၁၀၀ စီမံကိန်းထဲမှာ ပါပါတယ်။ ကျွန်တော်တို့ စီမံကိန်းရေးဆွဲပြီးတော့ ဝန်ကြီးဌာနကို တင်ပြပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလို ဝန်ဆောင်မှုတွေဆောင်ရွက်ဖို့ ဝန်ထမ်းတွေကို သင်တန်းတွေပေးပြီး စနစ်တကျလေ့ကျင့်ပေးထားပြီး ဖြစ်ပါတယ်။

"လူမှုဝန်ထမ်းနဲ့ ပတ်သက်လို့ ဆက်သွယ်လို့ရပါတယ်။ သူတို့မဖြေရှင်းနိုင်တာရှိရင် တိုင်းကကြီးကြပ်ကွပ်ကဲပြီး ဆောင်ရွက်ပေးသွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လူမှုရေးပြဿနာများကို ဖြစ်ပွားလာပြီးမှ ဖြေရှင်းဆောင်ရွက်ခြင်းထက် မလိုလားအပ်သောလူမှုရေးပြဿနာများမဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်းနှင့် ချက်ချင်းအရေးယူဆောင်ရွက်ခြင်းကဲ့သို့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနမှ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကလေးနှင့် လူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးလုပ်ငန်း၊ လူမှုကရုဏာ စောင့်ရှောက်ရေးလုပ်ငန်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစသည်တို့ကို ဆောင်ရွက်နေကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

ယခုဖွင့်လှစ်လိုက်သည့် ပြည်သူ့ဆက်ဆံရေးဌာနသို့ တယ်လီဖုန်းအမှတ် ၀၉ ၄၅၃၁၉၇၂၂၅ မှ ဆက်သွယ်၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်လာသော လူမှုရေးအခက်အခဲများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် လက်ခံထိန်းသိမ်းပေးခြင်း၊ အကူအညီပေးခြင်း၊ ညွှန်းပို့ခြင်းများဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ် (နေပြည်တော်)ရှိ Help Line Center နှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သီသီမင်း)**



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁ - ၅ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### Entertainment Channel

ညပိုင်း
- ၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
- ၆း၂၀ ပြည်သူ့နီတ"ရိုးရိုးကျင့် မြင့်မြင့်ကြံ"
- ၆း၃၀ ကာတွန်းအစီအစဉ် "Space Chimps" (အပိုင်း-၁)
- ၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ လျှို့ဝှက်သောပုစ္ဆာ" (အပိုင်း-၄၂)
- ၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း -၄၂)
- ၈း၃၀ English Premier League (Review-I)
- ၈း၅၀ ရွှေမန်းဇာတ်သဘင်အစီအစဉ် (အပိုင်း-၂)
- ၉း၄၀ မြန်မာဗီဒီယိုဇာတ်လမ်း"၁၃-၁၃"

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း(လက်လီလုပ်ငန်းဖြင့်ကိုယ်ပိုင်စီးပွားရေးတစ်ခုစတင်ခြင်း) (အပိုင်း-၃)
- ၈း၃၅ "Travelogue" (တောင်ကျကျေးရွာ ရေပူစမ်း)
- ၉း၃၅ "၂၀၁၆ ခုနှစ်မေလအတွက်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ"
- ၁၀း၃၅ "ရင်နှစ်ပန်းတို့လန်းစေချင်"
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၇)
- ၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၁၇)
- ၂း၁၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာ- ပွင့်သိင်္ဂီဇော်)

ညပိုင်း
- ၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (လက်လီလုပ်ငန်းဖြင့်ကိုယ်ပိုင်စီးပွားရေးတစ်ခုစတင်ခြင်း) (အပိုင်း-၃)
- ၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
- ၅း၁၅ မြန်မာ့လေ့ရိုးရာလက်ဝှေ့ (စောထူးဇော်နှင့် စောဒါဝိတ်)
- ၅း၃၅ စက်ရုပ်များရဲ့ကမ္ဘာ "စက်ရုပ်များနှင့် အာရုံခံစားမှု"
- ၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဂြိုလ်မွေ့တဲ့ငွေ"(ညောင်ညောင်၊ ဟန်နီမောင်မောင်၊ ရွှေဖူးစာ) (ဒါရိုက်တာ-ညီညီဘမောင်)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၁၈)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ကောင်းစွာနာကြား မြတ်တရား" တရားတော်(ဆရာတော်ဒေါက်တာ အရှင်ပညိသဿရာဘိဝံသ(ဓမ္မဒူတ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၈)
- ၇း၃၀ MRTV-4 သတင်း
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Sein Gay Har Happy Thingyan Lucky Draw Program 2016 ကားကံစမ်းမဲဖွင့်ပွဲအခမ်းအနား )
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၆)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ အနုပညာမိုးကောင်းကင်
- ၁၁း၂၅ ဟင်းချက်ရအောင်
- ၁၁း၄၅ MRTV-4 Stage
- ၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၇၄)
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ်(Chatrium Hotelမှ ဦးစီးကျင်းပသည့် စာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း ရေစက်ချအခမ်းအနား)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၀)
- ၃း၄၀ Miss Myanmar World 2016
- ၃း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ယခင် အ. ထ. က (၅) အင်းစိန် လှော်ကား၊ ယခု အ. ထ. က(၂) ရွှေပြည်သာ လှော်ကား၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနား)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၉)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၁)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း -၁၀၇)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၇၅)
- ၁၀း၂၀ Let's Talk
- ၁၁း၁၅ World of Knowledge (Dog Whisper; Lives Changed)

# ဇာတ်ညွှန်းကောင်းမှ ရုပ်ရှင်ကောင်းမည်

## ဇာတ်ညွှန်းရေးနည်း သင်ကြားပေးမည့် သရုပ်ဆောင် အကယ်ဒမီဆွေဇင်ထိုက်နှင့်တွေ့ဆုံခြင်း



**မေး။ ။သရုပ်ဆောင်တစ်ယောက်အဖြစ်ကနေ ဇာတ်ညွှန်းရေးနည်းကို ကိုယ်တိုင်သင်ကြားပေးရခြင်း အကြောင်းရင်းကို ပြောပြပေးပါ။**

ဖြေ။ ။မင်းသမီးတစ်ယောက်က ဇာတ်ညွှန်းရေး သင်တန်းပို့တယ်ဆိုလို့ ထူးဆန်းနေတာပေါ့လေ။ မင်းသမီးဆိုတာရဲ့နောက်ကွယ်မှာ ကျွန်မသင်ခဲ့တာတွေ အများကြီးရှိပါတယ်။ ကျွန်မ အပြည်ပြည်ဆိုင်ရာပွဲတော်တွေမှာ၊ ကမ္ဘာအနှံ့သွားသမျှ နေရာတိုင်းမှာ ဇာတ်ညွှန်းတွေကို pitching လုပ်တဲ့section တွေကို အမြဲတက်ပါတယ်။ တက်တဲ့နေရာတိုင်းမှာ pitch လုပ်တဲ့ ကလေးတွေ သူတို့ရဲ့ presentation လာလုပ် တာကြည့်ပြီး ကိုယ့်နိုင်ငံက ကလေးတွေကိုလည်း သိပ်ပါစေချင်တာပဲ။ ဒါပေမယ့် ကိုယ့်နိုင်ငံကရေးတဲ့ပုံစံက နိုင်ငံတကာမှာသုံးနေတဲ့ ပုံစံမဟုတ်တော့ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲတွေမှာ ဝင်ပြိုင်လို့ မရနိုင်ဘူး။ ဒါကြောင့် သင်တန်းပို့ချပေးဖြစ်တာပါ။

**မေး။ ။အပြည်ပြည်ဆိုင်ရာမှာ ပြိုင်ပွဲဝင်ပြိုင်နိုင်သည်ထိ ဆိုတော့ ဘယ်လို သင်ရိုးညွှန်းတမ်းတွေနဲ့ သင်ကြားပေးမှာလဲ။**

ဖြေ။ ။အမေရိကန်က သင်ရိုးအတိုင်းပဲ power point presentation and explanation ရှင်းပြတာ၊ Discussion ဆွေးနွေးတာ၊ Reading စာဖတ်ရမယ်။ Writing စာရေးတာတွေရှိမယ်။

**မေး။ ။သင်တန်းပြီးဆုံးတဲ့အခါ သင်တန်းသားတွေအတွက် ဘယ်လို အကျိုးကျေးဇူးတွေ ရရှိလာမလဲ။**

ဖြေ။ ။ဒီသင်တန်းကို လာတက်တဲ့အခါ ပထမဆုံး သူတို့ဘက်က အချိန်ပေးရမယ်။ ဖတ်ဖို့ကော၊ ရေးဖို့ကော သင်တန်းမှာ လူကိုယ်တိုင်ရှိနေဖို့ လိုအပ်တယ်။ ပထမဆုံး သူတို့သိသွားမှာက အပြည်ပြည်ဆိုင်ရာဇာတ်ညွှန်းရေးနည်းပုံစံကို သိသွားမယ်။ ဒုတိယအနေနဲ့ Reading ပေးတာဆိုတော့ တစ်ကမ္ဘာလုံးမှာရှိနေတဲ့ ဇာတ်ညွှန်းတွေကို တီးမိခေါက်မိဖြစ်သွားမယ်။ နောက် သူတို့ပြန်ပြီး ရေးနိုင်အောင် လိုအပ်တဲ့ ပစ္စည်းကိရိယာတွေ ပေးမှာဆိုတော့ သူတို့ရေးဖြစ်သွားမယ်။ အဲဒီထဲကမှ အကောင်းဆုံး ဇာတ်ညွှန်းရေးနိုင်သူ သုံးယောက်ကို ရွေးမယ်လို့စိတ်ကူးထားတယ်။ ရွေးချယ်လိုက်တဲ့သူတွေကို သေချာဖွဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲတွေမှာ ဝင်ပြိုင်နိုင်အောင် လုပ်ပေးသွားမယ်။

**မေး။ ။မြန်မာပြည်မှာရေးတဲ့ ဇာတ်ညွှန်းပုံစံက ဘာဖြစ်လို့ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲတွေမှာ အသုံးမပြုနိုင်ရတာလဲ။**

ဖြေ။ ။ကျွန်မတစ်ခေါက် Produire Au Sud အုပ်စုကနေ အရွေးခံရလို့ ကျွန်မနဲ့ ကိုချမ်းသာကြည်စိုး သွားဖူးပါတယ်။ ဇာတ်ညွှန်းက ဒါရိုက်တာ ဦးကြည်စိုးထွန်းရေးတာပါ။ ဝတ္ထုက မစန္ဒာပါ။ ဝတ္ထုက သိပ်ကောင်းပါတယ်။ မြန်မာပြည်မှာ ရေးနေတဲ့ ဇာတ်ညွှန်းက စာရွက်ကိုနှစ်ခြမ်းခေါက်ပြီး ရေးတာမျိုး။ တစ်ဖက်က လှုပ်ရှားမှုတွေကို ရေးမယ်။ တစ်ဖက်က စကားလုံးတွေကို ပြောမယ်။ ဒါပေမယ့် ဇာတ်ညွှန်းရေးတဲ့ presentation ပုံစံက လွဲနေတော့ ကျွန်မတို့ ဇာတ်ညွှန်း အရွေးမခံရပါဘူး။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံရဲ့စီးပွားရေးလုပ်တဲ့ စီမံခန့်ခွဲမှုစနစ်ကလည်း တော်တော် မျက်နှာငယ်ရတဲ့အချိန်ဖြစ်နေတော့ အဲဒီအဖွဲ့အစည်းကနေ မြန်မာကိုမခေါ်ဘဲနေလိုက်တာ မနှစ်ကမှ ကိုပြည့်ဖြိုးဇော်တစ်ယောက် ဒုတိယနေရာမှာပါလာတယ်။

**မေး။ ။လက်ရှိ ရိုက်နေတဲ့ ရုပ်ရှင်ဇာတ်ကားတွေအပေါ် ကော ဆရာမအနေနဲ့ ဘယ်လိုမြင်လဲ။**

ဖြေ။ ။ရုပ်ရှင်တစ်ကားကောင်းဖို့ဆိုတာ ဇာတ်ညွှန်းက အခြေခံပလက်ဖောင်းဖြစ်နေတယ်။ ဇာတ်ညွှန်းကောင်းမှရုပ်ရှင်ကောင်းမှာ။ မူရင်းကောင်းမှမိတ္တူကောင်းတာ။ ဇာတ်ညွှန်းအရင်ကောင်းအောင်လုပ်ရမယ်လို့ ကျွန်မတော့ တဖြည်းဖြည်းနဲ့ သဘောပေါက်လာတယ်။ အခုရုပ်ရှင်၊ ဗီဒီယိုလောကမှာ ဇာတ်ညွှန်းကို ရှိနေတဲ့သူတွေပဲ ရေးနေကြတာလေ။ ရုပ်ရှင်ထုတ်လုပ်ရေးက တစ်နှစ်ကို ကား ၂၀ လောက်ထွက်ပါတယ်။ ပြီးတော့ ဗီဒီယိုထုတ်လုပ်ရေးက ၁၀၀၀ ကျော်ထွက်ပါတယ်။ ဒီတော့ ဇာတ်ညွှန်းရေးသူတွေက တစ်နှစ်ကို ဇာတ်လမ်း ၁၁၀၀၊ ၁၂၀၀ ကျော်လောက် ရေးတယ်လို့ ယူဆလို့ရတယ်။ ဒါပေမယ့် တကယ်ရေးပြီးအောင်မြင်နေတဲ့သူက ၂၀ လောက်ပဲရှိတယ်။ အဲဒီ ၂၀ လောက်ကနေမှ တစ်လကို ၁၀၀ ကျော်လောက် ဇာတ်ညွှန်းရေးနေကြတယ်ဆိုတော့ တစ်ယောက်ကို တစ်လမှာဇာတ်ညွှန်း ငါးပုဒ်မက ရေးရတယ်ဆိုတဲ့ သဘောဖြစ်သွားတယ်။ အဲဒီတော့ အိုင်ဒီယာတွေ စိတ်ကူးတွေက မြန်မာဈေးကွက်ကနေ မောင်းနှင်တဲ့အတိုင်းပဲ ရေးကြတော့တယ်။

မေး။ ။ဒါဆို ရုပ်ရှင်လောကက လက်ရှိဇာတ်ညွှန်းရေးတဲ့သူတွေကိုကော သင်တန်းသဘောမျိုး ပေးဖို့ရှိလား။

ဖြေ။ ။ရုပ်ရှင်လောကထဲက လူတွေကိုလည်း ဒီပုံစံကိုပေးပါတယ်။ ဆွေးနွေးပွဲတွေ လုပ်ပေးတယ်။ အပြင်ကလူတွေကိုလည်းပေးတယ်။ ဒါပေမယ့် ရေးတဲ့ပုံစံတွေက ပြောင်းမလာဘူး။ သူတို့ကရှိရင်းစွဲပုံစံပဲရေးတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာမှာ ပြိုင်ပွဲဝင်ချင်တယ်ဆိုရင် ပုံစံအသစ်နဲ့သင်တဲ့လူအသစ်တွေ ဖြစ်မှရမယ်။

**မေး။ ။ဒီသင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးတာလား။**

ဖြေ။ ။ကျွန်မလည်း အခမဲ့၊ သင်တန်း တက်တဲ့သူတွေလည်း အခမဲ့ပါ။ အခမဲ့ပေးရတာကို ကျွန်မကြိုက်ပါတယ်။ ဒါပေမယ့် ရုပ်ရှင်အစည်းအရုံးမှာ အခမဲ့ပေးတာကျတော့ လာတက်မယ့်သူတောင်မရှိဘူး။ ရုပ်ရှင်အစည်းအရုံးမှာ သင်တယ်။ MMDC မှာသင်တယ်။ Visiting Professor အနေနဲ့ NUAC မှာ ဂုဏ်ထူးတန်းတွေကို သင်ပါတယ်။ အဲဒီအားလုံးထဲမှာမှ ရုပ်ရှင်အစည်းအရုံးမှာ လူတွေက သိပ်တန်ဖိုးမထားချင်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အတွက်က မလိုအပ်တော့ဘူးထင်လို့ ယူဆရတာပဲ။

မေး။ ။ဟုတ်ကဲ့ ဆရာမ။ သင်တန်းဖွင့်လှစ်တဲ့အပေါ် ဖြည့်စွက်ပြောချင်တာရှိရင် ပြောပေးပါ။

ဖြေ။ ။သင်တန်းဖွင့်လှစ်တာဟာ ဇာတ်ညွှန်းကောင်းတွေ ထုတ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ဇာတ်ညွှန်းဆိုတာက ကိုယ့်တစ်ယောက်တည်းရဲ့ဖန်တီးမှုဆိုတော့ ကိုယ့်အိုင်ဒီယာနဲ့ကိုယ်လုပ်လို့ရတယ်။ ရုပ်ရှင်ဆိုတာကျတော့ အဖွဲ့လိုက်လုပ်ရတာဆိုတော့ လူတိုင်းလူတိုင်းက သူ့စံနှုန်းနဲ့သူအရေးကြီးတယ်။ သူနေရာနဲ့သူ အကွက်ကျနေမှဖြစ်မှာ။ အဲဒီလိုမဟုတ်ဘဲနဲ့ တစ်နေရာက ဟာနေပြီဆိုရင်တော့ ထုတ်လုပ်မှုတွေက မျှော်လင့်ထားသလို ဖြစ်မလာတော့ဘူး။ ကျွန်မရဲ့ နှစ် ၃၀ ကျော်အတွေ့အကြုံအရဆိုရင် ကားတိုင်းက မျှော်လင့်ထားသလို ဖြစ်မလာတာများတယ်။ အဲဒီတော့ ဖန်တီးမှုအများဆုံးထုတ်ရတဲ့ ဇာတ်ညွှန်းရေးတဲ့လူငယ်တွေကို မွေးထုတ်ပေးချင်တယ်။ ရှေ့ကရှိတဲ့သူတွေကတော့ သွားပါစေတော့။ သူ့ဘာသာသူ ပြည်တွင်းဈေးကွက်မှာပဲ လုပ်လည်း ပြည်တွင်းဈေးကွက်နဲ့က အဆင်ပြေနေတာပဲလေ။ ကျွန်မ အားမစိုက်ချင်တော့ဘူး။ နောက်လာမယ့် မျိုးဆက်သစ်တွေအတွက်တော့ ကျွန်မ အားစိုက်ချင်တယ်။ ရုပ်ရှင် နှစ်၁၀၀ ပြည့်ပွဲတော်ကျရင်တော့ အပြည်ပြည်ဆိုင်ရာ လေ့ကျင့်မှုတွေနဲ့ ရိုက်ထားတဲ့ ဇာတ်ထုပ်တစ်ထုပ်ကို ပြနိုင်တာဖြစ်ချင်တယ်။

အဆိုပါသင်တန်းကို မေ ၇ ရက်မှ စတင်ကာ အောက်ပုဇွန်တောင်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Pen မြန်မာရုံးခန်းသစ်တွင် ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။ သင်တန်းသို့ စိတ်ဝင်စားသူနယ်ပယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း - ခင်ဇာလီ**
**ဓာတ်ပုံ - မီချိုကိုဟန်**

# မာဘယ်၏ဇာတ်ကားသစ်များတွင် ထပ်မံမြင်တွေ့ရဦးမည့် ရှာရွန်စတုန်း




ဟောလိဝုဒ်၏ ဝါရင့်သရုပ်ဆောင်တစ်ဦးဖြစ်သူ မင်းသမီးကြီး ရှာရွန်စတုန်းအား မာဘယ်ရုပ်ရှင်ထုတ်လုပ်ရေး၏ဇာတ်ကားသစ်များတွင် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်ကြောင်း သိရသည်။

အသက်(၅၈)နှစ်အရွယ်ရှိ မင်းသမီး ရှာရွန်စတုန်းက "မာဘယ်ရဲ့ဇာတ်ကားသစ်မှာ ပါဝင်သရုပ်ဆောင်သွားမှာပါ။ ဒီဇာတ်ကားရဲ့ တစ်စိတ်တစ်ဒေသအနေနဲ့ ပါဝင်အားဖြည့်ပေးသွားမှာပါ" ဟု တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

ဖက်ရှင်မော်ဒယ်ဟောင်းတစ်ဦးလည်းဖြစ်သူ မင်းသမီးကြီး ရှာရွန်စတုန်းသည် ၁၉၉၀ ခုနှစ်က ထွက်ရှိခဲ့သည့် Total Recall အမည်ရှိ သိပ္ပံဇာတ်ကားတွင် အက်ရှင်မင်းသားကြီးအာနိုးနှင့်တွဲဖက်သရုပ်ဆောင်ကာ အနုပညာခြေလှမ်းများစတင်ခဲ့သူဖြစ်ပြီး အကယ်ဒမီဆု၊ ရွှေကမ္ဘာလုံးဆု၊ အမ်မီဆုများအပါအဝင် ထူးချွန်ဆုများစွာရရှိထားခဲ့သူလည်းဖြစ်သည်။

မင်းသမီးကြီး ရှာရွန်စတုန်းအနေဖြင့် ယခုနှစ်အတွင်းထွက်ရှိမည့် ဇာတ်ကားလေးကားဖြစ်သည့် What About Love၊ Mothers and Daughters၊ Running Wild၊ Darknet၊ The Masterpiece တို့တွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**[ဖြိုးစန္ဒာမြင့်]**



# ရီးယဲလ်မက်ဒရစ်အား ချန်ပီယံလိဂ်ဖလား မဆွတ်ခူးစေလိုတဲ့ မက်ဆီ

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီက သူ့အနေဖြင့် ရီးယဲလ်မက်ဒရစ်ထက်စာလျှင် အက်သလက်တီကို အသင်းကိုသာ ချန်ပီယံလိဂ်တွင် ဗိုလ်စွဲစေလိုကြောင်း သူ၏ဆန္ဒအား ထုတ်ဖော်ပြောကြားခဲ့သည်။ မက်ဆီက ဘာစီလိုနာအသင်းသားတိုင်းက ရီးယဲလ်မက်ဒရစ်အသင်းကို ဖလားလက်မဲ့ဖြစ်စေလိုသောကြောင့် မိမိတို့အသင်းအား ကွာတားဖိုင်နယ်တွင် ဖြုတ်ချခဲ့သည့် အက်သလက်တီကိုအသင်းကိုသာ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးရန် ပိုမိုလိုလားကြခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

"ကျွန်တော်တို့အားလုံးက အက်သလက်တီကိုအသင်းသာ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ဗိုလ်စွဲရင် အကြီးအကျယ် ကျေနပ်ပျော်ရွှင်မိကြမှာပါ။ အက်သလက်တီကိုဟာ အသင်းလိုက်မာကျောသလို ကစားပုံကလည်းကောင်းတော့ သူတို့ကို အနိုင်ယူဖို့ အသင်းတိုင်းက ခက်ခက်ခဲခဲရုန်းကန်ရမှာပါ။ ဘယ်ဘာကာကစားသမားက ချန်ပီယံလိဂ်မှာ ရီးယဲလ်မက်ဒရစ်ကို ဗိုလ်မစွဲစေချင်ဘူးဆိုတာဟာ သိပ်တော့ဆန်းကြယ်တဲ့ ကိစ္စရပ်တော့မဟုတ်ပါဘူး" ဟု မက်ဆီက အီးအက်စ်ပီအင်န်သတင်းဌာနနှင့် အင်တာဗျူးပြုလုပ်ရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ မက်ဆီက ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရခြင်းမှာ ဘာစီလိုနာအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်သောကြောင့် လာလီဂါနှင့် ကိုပါဒယ်ရေးဖလားနှစ်ခုလုံးရယူရန် စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ကြောင်းလည်း ဖြေကြားခဲ့သည်။

မေ လဲ့ သင်း - စု စည်း ရေး သား သည်

# ကျွန်တော်က ချယ်လ်ဆီးအတွက် အလုပ်လုပ်ပေးနေတာမဟုတ်ပါဘူး

နာမည်ကျော် ကစားသမားတွေဖြစ်တဲ့ ပေါ့ဘာနဲ့ လူကာကူတို့နှစ်ဦးစလုံးရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ ရှိုင်လိုရာက သူဟာ ချယ်လ်ဆီးကို ကစားသမားကောင်းတွေရဖို့ ချိတ်ဆက်ပေးနေတဲ့သူမဟုတ်ဘဲ ဒီကစားသမားနှစ်ဦးစလုံးကို ချယ်လ်ဆီးနဲ့ ချိတ်ဆက်ပေးနေတယ်ဆိုတဲ့သတင်းကို ငြင်းဆိုခဲ့ပါတယ်။ ရှိုင်လိုရာဟာ ဂျော့ဂျ်မန်းဒက်ဇ်လို နာမည်ကျော် ကစားသမားတွေရဲ့ ကိုယ်စားလှယ်ဖြစ်ပါတယ်။

ပေါ့ဘာဟာ ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာမယ့် ကွန်တီလက်အောက် ဂျူဗင်တပ်မှာ ခြေစွမ်းတောက်ခဲ့သူပါ။ ဒါကြောင့် ကွန်တီဟာ ပေါ့ဘာကို ချယ်လ်ဆီးအသင်းဆီ ခေါ်ယူချင်နေသလို အားနည်းနေတဲ့ တိုက်စစ်ပိုင်းအတွက်လည်း လူကာကူကို ခေါ်ယူဖို့ အရှိန်မြှင့်လုပ်ဆောင်နေတယ်လို့ သတင်းတွေထွက်လာခဲ့အပြီးမှာ ရှိုင်လိုရာက အခုလို ငြင်းဆန်ခဲ့တာဖြစ်ပါတယ်။ ရှိုင်လိုရာက " ကျွန်တော်အာမခံပေးနိုင်တာက ဒီသတင်းနဲ့ ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင်တောင် ဘာမှမသိပါဘူးဆိုတာပါပဲ။ ပြီးတော့ ကျွန်တော်ဟာ ချယ်လ်ဆီးရဲ့ အကျိုးဆောင်တစ်ယောက်လည်းမဟုတ်ပါဘူး" လို့ ရှင်းခဲ့တာဖြစ်ပါတယ်။

# မန်ယူနှင့် ချိတ်ဆက်မှုများ ပြုလုပ်နေသည့် အိုဖေးလ်

အာဆင်နယ်ကွင်းလယ် ဖန်တီးရှင် မီဆပ်အိုဇေးလ်မှာ ပရီမီယာလိဂ်ပြိုင်ဘက် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများ ပြုလုပ်နေသည်ဟု Tutto Mercato Web တွင် ဖော်ပြသည်။ မော်ရင်ဟိုသာ လာမည့်ရာသီ မန်ယူနည်းပြဖြစ်လာမည်ဆိုပါက အိုဇေးလ်ကို ဦးစားပေးခေါ်ယူသွားရန် ဆန္ဒရှိနေသလို အိုဇေးလ်ကလည်း ရီးယဲလ်မက်ဒရစ်တွင် လက်တွဲဖူးသည့် ဆရာဟောင်းနှင့် ပြန်ပေါင်းစည်းရန် လိုလားနေခြင်းဖြစ်သည်။

အိုဇေးလ်မှာ မော်ရင်ဟိုလက်အောက် ရီးယဲလ်မက်ဒရစ်၌ ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သော်လည်း မော်ရင်ဟို ချယ်လ်ဆီးသို့ ပြောင်းရွှေ့သွားပြီးနောက် နည်းပြ အန်စလော့တီလက်ထက်တွင် အာဆင်နယ်သို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ အာဆင်နယ်နည်းပြ ဝင်းဂါးကမူ အိုဇေးလ်ပြိုင်ဘက်မန်ယူအသင်းသို့ ပြောင်းရွှေ့မည့် ကိစ္စရပ်အား မလိုလားဘဲ ကန့်ကွက်နေသော်လည်း ဘုတ်အဖွဲ့ဝင်များကမူ မြင့်မားသည့် ပြောင်းရွှေ့ကြေး ရရှိလျှင် ရောင်းချနိုင်ကြောင်း သိရသည်။

# မန်စီးတီး လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်လျှင် ကစားသမားများ၏ အပြစ်သာဖြစ်

မန်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ခဲ့လျှင် ယင်းဖြစ်ရပ်အတွက် ကစားသမားများကိုသာ အပြစ်တင်ရမည်ဖြစ်ကြောင်း မန်စီးတီးနောက်ခံလူ ဆက်ဂ်နာက ဖွင့်ဟခဲ့သည်။ မန်စီးတီးသည် ဆောက်သမ်တန်အား ရှုံးနိမ့်ပြီးနောက် အာဆင်နယ်နှင့်လည်း သရေကျခဲ့ရာ အဆင့်(၅)နေရာရှိ မန်ယူအသင်းအား အဆင့်(၄)နေရာ လွှဲပြောင်းပေးရန် အခြေအနေဆိုက်ရောက်လာခြင်းဖြစ်သည်။ မန်စီးတီးတာဝန်ရှိသူများက လာမည့်ရာသီတွင် လက်ရှိနည်းပြ ပယ်လီဂရီနီနေရာ၌ ဘိုင်ယန်မြူးနစ် နည်းပြ ဂွါဒီယိုလာအား အစားထိုး ခန့်အပ်တော့မည်ဟု ကြေညာခဲ့ပြီးနောက် မန်စီးတီးရလဒ်များ ဆက်တိုက်ကျဆင်းလာခြင်းမှာလည်း တိုက်ဆိုင်မှုတစ်ခုပင်ဖြစ်သည်။

မန်စီးတီးမှာ လက်ကျန်ပွဲစဉ်တစ်ပွဲသာ ကစားရန်ကျန်ရှိတော့ချိန်တွင် မန်ယူအသင်းမှာ နှစ်ပွဲကစားရန်ကျန်ရှိသေးပြီး ရမှတ်မှာလည်း နှစ်မှတ်သာ ကွာဟတော့ရာ မန်ယူအသင်းသာ လက်ကျန်ပွဲစဉ် နှစ်ပွဲလုံး အနိုင်ကစားနိုင်ခဲ့လျှင် မန်စီးတီးအသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် သေချာပေါက် လွဲချော်တော့မည်ဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ ဆိုးရွားနေပြီး ဇယားထိပ်ဆုံးအသင်းရှစ်သင်းအားရင်ဆိုင်ခဲ့သည့် ပွဲစဉ် ၁၄ ပွဲတွင် နိုင်ပွဲတစ်ပွဲသာ ရှာဖွေနိုင်ခဲ့ခြင်းကြောင့် အသင်း၏ ဆုတ်ယုတ်လာမှုကို ပိုမိုထင်ရှားစေခဲ့သည်။ မန်စီးတီးသည် ရာသီအစတွင် ငါးပွဲဆက်တိုက်အနိုင်ကစားနိုင်ခဲ့ပြီးနောက် ချန်ပီယံဖြစ်ရန် ရေပန်းစားမှုအဆင့် အမြင့်ဆုံးအခြေအနေကိုရောက်ရှိခဲ့သော်လည်း ရာသီနှောင်းပိုင်းရလဒ်ဆိုးများကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ပင် လွဲချော်ရန် အခြေအနေရောက်ရှိခဲ့ခြင်းဖြစ်သည်။



# ချန်ပီယံဖြစ်ခွင့်အတွက် အမှားမခံတဲ့ လာလီဂါ

## လာလီဂါရင်ခုန်သံ - ၃၈

***လာလီဂါပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပွဲစဉ် ၃၈ ကို မေ ၁၅ ရက်မှာ တစ်ပြိုင်နက်ယှဉ်ပြိုင်ကစားသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကိုတို့ရဲ့ ချန်ပီယံဖြစ်နိုင်ခွင့်အတွက် အားစိုက်ကစားလာမယ့် ရုန်းကန်အားတွေကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။***

ရှိုင်းမင်းမင်း

**ဗလင်စီယာ - ဆိုစီဒက် ည ၉း၃၀ (၁၅-၅-၁၆)**

ဗလင်စီယာဟာ ဥရောပဝင်ခွင့်မျှော်လင့်နိုင်တဲ့ အခြေအနေမှာမရှိတော့တာကြောင့် ဒီနောက်ဆုံးပွဲစဉ်မှာ အသင်းလိုက် ရုန်းကန်ကစားအားက သာမန်လောက်သာရှိလာနိုင်ပါတယ်။ ဒါပေမယ့် ဗလင်စီယာဟာ အိမ်ကွင်းဖြစ်နေတာကြောင့် ဂရုတစိုက်တော့ကစားသွားမှာဖြစ်သလို လက်ရှိခြေစွမ်းလည်းမဆိုးပါဘူး။ ဒါ့အပြင် ဆိုစီဒက်ခြေကလည်း အခုနောက်ပိုင်းမှာ အားနည်းမှုတွေရှိနေတာကြောင့် ဗလင်စီယာတို့အခွင့်အရေးရနိုင်ကာကပ်နိုင်သွားနိုင်ပါတယ်။

**ဒီပို့တီဗို-ရီးယဲလ် ည ၉း၃၀ (၁၅-၅-၁၆)**

ရီးယဲလ်မက်ဒရစ်ဟာ ချန်ပီယံဖြစ်နိုင်ဖို့အတွက် အခုနောက်ဆုံးပွဲစဉ်မှာပါ အားစိုက်ကစားလာနိုင်ဖို့ ရှိနေပါတယ်။ ရီးယဲလ်မက်ဒရစ်ရဲ့ခြေကလည်း ကောင်းမွန်မှုရှိနေသလို တိုက်စစ်ပိုင်းကလည်း ထိုးဖောက်ပုံကောင်းမွန်နေပါတယ်။ ဒီပို့တီဗိုကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အတော်လေးအားနည်းမှုတွေရှိနေကာ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းဖြစ်နေပေမယ့် ဒီပို့တီဗိုတို့ရီးယဲလ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ ရီးယဲလ်ကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

**ဂီဂွန်-ဗီလာရီးယဲလ် ည ၉း၃၀ (၁၅-၅-၁၆)**

ဗီလာရီးယဲလ်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် သေချာနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အသင်းလိုက် ရုန်းကန်အားက ကျဆင်းလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဗီလာရီးယဲလ်ဟာ နောက်ဆုံးပွဲစဉ်ဖြစ်နေတာကြောင့် ဂရုတစိုက်တော့ ကစားသွားနိုင်ပါတယ်။ ဂီဂွန်ကတော့ တန်းမဆင်းရဖို့အတွက် အိမ်ကွင်းအားနဲ့ ရုန်းကန်ကစားလာမှာဖြစ်ပါတယ်။ လက်ရှိခြေလည်း မဆိုးဘူး။ သရေကျဖို့များနေပါတယ်။

**ဂရန်နာဒါ - ဘာစီလိုနာ ည ၉း၃၀ (၁၅-၅-၁၆)**

ဘာစီလိုနာဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရတာကြောင့် လာလီဂါ ဆုဖလားဆွတ်ခူးနိုင်ဖို့အတွက် အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ ဂရန်နာဒါကတော့အိမ်ကွင်းဖြစ်နေသလို လက်ရှိခြေစွမ်းပိုင်းလည်းမဆိုးပေမယ့် ဘာစီလိုနာကိုတော့ထိန်းချုပ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဘာစီလိုနာပဲ နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူသွားနိုင်မှာသေချာနေပါတယ်။

**ဘီဘာအို - ဆီဗီလာ ည ၉း၃၀ (၁၅-၅-၁၆)**

ဘီဘာအိုဟာ ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ဖို့သေချာနေပြီဖြစ်ပေမယ့်လည်း အဆင့် (၇)ရမှသာ အုပ်စုအဆင့်ကိုတိုက်ရိုက်ဝင်ခွင့်ရယူနိုင်မှာဖြစ်တာကြောင့် အခုအိမ်ကွင်းပွဲမှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်ဆီဗီလာကလည်း ခြေစွမ်းပိုင်းထက်မြက်တဲ့ အသင်းဖြစ်သလို တိုက်စစ်ပိုင်းကလည်း ကစားပုံကောင်းမွန်နေတာကြောင့် ဘီဘာအိုတို့ ဒီပွဲမှာလွယ်လွယ်တော့နိုင်ပွဲမရနိုင်ပါဘူး။ ဘီဘာအိုတို့ အိမ်ကွင်းအားနဲ့နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း သရေလောက်ပဲကစားနိုင်ဖို့ရှိတယ်။

**မာလာဂါ - လက်စ်ပဲလ်မက်စ် ည ၉း၃၀ (၁၅-၅-၁၆)**

မာလာဂါဟာဥရောပဝင်ခွင့် မျှော်လင့်နိုင်တဲ့အခြေအနေမှာမရှိတော့ပါဘူး။ ဒါကြောင့်လည်းအသင်းလိုက်အားစိုက်ကစားမှုမှာ အားလျော့လာနိုင်ပါတယ်။ ဒါပေမယ့် အခုပွဲက နောက်ဆုံးပွဲစဉ်ဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် မာလာဂါတို့ဂရုတစိုက် ကစားလာနိုင်သလို လက်စ်ပဲလ်မက်စ်ခြေကလည်းတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အိမ်ကွင်းမှာ ကစားပုံကောင်းတတ်တဲ့ မာလာဂါကပ်နိုင်မယ်။

**အက်သလက်တီကို-ဆယ်လ်တာ ည ၉း၃၀ (၁၅-၅-၁၆)**

အက်သလက်တီကိုခြေက ကောင်းနေသလို နောက်ဆုံးပွဲစဉ်အထိ အားစိုက်ကစားလာမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်နေလို့ အက်သလက်တီကို ပိုမိုအားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဆယ်လ်တာဗီဂိုခြေကလည်း ကောင်းမွန်နေတာကြောင့် အက်သလက်တီကို အခက်တွေ့နိုင်ကာ ကပ်ပြီးသာ နိုင်ခြေရှိပါတယ်။

# တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ပြောင်းလဲကျင့်သုံးလာသည့် နိုင်ငံတကာအယူအဆများ

**à ဇော်ဝင်း**

နိုင်ငံတော်အစိုးရသည် ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်စေရေးတို့အတွက် မူဝါဒများချမှတ်၍ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ စနစ်တကျစီမံ ဖော်ဆောင်လျက်ရှိပါသည်။

**အပြန်အလှန်အမှီသဟဲပြု**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့သည် အပြန်အလှန်အမှီသဟဲပြုနေသည့်အတွက် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံနှင့်ပြည်သူတို့အတွက် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ပင်ဖြစ်ပေသည်။

ဒီမိုကရေစီဖြစ်ထွန်းစနိုင်ငံတို့အတွက် မှုခင်းဖြစ်ပွားမှုနှုန်း မြင့်မားခြင်းသည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်စေနိုင်သဖြင့် ထိုအခြေအနေမျိုးသို့ မရောက်ရှိစေရေး မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို မူဝါဒများချမှတ်၍ ကြိုတင်ကာကွယ်ရန် အရေးတကြီးလိုအပ်ကြောင်း တွေ့ရှိရသည်။

အကြမ်းဖက်မှုများအပါအဝင် မျိုးစုံသောမှုခင်းများကြောင့် ကြေကွဲဖွယ်ရာ အသက်ဆုံးရှုံးမှုများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များကို ဖြစ်စေသည်သာမက နိုင်ငံသားတို့၏ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာတို့ကိုလည်း ထိခိုက်ပျက်စီးစေကာ တည်ငြိမ်သော ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် ကြီးမားသော အခက်အခဲများကို ဖြစ်ပေါ်စေတတ်သည်။

**ပြစ်မှု၏သားကောင်များ**

တစ်ချိန်တည်းမှာပင် ပြစ်မှု၏သားကောင်များ ဖြစ်ရရှာသော ပြည်သူအချို့မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေ၏အကာအကွယ်ကို တန်းတူညီမျှစွာ ရယူနိုင်ခြင်းမှ ဆုံးရှုံးစေသည့်အပြင် လွတ်လပ်စွာရှင်သန်မှုနှင့် အခွင့်အရေးများကိုလည်း လက်လွှတ်လိုက်ရပေတော့သည်။

ကမ္ဘာ့နိုင်ငံများ၏ မတူကွဲပြားသော မှုခင်းဖြစ်စဉ်များကိုဖြေရှင်းရာ၌ ပြောင်းလဲလာသည့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာအယူအဆများအပေါ် အခြေခံ၍ ထိုနိုင်ငံအစိုးရတာဝန်ရှိသူများ၊ သက်ဆိုင်သည့် အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ထိုနိုင်ငံသားများအားလုံးတို့ ပူးပေါင်းဆောင်ရွက်ကြသည့် အခြေအနေသို့ ပြောင်းလဲလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

အကျိုးဝင်သော အချက်အလက်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းသုံးသပ်လျက် စီစဉ်ရေးဆွဲထားသော မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒများသည် မှုခင်းနှင့်မှုခင်း၏ သားကောင် ဖြစ်ရခြင်းတို့ကို ကာကွယ်တားဆီးနိုင်ရုံသာမက ပြည်သူတို့၏ ဘေးကင်းလုံခြုံမှုကို မြင့်မားစေလျက် စဉ်ဆက်မပြတ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အထောက်အကူပေးနိုင်ပေသည်။ ထိရောက်ပြီး တာဝန်ယူမှုရှိသော မှုခင်းကာကွယ်တားဆီးမှုသည် နိုင်ငံသားအားလုံး၏ ဘဝအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ဖြည့်ဆည်းပေးနိုင်သည်။

**အဓိက ပြောင်းလဲမှုတစ်ခု**

မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အယူအဆများနှင့် စပ်လျဉ်း၍ လွန်ခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း အဓိက ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ၎င်းမှာ မှုခင်းကြိုတင်ကာကွယ်ရေးသည် ထိုနိုင်ငံ၏ ရဲတပ်ဖွဲ့တွင်သာ တာဝန်ရှိသည်ဟူသော ရှေးရိုးစွဲလက်ခံယုံကြည်မှုမှ ကဏ္ဍပေါင်းစုံဖြင့် စုပေါင်းလုပ်ဆောင်ရန် တာဝန်ရှိသည်ဟူသော အမြင်သဘောသို့ ပြောင်းလဲလာခြင်းဖြစ်သည်။

အကြမ်းဖက်မှုအပါအဝင် မှုခင်းများဖြစ်ပေါ်မှုကို တိုးမြင့်စေခြင်းနှင့် လျော့ကျစေခြင်း၏ အဓိကအကြောင်းအချက်များသည် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့်နီးကပ်စွာ အစဉ်သဖြင့် ဆက်နွှယ်နေလျက်ရှိပေသည်။

နိုင်ငံအစိုးရနှင့် အာဏာပိုင်အဆင့်ဆင့်တို့သည် မိမိပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ် တစ်ခုတည်းပေါ်တွင်သာ မှီခိုအားကိုးနေရန် မဖြစ်သင့်တော့ကြောင်း တွေ့ရှိလာရသည်။

**ဘဝရှေ့ရေးမျှော်လင့်ချက်များ မှေးမှိန်**

မှုခင်းများနှင့် မှုခင်း၏သားကောင်ဖြစ်ရခြင်းတို့အတွက် ဖြစ်သည့်အချိန်တွင်မှ တုံ့ပြန်ဆောင်ရွက်ရခြင်းထက် ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် အိုးအိမ်နေရာ၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုရေးဝန်ဆောင်မှုများစသည့်ကိစ္စရပ်များတွင် တာဝန်ရှိသည့် အစိုးရဌာနများက ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်၍ မှုခင်းဆိုင်ရာ ကြိုတင်ကာကွယ်မှုကို ဆောင်ရွက်ရမည်ဖြစ်သည်။

မှုခင်းများနှင့်မှုခင်း၏ သားကောင်ဖြစ်ရခြင်းတို့အတွက် ဖြစ်သည့် အချိန်တွင်မှတုံ့ပြန်ဆောင်ရွက်ရခြင်းထက် ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် အိုးအိမ်နေရာ၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုရေးဝန်ဆောင်မှုများစသည့် ကိစ္စရပ်များတွင် တာဝန်ရှိသည့် အစိုးရဌာနများက ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်၍ မှုခင်းဆိုင်ရာကြိုတင်ကာကွယ်မှုကို ဆောင်ရွက်ရမည်ဖြစ် . . .

ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်၏ မူလသဘာဝသည် ပြစ်မှုကျူးလွန်ပြီးမှ အရေးယူဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပြီး မှုခင်းကာကွယ်ရေးမှာမူ မှုခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှုပင်ဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းအားဖြင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးအတွက် စုံစမ်းစစ်ဆေးဆောင်ရွက်ရမှုများ၏ ကုန်ကျစရိတ်များ လျော့ကျစေကြောင်းကို လေ့လာတွေ့ရှိချက်များအရ ခိုင်မာစွာသိရှိရသည်။

မှုခင်းဖြစ်ပွားခြင်းကြောင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးအတွက် သုံးစွဲရသည့်ကုန်ကျစရိတ်များ ရှိလာခြင်းနှင့် နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှုစွမ်းအား ဆုံးရှုံးခြင်းအပြင် ပြစ်မှုကျူးလွန်သူများနှင့် ယင်းတို့၏မိသားစုဝင်များတွင်လည်း ဘဝရှေ့ရေးမျှော်လင့်ချက်များ မှေးမှိန်စေမည်ဖြစ်သည်။

**ဝန်ထုပ်ဝန်ပိုးတစ်ရပ်**

ထို့ပြင် ရေရှည်လူမှုစီးပွားကုန်ကျစရိတ်များကို ရပ်တည်ဖြေရှင်းနိုင်ရန်လည်း ဝန်ထုပ်ဝန်ပိုးတစ်ရပ်ရှိလာမည်ဖြစ်ပေသည်။ ခန့်မှန်းတွက်ချက်မှုများအရ ယင်းကုန်ကျစရိတ်များသည် ပြစ်မှုဆိုင်ရာတရားစီရင်ရေး ကုန်ကျစရိတ်များထက်ပင် ပိုမိုနိုင်ကြောင်းသိရှိရသည်။

လူမှုရေးရာဆောင်ရွက်ချက်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်စေခြင်း၊ လူ့အဖွဲ့အစည်းများပြန်လည်တည်ဆောက်ခြင်း စသည်တို့ကဲ့သို့သော အချိန်မီကြိုတင်ကာကွယ်မှုများကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးသည် မြို့ပြတစ်ခု သို့မဟုတ် နိုင်ငံတစ်ခု၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သုံးစွဲမှုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်ခြင်းပင်ဖြစ်သည်။

**အကျိုးကျေးဇူးများ**

လွန်ခဲ့သော ဆယ်စုနှစ်ကာလတစ်လျှောက်လုံး ပြုလုပ်ခဲ့သော မှုခင်းကြိုတင်ကာကွယ်ရေး အစီအစဉ်များ၏ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးဆိုင်ရာ လေ့လာချက်များအရ ကြိုတင်ကာကွယ်မှု အစီအစဉ်များသည် ပြစ်မှုဆိုင်ရာတရားစီရင်ရေး ကုန်ကျစရိတ်များကို လျော့ကျစေသည့်အပြင် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ပိုမိုလျော့ကျစေသည့် အကျိုးကျေးဇူးများကိုပါ ရရှိစေသည်။

မှုခင်းကြိုတင်ကာကွယ်ရေး၏ သဘောတရားသည် အမျိုးမျိုးသော အကြောင်းရင်းခံများ၏ တွန်းပို့မှုကြောင့် မှုခင်းနှင့် မှုခင်း၏သားကောင်ဖြစ်ရသည်ဟူသော အယူအဆကို အခြေခံထားသည်။ အဆိုပါ မှုခင်းဖြစ်စေနိုင်သည့် အခြေခံဆိုးကျိုးသက်ရောက်မှုများမှာ ကမ္ဘာလုံးဆိုင်ရာအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံအဆင့်၊ လူတစ်ဦးချင်းအဆင့်ဟူ၍ ခွဲခြားလျက်တည်ရှိနေသည်။

**ဆိုးရွားသောအကျိုးဆက်**

လူအုပ်စုလိုက် ရွှေ့ပြောင်းမှုများ၊ လျင်မြန်စွာတိုးတက်ပြောင်းလဲလာစေသည့် မြို့ပြတည်ဆောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကပ်ဆိုးများ၊ သဘာဝဘေးအန္တရာယ်ကပ်ဆိုးများ၊ ကုန်သွယ်မှုနှင့် ဆက်သွယ်ရေးပုံစံပြောင်းလဲမှုများစသည်တို့ကြောင့် နိုင်ငံနှင့်ဒေသများအတွက် ကမ္ဘာလုံးဆိုင်ရာ ဆိုးရွားသောအကျိုးဆက်များ ဖြစ်စေနိုင်ကြောင်း တွေ့ရှိရသည်။ အဆိုပါကိစ္စရပ်များကြောင့် နိုင်ငံတစ်ခု သို့မဟုတ် ဒေသတစ်ခု၏ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများနှင့် အုပ်ချုပ်ရေးစွမ်းဆောင်ရည်ကိုပါ အကျိုးသက်ရောက်စေနိုင်သည်။

နိုင်ငံတစ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ဆင်းရဲချမ်းသာကွာဟမှု၊ မိသားစုဝင်ငွေကွာဟမှု၊ အမျိုးမျိုးသော အကျင့်ပျက်ခြစားမှု၊ လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အဖွဲ့အစည်းတို့၏ အရည်အသွေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ပုံစံများကွဲပြားမှု စသည်တို့သည် နိုင်ငံအဆင့်တွင် မှုခင်းနှင့်မှုခင်း၏သားကောင် ဖြစ်ပွားမှုတိုးပွားစေသော အခြေအနေများကို ဖန်တီးနိုင်သည်။

စာမျက်နှာ ၁၆ သို့

## ကရင်ပြည်နယ်၌ ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**သံတောင်ကြီး မေ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ကရင်ပြည်နယ်မြောက်ပိုင်းဒေသများဖြစ်ကြသော သံတောင်ကြီးမြို့နယ် လိပ်သိုမြို့နှင့်ဘောဂလိမြို့များအတွင်း အစိုးရသစ် ရက် ၁၀၀ စီမံချက်ကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၂ ရက် နံနက်ပိုင်းမှစတင်ကာ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် လိပ်သိုမြို့ ဇလဲကျေးရွာအုပ်စု ခြံပိုင်ရှင် ဦးသိန်းဇော်စိုက်ပျိုးထားသော Robusta ကော်ဖီခြံအား ကြည့်ရှုကာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ လိပ်သိုမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မြို့စည်ပင်သာယာလှပစေရေးအတွက် အမှိုက်သိမ်းယာဉ်များအား ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများက တောင်းဆိုခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ပြီး ဧပြီ ၃၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အလယ်ချောင်းအောက်ကျေးရွာ၊ မောင်ကျော်အောက်ကျေးရွာ၊ လာမယ်ဖိုလီကျေးရွာ၊ ထီးသာစောကျေးရွာ၊ တောင်ဇလဲကျေးရွာများမှ နေအိမ်များပျက်စီးခဲ့မှုအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ထောက်ပံ့ငွေများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ပေးအပ်ရာ သက်ဆိုင်ရာမိသားစုများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လိပ်သိုတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး (၂၅) ခုတင်ဆံ့ ဆေးရုံသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ သံတောင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ကျောက်တိုင်)သို့ ရောက်ရှိပြီး လင်ဇီးမှိုနှင့် ကော်ဖီမျိုးကောင်းမျိုးသန့်များစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ရွာကြီးကျေးရွာအုပ်စု သူဌေးကုန်းရွာသစ်ရှိ ဦးစောစေးခူ၏ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသေးစားမွေးမြူရေး စံပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် မွေးမြူထားသော ဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် သံတောင်မြို့ ပသိခန်းမအတွင်း၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့/ထောက်ကော်မတီများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာဒေသအတွင်းလိုအပ်ချက်များ အသီးသီးတင်ပြကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## စက်မှုလယ်ယာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလယ်ယာဦးစီးဌာန လက်အောက်ခံအဖွဲ့အစည်းများဖြစ်သည့် ပင်မပစ္စည်းသိုလှောင်ရုံအဆင့်(က)၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးနှင့် ထွန်စက်စခန်းများ၊ အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံ၊ အမှတ်(၁)လယ်ယာသုံးသုတေသနအလုပ်ရုံ၊ ဌာနတွင်းစာရင်းစစ်အဖွဲ့ရုံး(အောက်မြန်မာပြည်)စသည့် လက်အောက်ခံအဖွဲ့အစည်းအားလုံးမှ ဝန်ထမ်းများအား အဂတိလိုက်စားမှု ကင်းရှင်းပပျောက်ရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် ဝန်ထမ်းများ၏ဆောင်ရွက်ချက်ကို သိရှိရန်နှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဝန်ထမ်းတွေ့ဆုံပွဲများနှင့် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ရက် ၁၀၀ ကာလအတွင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရမည့် စီမံချက်အား ကျိုက္ကလို့ စက်မှုလယ်ယာအလုပ်ရုံဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ သင်တန်းသား သင်တန်းသူ ၇၂ ဦး တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပုလဲမောင်၊ ညွှန်ကြားရေးမှူး(စက်ပစ္စည်း)ဦးအောင်ဇော်၊ သိုလှောင်ရုံ(က)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုအောင်တို့က အသေးစိတ်ရှင်းလင်းပြီးနောက် တက်ရောက်လာကြသူများက အသေးစိတ်ပြန်လည်ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**(ဧရာကြိုင်)**

# တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ပြောင်းလဲကျင့်သုံးလာသည့် နိုင်ငံတကာအယူအဆများ

စာမျက်နှာ ၁၅မှ အဆက်

**မှုခင်းဖြစ်ပွားမှု တိုးပွားစေနိုင်**

ပြည့်စုံလုံလောက်မှုမရှိသော လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံ ဘဏ္ဍာငွေကြေးနှင့် အုပ်ချုပ်မှုအာဏာ၊ ဆင်းရဲနွမ်းပါးသော အိုးအိမ်နေရာနှင့် ပတ်ဝန်းကျင် အခြေအနေများ၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ချို့တဲ့မှု သို့မဟုတ် ကင်းမဲ့မှု၊ အလုပ်လက်မဲ့နှုန်းမြင့်မားမှုနှင့် မူးယစ်ဆေးဝါးနှင့်လက်နက်များ အလွယ်တကူရရှိနိုင်မှုစသည်တို့သည် ဒေသတွင်းဆိုင်ရာ အဆင့်တွင် မှုခင်းဖြစ်ပွားမှုများကို တိုးပွားစေနိုင်သည်။

ရန်မူလိုသည့် အမူအကျင့်များကို ဖြစ်စေသော ငယ်စဉ်က တွေ့ကြုံခဲ့ရသည့် အကြောင်းအရာများ၊ မူးယစ်ဆေး အလွန်အကျွံသုံးစွဲခြင်းကဲ့သို့သော မျိုးရိုးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းတရားများသည် လူတစ်ဦးချင်းအဆင့်တွင် ပြစ်မှုကျူးလွန်ခြင်းနှင့် ပြစ်မှု၏ သားကောင်ဖြစ်ရခြင်းတို့ ဖြစ်စေနိုင်သော အကြောင်းရင်းခံများဖြစ်သည်ကို တွေ့ရှိရသည်။

မိဘတို့၏ ကြမ်းတမ်းသော သို့မဟုတ် လွဲမှားသော အုပ်ထိန်းမှုများကြောင့် ဖြစ်ရသော မိသားစုလက္ခဏာများ၊ မိသားစုပဋိပက္ခနှင့် အကြမ်းဖက်မှုများ၊ ဆင်းရဲနွမ်းပါးမှုနှင့် အထီးကျန်ဆန်မှုကဲ့သို့သော မိသားစုအခြေအနေများ၊ ဥပဒေကိုချိုးဖောက်ပြီး ပြစ်မှုကျူးလွန်တတ်သော အပေါင်းအသင်းများနှင့်ဆက်ဆံမှုများ စသည်တို့သည် လူမှုပေါင်းသင်းဆက်ဆံရေးကြောင့် မှုခင်းဖြစ်ပွားစေနိုင်သော အကြောင်းရင်းခံများဖြစ်သည်။

လူတစ်ဦးချင်းအဆင့်မှသည် ကမ္ဘာလုံးအဆင့်အထိ မှုခင်းအန္တရာယ် ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းခံများကို သိရှိခြင်းအားဖြင့် နိုင်ငံအဆင့်မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဦးစားပေးလုပ်ဆောင်ရမည့် နည်းလမ်းများရှာဖွေရာတွင် ထိရောက်အောင်မြင်စေမည် ဖြစ်သည်။

**မူဝါဒသဘောတရား (၈)ရပ်**

မှုခင်းအန္တရာယ်ဖြစ်နိုင်ခြေရှိသော အကြောင်းတရားများကိုအခြေခံ၍ နိုင်ငံတော်အဆင့် မှုခင်းကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဖော်ဆောင်ရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အောက်ပါ မူဝါဒသဘောတရား (၈)ရပ်ကို ချမှတ်ထားရှိသည်-

(က) **နိုင်ငံအစိုးရ၏ ခေါင်းဆောင်မှု။** ထိရောက်၍ လူသားချင်း စာနာထောက်ထားမှုရှိသော မှုခင်းကြိုတင်ကာကွယ်ရေး မူဝါဒများရေးဆွဲ၍ အကောင်အထည်ဖော်ခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းတို့တွင် အားလုံးသော အာဏာပိုင်အဆင့်ဆင့်တို့က ဦးဆောင်ပါဝင်သင့်သည်။

(ခ) **လူမှုစီးပွားဖွံ့ဖြိုးမှုနှင့်ပါဝင်မှု။** မှုခင်းကြိုတင်ကာကွယ်ရေး မူဝါဒများကို သုံးသပ်ရာ၌ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နှင့် မြို့ပြစီမံရေး၊ ဆင်းရဲနွမ်းပါးမှု၊ လူမှုဘဝနိမ့်ချခံရမှုနှင့် ဝိုင်းပယ်ခံရမှု စသည်တို့ကို ကိုင်တွယ်ဖြေရှင်းခြင်း အပါအဝင် သက်ဆိုင်သောလူမှုရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များအားလုံးကို ပါဝင်စေသင့်သည်။

(ဂ) **ပူးပေါင်းဆောင်ရွက်ခြင်းနှင့်မိတ်ဖက်ဆောင်ရွက်မှုများ။** ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်မှုများကို ထိရောက်မှုရှိသော မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အစိတ်အပိုင်းတစ်ခုအဖြစ် ပေါင်းစည်းပေးသင့်သည်။ ယင်းတွင် အစိုးရဌာနအချင်းချင်းနှင့် အာဏာပိုင်များအကြား၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးကဏ္ဍနှင့် ပြည်သူပြည်သားအားလုံး ပူးပေါင်းပါဝင်သင့်သည်။

(ဃ) **စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မှုနှင့် တာဝန်ယူမှု။** မှုခင်းကြိုတင်ကာကွယ်ရေးအား စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရန် လုပ်ငန်းများနှင့်ဖွဲ့စည်းမှုများဆိုင်ရာ ရန်ပုံငွေရရှိရေးအပါအဝင် ပြည့်စုံလုံလောက်သော အရင်းအမြစ်များလိုအပ်သည်။ ထို့ပြင် ရန်ပုံငွေသုံးစွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းတို့နှင့် ရည်မှန်းချက်များ အောင်မြင်စေရန် ဆောင်ရွက်ခြင်းတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့ ရှိရမည်။

(င) **အသိအမြင်ဗဟုသုတကို အခြေခံခြင်း။** မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် မှုခင်းပြဿနာများ၊ ယင်းတို့ကိုဖြစ်စေသော အကြောင်းရင်းများ၊ အောင်မြင်မှုရှိခဲ့သည့် အစဉ်အလာနှင့် အတွေ့အကြုံကောင်းများကို အခြေခံ၍ ကျယ်ကျယ် ပြန့်ပြန့် ဘက်ပေါင်းစုံမှ လေ့လာရေးဆွဲ ဆောင်ရွက်ရမည်။

(စ) **လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကို လေးစားလိုက်နာတတ်သည့် အလေ့အထကောင်းများ။** မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် အားလုံးသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ မှုခင်းကြိုတင်ကာကွယ်ရေးတွင် ဥပဒေကိုလေးစားလိုက်နာတတ်သော အလေ့အထထုံးတမ်းစဉ်လာများ သက်ဝင်ကျင့်သုံးလာအောင် မြှင့်တင်ပေးရန်လိုအပ်သည်။

(ဆ) **အပြန်အလှန်မှီခိုနိုင်ခြင်း။** အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒများရေးဆွဲချမှတ်ခြင်းနှင့်ဆန်းစစ်ချက်များ ပြုလုပ်ရာတွင် ဒေသတွင်းမှုခင်းများနှင့် နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်သည့် မှုခင်းများအကြား ဆက်နွယ်မှုများကိုလည်း ထည့်သွင်းသုံးသပ်ရေးဆွဲသင့်သည်။

(ဇ) **ခွဲခြားသိမြင်ခြင်း။** မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒများရေးဆွဲရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ကွဲပြားသော လိုအပ်ချက်များ၊ လူ့အဖွဲ့အစည်းအတွင်း အားနည်းသူတို့၏ အထူးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

**မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒ**

မှုခင်းကြိုတင်ကာကွယ်ရေး မူဝါဒသည် နိုင်ငံတော်လုံခြုံရေးဆိုင်ရာမူဝါဒ၏ အဓိက အစိတ်အပိုင်း ဖြစ်သကဲ့သို့ မှုခင်းလျော့ကျရေး၊ မှုခင်းတိုက်ဖျက်ရေး၊ မှုခင်းကြောင့် ဆိုးကျိုးခံရသူများကို အကာအကွယ်နှင့် အကူအညီပေးရေးတို့အတွက် အဓိကအကြောင်းရင်းလည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ လက်ရှိမှုခင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုစနစ်တွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားရေးအဖွဲ့အစည်းများနှင့် ရဲတပ်ဖွဲ့ဝင်များကသာ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့အပေါ် အားပြုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ပြောင်းလဲလာသည့် မှုခင်းကြိုတင်ကာကွယ်ရေး အယူအဆများအရ ရဲတပ်ဖွဲ့နှင့်တရားစီရင်ရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ ပြန်လည်ပေါင်းစည်းရေး၊ လူထုလူတန်းစား အဖွဲ့အစည်း အသီးသီး၊ မီဒီယာစသည့် ကဏ္ဍများနှင့်လုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးတို့အတွက် အထောက်အကူဖြစ်စေသည့် မြို့ပြတည်ဆောက်မှု ဒီဇိုင်းများကို ပုံဖော်နေသည့် မြို့စည်ပင်သာယာရေးအဖွဲ့နှင့် အိုးအိမ်မြေယာဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်တို့အကြားတွင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ မှုခင်းဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်သဘောတရား (၈)ချက်နှင့် ကိုက်ညီစေပြီး အခြေခံအဆင့်မှ ဗဟိုအဆင့်ထိ အဆင့်ဆင့်သော အုပ်ချုပ်ရေးအာဏာပိုင်များက ခေါင်းဆောင်မှုအပိုင်းတွင် ပါဝင်ပြီး သက်ဆိုင်ရာ အစိုးရဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ အားလုံးပါဝင်နိုင်သည့် အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာမူဝါဒတစ်ရပ် ရေးဆွဲပြီး ၎င်းကိုအခြေခံ၍ အုပ်ချုပ်မှုအာဏာပိုင်အဆင့်ဆင့်တို့က စီမံချက်များ အဆင့်လိုက်ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

**အကြောက်တရားကင်းသော အနာဂတ်ဆီသို့**

ပြည်သူများအတွက် တရားဥပဒေစိုးမိုး၍ အေးချမ်းသာယာပြီး အကြောက်တရားကင်းသော အနာဂတ်ဆီသို့ ဦးတည်နိုင်ရေးဆောင်ရွက်ကြရာတွင် ပြောင်းလဲတိုးတက်လာသည့် ခေတ်ကာလနှင့်လျော်ညီသည့်အကြမ်းဖက်မှုများနှင့် မှုခင်းကြိုတင်တားဆီးကာကွယ်ရေး စီမံချက်ချမှတ်ဖော်ဆောင်ခြင်းသည် မရှိမဖြစ်လိုအပ်သည်။

ယနေ့ကာလတွင် တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံသော လူ့အဖွဲ့အစည်းများ ဖြစ်လာအောင် ဖန်တီးရာ၌ နိုင်ငံတော်အစိုးရတစ်ရပ်တည်းကသာ တာဝန်ခံဆောင်ရွက်ရန်မှာ များစွာခက်ခဲမည်ဖြစ်သည်။ နိုင်ငံအသီးသီး၏ ကွဲပြားသော အနေအထားတို့အရ မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒများသည်လည်း တူညီနိုင်မည်မဟုတ်ပေ။ မိမိနိုင်ငံ၏ မှုခင်းကြိုတင်တားဆီးကာကွယ်ရေးစနစ်ကို ရေတို၊ ရေရှည် စီမံချက်များချမှတ်၍ ကမ္ဘာ့ခေတ်သစ်ပြောင်းလဲမှုများနှင့်အညီ စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကားသည့်စာအုပ်များ**

(၁) Handbook on the Crime prevention Guideline; Making them work. Criminal justice Handbook Series UNODC. 2010

(2) United Nations Standards and Norms in Crime Prevention at your finger tips. UNODC

## ဘားအံမြို့နယ်အတွင်း သောက်သုံးရေများဖြန့်ဝေလှူဒါန်း

**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးလျက်ရှိသော ကျေးရွာသုံးရွာရှိ အိမ်ခြေ ၃၅၅ အိမ်အား ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် သုံးရက်တစ်ကြိမ် အလှည့်ကျအနေဖြင့် သောက်ရေသန့်နှင့် သုံးရေများကို မေ ၈ ရက် နံနက်ပိုင်းမှစတင်ကာ ဒုတိယအကြိမ် ဖြန့်ဝေပေးကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်ကုန်းကျေးရွာရှိအိမ်ခြေ ၁၁၃ လုံးမှ လူဦးရေ ၅၈၉ ဦး၊ ငါးနက်ပြာကျေးရွာရှိအိမ်ခြေ ၁၀၇ လုံးမှ လူဦးရေ ၅၈၆ ဦး၊ ဆင်ကျုံးကျေးရွာအုပ်စု တောကြီးကုန်းကျေးရွာရှိ အိမ်ခြေ ၁၃၅ လုံးရှိ လူဦးရေ ၅၉၈ ဦး သောက်သုံးရေများ အဆင်ပြေစေရေးအတွက် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ပြည်နယ်မှူး ဦးလင်းထွဋ်၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးစီးအရာရှိ ဦးအာကာမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် အလှူရှင်များ၏ ပူးပေါင်းလှူဒါန်းသော လီတာ ၃၀၀၀ ဆံ့ ရေသန့်ကားတစ်စီး၊ ဘားအံမြို့ ဖာမဲ့တောင်ရေလှောင်ကန်မှ သယ်ယူသော ဂါလန် ၈၀၀ ဆံ့ သုံးရေတင်မီးသတ်ယာဉ်တစ်စီးနှင့် ၁၆၀၀ ဂါလန်ဆံ့ သုံးရေတင် မီးသတ်ယာဉ်တစ်စီး စုစုပေါင်း ရေဂါလန် ၂၄၀၀ အား ဖြန့်ဝေလှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါကျေးရွာများသို့ သုံးရက်လျှင် တစ်ကြိမ် သွားရောက်၍ သောက်သုံးရေများဖြန့်ဝေလှူဒါန်းပေးသွားမည်ဖြစ်ပြီး ရေရှားပါးသည့် အခြားကျေးရွာများသို့လည်း လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**





## ရန်ကင်း Online ပရဟိတအဖွဲ့သို့ လှူဒါန်းငွေများဖြင့် ရေရှားပါးရာဒေသသို့ ငွေကျပ် ၁၅ သိန်းခန့် တန်ဖိုးရှိ သောက်ရေသန့်များလှူဒါန်း

**ရန်ကုန် မေ ၁၀**

ရန်ကင်း Online ပရဟိတအဖွဲ့သို့ လှူဒါန်းငွေများဖြင့် သောက်သုံးရေရှားပါးနေသော ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ ဘီအိုစီမြို့သစ်(၁)ရပ်ကွက်သို့ မေ ၈ ရက် နံနက်က ငွေကျပ် ၁၅ သိန်းခန့် တန်ဖိုးရှိ သောက်ရေသန့်များကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခနောင်တိုအရှေ့ ဘီအိုစီမြို့သစ်(၁)ရပ်ကွက်တွင် အိမ်ထောင်စု ၄၈၀ ခန့်မှ လူဦးရေ ၁၀၀၀ ခန့် နေထိုင်ပြီး အဆိုပါကျေးရွာတွင် မြေသားရေကန်လေးကန်ရှိကာ အဆိုပါရေကန်များသည် နှစ်စဉ်မေလခန့်မှစတင်၍ ရေများခန်းခြောက်ကာ ဒေသခံပြည်သူများ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လေ့ရှိကြသည်။

"ကျွန်တော်တို့ ဒီမှာရှိတဲ့ မြေသားရေကန်လေးကန်က ရေကိုသုံးရတယ်။ ရေခန်းတဲ့အခါ ချောင်းထဲကရေချိုကို ရသလောက်သွင်းပြီး ခွဲဝေသုံးကြရတယ်။ ရေရှားတဲ့ဒုက္ခကို နှစ်စဉ် တစ်လခွဲလောက်တော့ ခံကြရတယ်။ ကျွန်တော်တို့အတွက် အရေးကြီးတာ သောက်ရေဖြစ်တဲ့အတွက် ရေကန်တွေကို အလှူရှင်တွေလာပြီး ပြုပြင်လှူဒါန်းပေးစေချင်တယ်။ ရေတွင်းတူးတော့လည်း ရေငန်သာထွက်တဲ့အတွက် ခေတ်အဆက်ဆက် ရေချိုမရဘူး" ဟု ရပ်ကွက်ဆယ်အိမ်မှူး ကိုမောင်စိုးက ပြောကြားသည်။

ယနေ့လှူဒါန်းရာတွင် အဆိုပါရပ်ကွက်သို့ ငွေကျပ် ၁၅ သိန်းခန့် တန်ဖိုးရှိ တစ်လီတာ ခြောက်လုံးတွဲ ရေသန့်ကတ် ၆၀၀ ခန့်နှင့် လီတာ ၂၀ ဆံ့ဘူးကြီး ၈၅၀ ခန့်ကို လှူဒါန်းခဲ့ပြီး မေ ၁၅ ရက်တွင် ဆိပ်ကြီးအရှေ့ ရပ်ကွက်များနှင့် ခနောင်တိုအနောက်ရှိ ရပ်ကွက်ကိုလည်း ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သာညဏ်)**

# ရှေးဟောင်းသုတေသနပညာရှင်များ မွေးထုတ်ပေးရာ ကျောင်းတော်

à မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

ရှေးဟောင်းသုတေသန ဦးစီးဌာနသည် မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့၏လက်အောက်ခံဘဝ ကျရောက်သောကာလ ၁၉၀၂ ခုနှစ်၌ ကမ္ဘည်းကျောက်စာဌာန အမည်နှင့် စတင်သန္ဓေတည်ပေါက်ဖွားခဲ့သည့် သမိုင်းသက်တမ်းကြာရှည်ခဲ့သော ဦးစီးဌာနတစ်ခု ဖြစ်ပါသည်။ သို့သော် ၂၀၀၅ ခုနှစ်မတိုင်မီအချိန်ထိ ခေတ်အဆက်ဆက်တွင် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သက်ဆိုင်ရာဘာသာရပ်နှင့် ပတ်သက်သော နည်းပညာရပ်များကို ပြည်ပနိုင်ငံများသို့သာ သွားရောက်ဆည်းပူးခဲ့ကြရပြီး ပြည်တွင်းတွင်ဌာနမှ ဖွင့်လှစ်သောရက်တိုသင်တန်းများလောက်သာ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ ဆွေးနွေးညှိနှိုင်းကာ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း တစ်ကျောင်းကို သရေခေတ္တရာမြို့ဟောင်း(ပြည်)တွင် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် တင်ပြခဲ့ကြသည်။ အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃၃/၂၀၀၄)အရ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်) ၏ ဖွဲ့စည်းပုံကို ကျောင်းအုပ်ကြီးကွပ်ကဲသော ဝန်ထမ်းစုစုပေါင်းအင်အား ၂၁၈ နေရာနှင့် ဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။

ဘွဲ့ရပြီးသူများအတွက် ဘွဲ့လွန်သင်တန်းဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်သူအား ဒီပလိုမာဘွဲ့လက်မှတ် ပေးအပ်နိုင်ရန်အတွက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ရှေးဟောင်းသုတေသနဦးစီးဌာနတို့ ပူးပေါင်းပြီး ဖွင့်လှစ်စေခဲ့ခြင်း ဖြစ်ပါသည်။ သင်တန်းကျောင်းတွင် သင်ကြားပို့ချပေးသော ဘာသာရပ်များကလည်း ရှေးဟောင်းသုတေသနပညာရပ်တို့ကို လက်တွေ့ကျကျ အကျိုးရှိရှိအသုံးပြုနိုင်မည့် စာတွေ့လက်တွေ့ဆိုင်ရာ နည်းပညာရပ်များဖြစ်သောကြောင့် သင်တန်းသားများအတွက်ရော၊ ရှေးဟောင်းသုတေသနလုပ်ငန်းအတွက်ပါ ရေရှည်အကျိုးရှိစေနိုင်မည် ဖြစ်ပါသည်။ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)တွင် ဘွဲ့လွန်ရှေးဟောင်းသုတေသနအသုံးချနည်းပညာ ဒီပလိုမာတစ်နှစ်သင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်မှာ-

(၁) ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားလေးစားမြတ်နိုးထိန်းသိမ်းတတ်ကြစေရန်၊
(၂) ဘွဲ့ရပြီးသူများအတွက် ရှေးဟောင်းသုတေသနဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် စာတွေ့လက်တွေ့တက်ရောက်ဆည်းပူး လေ့လာသင်ယူနိုင်ကြစေရန်၊
(၃) ရှေးဟောင်းသုတေသနရပ်ဆိုင်ရာ ခေတ်မီနည်းပညာများကို မျက်ခြည်မပြတ် လေ့လာပြီး လက်တွေ့အသုံးချနိုင်စေရန်၊
(၄) ရှေးဟောင်းသုတေသနဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုစနစ်ကျနပြီး ထိရောက်စွာဆောင်ရွက်နိုင်စေရန်၊
(၅) ရှေးဟောင်းသုတေသနဦးစီးဌာနတွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော ဝန်ထမ်းများ စဉ်ဆက်မပြတ် စုဆောင်းအားဖြည့် သင်ကြားလေ့ကျင့်ပေးသွားရန်တို့ဖြစ်ပါသည်။



ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် မှော်ဇာကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ သရေခေတ္တရာမြို့ဟောင်းတွင် တည်ရှိပါသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့တော်ဟောင်း၏ မြောက်ဘက် မြို့ရိုး၏အတွင်းဘက် နတ်ပေါက်တံခါးအဝင်ပေါက်အနီး ကပ်လျက်တည်ရှိပါသည်။ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၏ မြေနေရာသည် ပြည်မြို့နယ် မှော်ဇာကျေးရွာအုပ်စု လင်းရွာကွင်းအမှတ်(၇၄၇-A)၊ တွင်းပြည်းကျေးရွာအုပ်စု ကုန်းရိုးကွင်းအမှတ်(၇၄၇-B) အကြားတွင် တည်ရှိပါသည်။ မြေနေရာအကျယ်အဝန်းမှာ စုစုပေါင်း ၁၉၈ဧက ကျယ်ဝန်းပါသည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)တွင် ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း ( PGDAA= Post Graduate Diploma in Applied Archaeology Course )ကို သင်ကြားပို့ချပေးလျက် ရှိပါသည်။ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)တွင် မည်သည့်ဘွဲ့ကိုမဆို ဘွဲ့တစ်ခုခုရရှိပြီးသူတိုင်း ကျောင်းဝင်ခွင့်လျှောက်ထားနိုင်ပြီး ဝင်ခွင့်လူတွေ့စာမေးပွဲအောင်မြင်သူများသည် ဘွဲ့လွန်ဒီပလိုမာတစ်နှစ်သင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ တစ်နှစ်သင်တန်းဖြစ်ပြီး ပထမနှစ်ဝက်ကို နိုဝင်ဘာလမှ မတ်လအထိ သတ်မှတ်ပြီး ဧပြီလကို ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်ထားပါသည်။ ဒုတိယနှစ်ဝက်ကို မေလမှ အောက်တိုဘာလအထိ သတ်မှတ်ထားပါသည်။ ပညာသင်နှစ်အတွက် သင်တန်းသားသစ်လျှောက်လွှာများကို အောက်တိုဘာလတွင် နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပြီး နိုဝင်ဘာလတွင် သင်တန်းသားသစ်များကို စစ်ဆေးခေါ်ယူမှုပြုပါသည်။

စာမေးပွဲများ ဖြေဆိုအောင်မြင်ပါက ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်းဘွဲ့ကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် အပ်နှင်းမည်ဖြစ်ပါသည်။ မဟာဝိဇ္ဇာသင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီအောင်မြင်ပါက ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသန ပညာဌာနတွင် မဟာဝိဇ္ဇာသင်တန်း တက်ရောက်ခွင့်လျှောက်ထားဖြေဆိုနိုင်ပြီး ဝင်ခွင့်အောင်မြင်ပါက မဟာဝိဇ္ဇာသင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းတွင် သင်ကြားပို့ချပေးနေသော ဘာသာရပ်များမှာ -

(၁) ရှေးဟောင်းသုတေသန ကွင်းဆင်းတူးဖော်မှုနည်းပညာ၊
(၂) ရှေးဟောင်းသုတေသနဆိုင်ရာ သိပ္ပံပညာရပ်များ၊
(၃) သမိုင်းမတင်မီကာလ ရှေးဟောင်းသုတေသနပညာ၊
(၄) အကြိုသမိုင်းမတင်မီကာလ ရှေးဟောင်းသုတေသနပညာ၊
(၅) သမိုင်းတင်ကာလ ရှေးဟောင်းသုတေသနပညာ၊
(၆) ခေတ်ဟောင်းအနုပညာနှင့်ဗိသုကာ၊
(၇) ကျောက်စာနှင့်ဒင်္ဂါးများလေ့လာမှု၊
(၈) ခေတ်ဟောင်းအနုပညာနှင့် ရုပ်တုဗေဒ၊
(၉) ပြတိုက်ပညာ၊
(၁၀) အဆောက်အအုံ ထိန်းသိမ်းပြုပြင်ခြင်း၊
(၁၁) ဓာတုဗေဒနည်းဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊
(၁၂) အမျိုးသားယဉ်ကျေးမှု ဝတ္ထုပစ္စည်းများ ကာကွယ်စောင့်ရှောက်ခြင်း၊
(၁၃) လက်တွေ့ကွင်းဆင်းတူးဖော်မှု ပညာရပ်များကို သင်ကြားပို့ချပေးလျက် ရှိပါသည်။

သင်တန်းကျောင်း စည်းကမ်းအနေဖြင့်လည်း အုပ်ချုပ်မှုစည်းကမ်း၊ သင်ကြားမှုစည်းကမ်း၊ အဆောင်စည်းကမ်းများကိုလည်း စနစ်တကျရေးဆွဲသတ်မှတ်ပေးထားပြီးဖြစ်ပါသည်။ စာမေးပွဲစစ်ဆေးမှုအနေနှင့်လည်း စာမေးပွဲစစ်ဆေးရာတွင် စာမေးပွဲစစ်ရေး ကော်မတီဖွဲ့စည်းပြီး ရှေးဟောင်းသုတေသနဆိုင်ရာပညာရပ်များကို စာတွေ့လက်တွေ့စနစ်တကျ စစ်ဆေးမှုပြုလုပ်ကြပါသည်။ စာတွေ့လက်တွေ့သင်ကြားတတ်မြောက်အောင်မြင်ကြသူများအား ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာလက်မှတ်များ ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ပါသည်။

ရှေးဟောင်းသုတေသနဆိုင်ရာပညာရပ်များကို စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပေးခဲ့သော ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းမှာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေ၊ ဖော်ထုတ်၊ ထိန်းသိမ်းမြှင့်တင်သွားရန်အတွက် အမျိုးသားရေးအတွက် အရေးပါသော ကျောင်းတစ်ခုပင် ဖြစ်ပါသည်။ ဤကျောင်းကြီးကို ၂၀၀၅ ခုနှစ်မှ စတင်ဖွင့်လှစ် သင်ကြားပို့ချလာခဲ့သည်မှာ ယခု ၂၀၁၅ ခုနှစ်အထိဆိုလျှင် ၁၀ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ၁၀ နှစ်တာကာလအတွင်း ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာ ဌာနတွင်း အရာရှိမွမ်းမံသင်တန်းခြောက်ကြိမ်၊ သင်တန်းသား သင်တန်းသူစုစုပေါင်း ၈၇ ဦး၊ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာ တစ်နှစ်သင်တန်း (ပညာသင်နှစ် ၁၀ နှစ်တာကာလအတွင်း) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၄၆ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းကို မြန်မာတို့၏ပျူမြို့ဟောင်းဖြစ်သော သရေခေတ္တရာမြို့ဟောင်း၌ ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအတွက် သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်လိုက်ရုံမျှမက ရှေးဟောင်းအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်မှုသည် အမျိုးသားရေး လုပ်ငန်းစဉ်ကြီးအတွက်များစွာ အဓိပ္ပာယ်လေးနက်မှုရှိပါသည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ သင်ကြားပို့ချပေးခဲ့သော ရှေးဟောင်းသုတေသနပညာရပ်သည် ရှေးဟောင်းယဉ်ကျေးမှု၌ အကျုံးဝင်သော ကျောက်ခေတ်များမှ ကျောက်လက်နက်ပစ္စည်းများမှစ၍ ကြေးခေတ်၊ သံခေတ်စသော ခေတ်အသီးသီးတို့တွင် ထွန်းကားခဲ့သည့် လူသုံးပစ္စည်းဟူသရွေ့ကိုလည်းကောင်း၊ လူနေအိမ်ခြေမှစ၍ ကျေးရွာမြို့ပြများဆိုင်ရာအဆောက်အအုံများ၊ စေတီပုထိုးအမျိုးမျိုးကိုလည်းကောင်း၊ ရှေးခေတ် သင်္ချိုင်းကုန်းဟောင်းများအထိ လေ့လာသော ပညာရပ်ဖြစ်ပါသည်။ ထိုသို့လေ့လာရာ၌လည်း သိပ္ပံပညာရပ်များ၏ အကူအညီကိုလည်း အများအပြား ရယူရပါသည်။

သို့သော် ရှေးဟောင်းသုတေသန ပညာရပ်သည် အခြားပညာရပ်များနည်းတူ လူ့အသိဉာဏ်၊ ဝေဖန်ပိုင်းခြားမှု၊ တွေးဆမြော်မြင်မှုတို့ကိုလည်း များစွာအသုံးချ၍ရသော ပညာရပ်ဖြစ်သောကြောင့် သိပ္ပံပညာရပ် တစ်ခုတည်းမဟုတ်ဘဲ ဝိဇ္ဇာပညာတစ်ခုတည်းလည်း မဟုတ်ပေ။

ထို့ကြောင့် ပညာရှင်အသီးသီးက ရှေးဟောင်းသုတေသနပညာကို ‘လူမှုရေးသိပ္ပံ’ ပညာရပ်များတွင် ထည့်သွင်းရေတွက်လေ့ရှိကြခြင်း ဖြစ်ပါသည်။ ရှေးဟောင်းသုတေသနပညာရပ်သည် ဝတ္ထုပစ္စည်းတို့ကို အထူးဂရုပြုလေ့လာရသော ဘာသာရပ်တစ်ခုဖြစ်ပါသည်။

ရှေးဟောင်းသုတေသန ပညာရပ်သည် လူ့သမိုင်း၏ အတိတ်ဇာတ်ကြောင်းများကို ဖော်ထုတ်မှုအတွက် ရှေးဟောင်းပစ္စည်းများအကြောင်းကို လေ့လာသော ပညာရပ်ပင် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ရှေးဟောင်းသုတေသနပညာရပ်၏ အဓိကရည်ရွယ်ချက်သည် အတိတ်ခေတ်များက တည်ဆောက်ထားခဲ့သော ရှေးဟောင်းအဆောက်အအုံများနှင့် ဝတ္ထုပစ္စည်းတို့ကို လေ့လာပြီး လူ့သမိုင်းကို ပြုစုရေးသားရန်ပင်ဖြစ်ပါသည်။ နိုင်ငံကိုချစ်မြတ်နိုးသူတိုင်းသည် ရှေးဟောင်းသုတေသနပညာရပ်၏ အနက်သဘော၊ ရည်ရွယ်ချက်နှင့်လုပ်နည်းလုပ်ဟန်များကို လေ့လာသင့်ပါသည်။ မြို့ရွာများရှိ ပြတိုက်များ၊ တက္ကသိုလ်များမှ ရှေးဟောင်းသုတေသန ပညာရှင်များနှင့် လက်တွဲ၍ မိမိလူမျိုးတို့၏ အတိတ်ဘဝ သမိုင်းဖြစ်ရပ်မှန်များကို ဖော်ထုတ်သမိုင်းတင်ကြရမည် ဖြစ်ပါသည်။

ယင်းကြောင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းတွင် သင်ကြားပြသပေးနေသော ရှေးဟောင်းသုတေသန ပညာရပ်များသည် မိမိတို့လူမျိုးနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ချစ်ခင်မြတ်နိုးလာသည်နှင့်အမျှ ဂုဏ်ယူနိုင်စေမည့် ယဉ်ကျေးမှု အမွေအနှစ်များကို မိမိတို့လူမျိုးအတွက် တာဝန်ထမ်းဆောင်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာကြမည်ဖြစ်ပါသည်။

ယင်းသို့သော အကြောင်းအရာများကို သင်ကြားပို့ချပေးနေသော ကျောင်းတော်ကြီးမှ မွေးထုတ်ပေးခဲ့သော နောင်တစ်ခေတ်၏ ရှေးဟောင်းသုတေသန ပညာရှင်များသည် နိုင်ငံတည်ထောင်ရာ၌ အရေးပါသော အုတ်မြစ်ကောင်းတစ်ချပ်ပင် ဖြစ်ပါတော့သည်။

ရှေးဟောင်းသုတေသနပညာရပ်၏ အဓိကရည်ရွယ်ချက်သည် အတိတ်ခေတ်များက တည်ဆောက်ထားခဲ့သော ရှေးဟောင်း အဆောက်အအုံများနှင့် ဝတ္ထုပစ္စည်းတို့ကို လေ့လာပြီး လူ့သမိုင်းကို ပြုစုရေးသားရန်ပင် ဖြစ်ပါသည်။ နိုင်ငံကိုချစ်မြတ်နိုးသူများ သည် ရှေးဟောင်းသုတေသနပညာရပ်၏ အနက်သဘော၊ ရည်ရွယ်ချက်နှင့် လုပ်နည်း လုပ်ဟန်များကို လေ့လာသင့် . . . .

## အင်းတော်မြို့နယ် လူငယ်ကွန်ရက်အဖွဲ့ သစ်ပင်များစိုက်ပျိုး

**အင်းတော် မေ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း အင်းတော်မြို့နှင့် နားရခေါင်ကျေးရွာ အကြား ကားလမ်းဘေးတွင် ကိုမိုးမင်းကျော် ဦးဆောင်သောလူငယ်ကွန်ရက်အဖွဲ့က မေ ၈ ရက် နံနက်ပိုင်းက ပိတောက်နှင့် ခရေပင် ၁၂၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့အဖွဲ့က ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့ ရည်ရွယ်ပြီး လုပ်ဆောင်တာဖြစ်ကြောင်း၊ ယခုစိုက်ပျိုးတဲ့ အပင်တွေကတော့ပိတောက်နဲ့ ခရေပင်များဖြစ်ပြီး အပင်ရေ ၁၂၀ ကျော် စိုက်ပျိုးတာပါ။ ရှေ့ဆက်ပြီးလည်း စိုက်ပျိုးသွားမှာပါ" ဟု လူငယ်ကွန်ရက်အဖွဲ့ဝင် မနုနုထွေးက ပြောသည်။

အဆိုပါအဖွဲ့မှာ အင်းတော်-ဗန်းမောက်ကားလမ်းဘေး၊ မိုးယူတောင်၊ နန့်ခင့်ချောင်းဘေးနှင့် အင်းတော်မြို့မ ဘုန်းကြီးကျောင်းဝင်းအတွင်း တို့တွင်လည်း သစ်ပင်များ စိုက်ပျိုးပေးထားကြောင်း လက်ရှိစိုက်ပျိုးခြင်း အပါအဝင် သစ်ပင်ရေ ၁၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။

**မောင်ချစ်လင်း**

## မြင်းခြံမြောက်ဘက်ဒေသများတွင် ကြံစိုက်တောင်သူများအဆင်ပြေ

**မြင်းခြံ မေ ၁၀**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သော မြို့နယ်တစ်ခုဖြစ်သည်။ အဆိုပါမြို့နယ်အတွင်းရှိ မြင်းခြံမြောက်ဘက်ဒေသများတွင် ကြံစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက အချောင်းကြံ (ဒေသအခေါ်) ပဲ စိုက်ကြတာများတယ်။ ကြံရည်ထွက်တဲ့ကြံလေ၊ မတ္တရာဒေသဘက်မှာလို သကြားထုတ်တဲ့ ကြံတော့ သိပ်မစိုက်ကြဘူး။ ဒီနှစ်နွေက ပူတော့ မြို့ပေါ်က ကြံရည်ဆိုင်တွေက ကြံခင်းထဲထွက် သလောက်ကားနဲ့လာဝယ်တယ်။ အချောင်းတစ်ထောင်ကို ကျပ် ၅၀ နဲ့ တစ်ပင်ကို ခြောက်တောင် လောက်ဆိုတော့ တစ်ပင်ကို ကျပ် ၃၀၀ ပေါ့။ ယာခင်းထဲတင် မြင်းခြံ၊ တောင်ငူ၊ မန္တလေး၊ ပုဂံ၊ ညောင်ဦးဘက်က ပွဲစားတွေက ထွက်သလောက်လာဝယ်တယ်။ ခုချိန်က ခုတ်သိမ်းချိန် လွန်ပြီဆိုတော့ ကြံခင်းကနည်းသွားပြီ နောက်နှစ်စိုက်ဖို့ ပျိုးတဲ့သူက ပျိုးနေကြပြီ။ ကြံရည်ကြိတ်တဲ့ အချောင်းကြံက သကြားထုတ်တဲ့ကြံလို မဟုတ်ဘူး။

"တစ်နှစ်တခါခုတ်တာ၊ သကြားထုတ်တဲ့ကြံက တစ်ခါစိုက် နှစ်နှစ်၊ သုံးနှစ်လောက် ပြန်မစိုက်ဘဲ ခုတ်ထားတဲ့အပင်အတက် ထွက်အောင် ထားလို့ရတယ်။ ဒီဘက်နယ်က အချောင်းကြံဆိုတော့ တစ်နှစ်တစ်ခါ ပြန်စိုက်ရတယ်။ ဒီဘက်နယ်မှာတော့ နယုန်လလောက်ဆို စစိုက်တယ်။ တစ်ဧကကို ကျင်း ၁၉၀၀ လောက်စိုက်တယ်။ တစ်ကျင်းကို သုံးပင်စိုက်တယ်။ ပျိုးပင်က မြင်းခြံမြို့က ဝယ်လို့ရတယ်။ တစ်ပင် ကျပ် ၅၀၊ အဆစ်ဝယ်ပြီး ပျိုးစိုက်တဲ့သူလည်းရှိတယ်။ ကြံဆစ်တစ်ဆစ်ကို ၁၅ ကျပ်၊ အဆစ်ပျိုးစိုက်သူရှိသလို ပျိုးပင်ဝယ်စိုက်သူတွေလည်းရှိတယ်။ အဆစ်ဖြတ်ပျိုးစိုက်တာက တစ်လလောက်ကြိုဝယ်ပြီး ကျင်းထဲစုထည့်ပြီး ပျိုးထားရတာ ၁၀ ရက်၊၁၅ ရက်လောက်မှ အတက်ထွက်၊ တစ်လလောက်နေမှ ယာခင်းထဲပြောင်းစိုက်ရတာ။ ဒီနှစ်ကြံဈေးကွက်ငြိမ်တော့ အဆင်ပြေတယ်။ နောက်နှစ်စိုက်ဖို့လည်း တစ်ခါတည်း အရင်နှစ်က အပင်တွေ အဆစ်ဖြတ်ပြီးရေလောင်းပျိုးနေကြပြီ" ဟု မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာမှ ကြံစိုက်တောင်သူ ဦးသိန်းဝင်းက ပြောသည်။

မြင်းခြံမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိပြီး ပဲ၊ ပြောင်း၊ နှမ်းဝါ၊ ကြံ၊ ဖရဲ၊ သခွား၊ ကြက်သွန်၊ ခရမ်းချဉ် အစရှိသည့် သီးနှံများစိုက်ပျိုးလျက်ရှိပြီး ကြံစိုက်တောင်သူများ အနေဖြင့် ပူပြင်းသော နွေရာသီဖြစ်သောကြောင့် ကြံရည် သောက်သုံးမှုများပြား၍ အချောင်းကြံစိုက်တောင်သူများ အဆင်ပြေကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## လားရှိုးမြို့ရေပေးဝေမှုနှင့် ထင်းရှူးမြိုင်တန်ဖိုးမျှအိမ်ရာစီမံကိန်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**လားရှိုး မေ ၁၀**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့နှင့်အတူ မေ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ကလားရှိုးမြို့ပေါ် ရပ်ကွက် (၁၂)ရပ်ကွက် အတွင်းနေထိုင်ကြသည့် ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးမှု အခြေအနေများကိုလည်းကောင်း၊ လားရှိုးမြို့ တိုးချဲ့ရေပေးဝေရန် အတွက် ကောင်းကြဲကျေးရွာ ရေထွက်ပင်ရင်းမှ GI ပိုက်များဖြင့် သွယ်တန်း၍ ရေဖြန့်ဝေပေးရန် အစီအစဉ်များကိုလည်းကောင်း၊ လားရှိုးမြို့ မိုးရာသီတွင်ရေစီးရေလာကောင်းမွန်ရေးအတွက် နမ့်ခိုက်၊ ကျောက်တောင်၊ ခိုလောင်းနှင့် နမ့်လောင်းရေမြောင်းများ တိုးချဲ့တူးဖော်ရေး ရက်(၁၀၀) စီမံချက်များ ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ လားရှိုးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ရေဝေရေလဲကောင်းမွန်စေရေး အတွက် ရေကန်တောင် ရေကန်များအနီးတစ်ဝိုက် မြေရာသီတွင် သစ်ပင်များတိုးချဲ့စိုက်ပျိုးရေးမြေအောက်ရေ တူးဖော်သုံးစွဲခြင်းထက် သဘာဝရေထွက်ပင်ရင်းမှ ပိုက်များဖြင့်သွယ်တန်းသုံးစွဲကြရန်၊ မြို့တွင်းရေစီးရေလာ ကောင်းမွန်စေရန်အတွက် စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ကြစေရေး အသိပညာပေးဆောင်ရွက်သွားရန်နှင့် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ကောက်ကွေ့ဆည်မှ ရေများကို ရေစုကန်ပြုလုပ်ပြီး မြို့ရေပေးဝေမှုအခြေအနေများကိုလည်းကောင်း၊ ယာဉ်မတော်တဆမှုကြောင့် ထိန်းသိမ်းထားသည့် မော်တော်ယာဉ်များထားရှိရန် အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ ထင်းရှူးမြိုင် တန်ဖိုးမျှအိမ်ရာ စီမံကိန်းသို့ ရောက်ရှိရာ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ထင်းရှူးမြိုင် တန်ဖိုးမျှအိမ်ရာ စီမံကိန်းနှင့် ချယ်ရီမြိုင် လုံးချင်းအိမ်ရာစီမံကိန်းနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြား ဆောင်ရွက်ခဲ့သည်။

**ဟန်ဒွေး (လားရှိုး)**



## လူငယ်များပညာရေးစွမ်းရည်မြှင့်တင်နိုင်ရန် အင်္ဂလိပ်စကားပြောအခမဲ့သင်တန်းဖွင့်

**ဒလ မေ ၁၀**
ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် မဟာသုမနာရာမဘုန်းတော်ကြီး စာသင်တိုက်၌ အမေ့အားမာန်(အခမဲ့) ပညာဒါနကျောင်းမှ မြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ၏ ပညာရေး အရည်အသွေးမြှင့်တင်ပေးနိုင်ရန် အတွက် အင်္ဂလိပ်ဘာသာစကားပြော (အရေး၊ အဖတ်၊ အပြော၊ အကြား) သင်တန်းကို ပညာဒါန(အခမဲ့) ဖြင့် ဧပြီ ၃၀ ရက်မှ ဇွန် ၃၀ ရက်အထိ သင်ကြားပေးကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘွဲ့ရများအတွက် လုပ်ငန်းခွင်ဝင်လိုသူများပါ တတ်ရောက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ New life of Myanmar ကျောင်းများမှ ဆရာ၊ ဆရာများက အင်္ဂလိပ်ဘာသာ စကားပြော သင်တန်းကို အချိန် နှစ်လသတ်မှတ်ပြီး (ဧပြီ ၃၀ ရက်မှ ဇွန် ၃၀ ရက်အထိ) သင်တန်းဖွင့်ရက်အနေဖြင့် (အပတ်စဉ်) စနေ၊ တနင်္ဂနွေ နေ့တို့တွင် ညနေ ၃ နာရီမှ ၅ နာရီ အထိ သင်တန်း ဆရာ၊ ဆရာမများက သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းစည်းကမ်းများအရ သင်တန်းအစမှအဆုံးထိ ပြီးမြောက်အောင် တက်ရောက်မှသာလျှင် သင်တန်းဆင်းလက်မှတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပညာဒါန(အခမဲ့) ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ဆရာမ ဒေါ်လင်းမော်က ဒလမြို့နယ်အတွင်းမှာရှိတဲ့ လူငယ်များအတွက် ပညာရေးအရည်အသွေးများကို မြှင့်တင်ပေးစေခြင်းဖြင့် လုပ်ငန်းခွင် ဝင်ရောက်တဲ့အခါမှာ ရပ်တည်နိုင်အောင်ပါဟု ပြောကြားခဲ့သည်။

သင်တန်းပြီးဆုံးပါက အခြားအဆင့်မြင့် သင်တန်းများ တက်ရောက်နိုင်ရန်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် စေတနာ့ဝန်ထမ်းလုပ်ဆောင်နိုင်ရန် ခေါ်ယူသွားမည်ဖြစ်သည်။ ထိုသင်တန်းကျောင်းတွင် အလယ်တန်းနှင့် အထက်တန်း နှစ်ဖွဲ့ခွဲ၍ သင်ကြားပို့ချလျက်ရှိကြောင်း၊ အဆိုပါ သင်တန်းကျောင်းကို ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်မှ ကျောင်းသား၊ ကျောင်းသူများ၊ သပြေကုန်းကျေးရွာမှ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်သင်ကြားလျက်ရှိပြီး အင်္ဂလိပ်ဘာသာစကားပြော သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀ ကျော်ခန့် တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးကုသပေး

**ကော့ကရိတ် မေ ၁၀**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်ဦးစီးနှင့် ဝန်ထမ်းများသည် ကျေးလက်နေပြည်သူများ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် တိုင်းရင်းဆေးပညာဖြင့် မေ ၉ ရက် နံနက် ၇ နာရီက ကော့ကရိတ်မြို့နယ် မြပတိုင်ကျေးရွာတွင် ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

ယင်းကွင်းဆင်းဆေးကုသခြင်းကို မြပတိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူနာ ၃၈ ဦး လာရောက် ဆေးကုသခဲ့ပြီး လာရောက်ဆေးကုသပေးခြင်းကြောင့် ကျေးလက်နေပြည်သူများမှ ဝမ်းသာလျက်ရှိသည်။ ဆက်လက်၍ ကော့ကရိတ်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တစ်လလျှင်တစ်ရွာနှုန်းဖြင့် လစဉ်သွားရောက်၍ ကွင်းဆင်းဆေးကုသပေးမည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နွယ်နီထိုက်ကပြောကြားသည်။ **စိုးထက်အောင်(ပြန်/ဆက်)**

## ဧရာဝတီ... ငရုတ်ကောင်းမြို့တွင်ဆေးခြင်ထောင်များ အခမဲ့ဖြန့်ဝေပေး

**ငရုတ်ကောင်း မေ ၁၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့တွင် ကျန်းမာရေးဦးစီးဌာနမှ ဆေးခြင်ထောင်များအခမဲ့ဖြန့် ဝေပေးခြင်းကို မေ ၉ ရက် နံနက် ၉ နာရီက ငရုတ်ကောင်းမြို့ အမှတ်(၂)ရပ်ကွက် ပြည်သူ့ဆေးရုံဝင်းရှိ ဆေးပေးခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆေးခြင်ထောင် ဖြန့်ဝေခြင်းကို အိမ်ထောင်စုတစ်စုလျှင် မိသားစုသုံးယောက်အတွက် ခြင်ထောင်တစ်လုံး၊ မိသားစုငါးယောက်အထက်ကို ခြင်ထောင်နှစ်လုံးစီနှင့် မိသားစု ရှစ်ယောက်ရှိပါက ခြင်ထောင်သုံးလုံးစီ ထုတ်ဝေပေးခဲ့ပြီး ပိုလျှံခြင်ထောင်များကို မိသားစု အနည်းအများပေါ်မူတည်ပြီး ထပ်မံဝေမျှပေးသွားမည်ဖြစ်သည်။

ဆေးခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးခြင်းကို မေ ၁၀ ရက်၌ ငရုတ်ကောင်းမြို့အမှတ် (၁)ရပ်ကွက်ရှိအိမ် ထောင်စုများသို့ ဖြန့်ဝေပေးဖြစ်ကြောင်း သိရသည်။

**ပြိုးမောင်မောင်(ပြန်/ဆက်)**

# ကြားလေသွေးရင်

**ခ သီလဝသား**

> တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စိတ်ဝမ်းမကွဲဘဲ အေးအေးငြိမ်းငြိမ်း စည်းလုံးညီညွတ်စွာ . . .

စာရေးသူ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့စဉ်က ရောက်ရှိခဲ့သည့် မြို့နယ်မှာ တိုင်းရင်းသားပေါင်းစုံ နေထိုင်လျက်ရှိသော ရှမ်းပြည်တောင်ပိုင်းက ဖယ်ခုံမြို့နယ်ဖြစ်ပါသည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ယခုကဲ့သို့ သွားလာရေးကောင်းမွန်ခြင်း၊ ဆက်သွယ်ရေးကောင်းမွန်ခြင်း အပြည့်အဝမရှိခဲ့ပါ။ သို့သော် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့စဉ် ဒေသခံတိုင်းရင်းသားများ၏ အကူအညီများမှာ မိဘညီအစ်ကိုမောင်နှမများကဲ့သို့ နွေးထွေးပျူငှာစွာ ရရှိခံစားခဲ့ရပါသည်။ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးမှအစ စားဝတ်နေရေးအထိပင် အားနာယူရသည်အထိ ကူညီစောင့်ရှောက်မှုကို ရရှိခဲ့ပါသည်။ သုံးနှစ်ကျော်ကျော် နေထိုင်ခဲ့သည့် မြို့နယ်အတွင်း စာရေးသူ မရွှေ့ပြောင်းနိုင်သောလုပ်ငန်းတစ်ခု လုပ်ကိုင်ခဲ့ပါသည်။

မိမိနေပြည်တော်သို့ ပြောင်းရွှေ့လာရသော်လည်း ပြန်လည်ရောင်းချခြင်းမရှိဘဲ နဂိုအတိုင်းဘဲ ထားရှိခဲ့ပါသည်(ယနေ့အထိ မပျက်မယွင်း တည်ရှိနေပြီး ပိုင်ဆိုင်မှုရှိနေဆဲပါ)။ ထိုကဲ့သို့ ပိုင်ဆိုင်ခြင်းအပေါ် အမြဲအနီးကပ်စောင့်ရှောက်ပေးနေသည့် တိုင်းရင်းသားဇနီးမောင်နှံ နှစ်ဦး ရှိနေခဲ့ပါသည်။ ဝန်ထမ်းဘဝ ဖယ်ခုံမြို့နယ်တွင် ရှိနေစဉ်ကလည်း တကယ့်စိတ်ရင်းကောင်းမိတ်ဆွေကောင်းအဖြစ် အမြဲကူညီပေးခဲ့သော ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ လွန်ခဲ့သောနှစ်ပိုင်းက အရောင်းအဝယ်လုပ်လိုသော မိမိက ဈေးနှုန်းများ မေးမြန်းစုံစမ်းစဉ် ယင်းမိသားစုမှ ကိုယ်ပိုင်ပစ္စည်း ရောင်းဝယ်သကဲ့သို့ ကူညီစုံစမ်းပေးခဲ့ပါသည်။ မိမိမှာလည်း အခြားမိတ်ဆွေများကိုလည်း ရောင်းဝယ်ခြင်းလုပ်ငန်းအတွက် စုံစမ်းမေးမြန်းမိခဲ့ပါသည်။

သို့သော် မိတ်ဆွေဇနီးမောင်နှံနှစ်ဦးနှင့် အခြားစာရေးသူ၏ မိတ်ဆွေများ တွေ့ဆုံကြသည့်အခါ ဈေးနှုန်းကိစ္စ အထင်အမြင်လွဲမှားစွာ ကျွန်ုပ်မှ ပြောဆိုကြောင်း ပြောခဲ့ကြသည်ကို ယခုမှ စာရေးသူကြားသိခဲ့ရပါသည်။ အကူအညီများစွာပေးခဲ့သော ဇနီးမောင်နှံနှစ်ဦးမှာ များစွာစိတ်မကောင်းဖြစ်ကြရပါသည်။ စိတ်ကောင်းစေတနာကောင်းဖြင့် မိမိအား ဖယ်ခုံမြို့နယ်၌ ရှိစဉ်ကရော၊ ယနေ့အထိရော ကူညီစောင့်ရှောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ လွန်စွာအဖိုးထိုက်တန်သော လုပ်ငန်းမဟုတ်သော်လည်း ငွေကြေးကိစ္စဖြင့် ယင်းပုဂ္ဂိုလ်များအပေါ် ကြားမိတ်ဆွေများမှ မိမိပြောသလိုမျိုး ပြောကြားခဲ့သဖြင့် လွန်စွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါသည်။ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်းဆိုသကဲ့သို့ ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်မှုမှ မိတ်ပျက်ခဲ့ရပါသည်။ စာရေးသူအနေဖြင့် လွန်စွာမှစိတ်မကောင်းဖြစ်ရသကဲ့သို့ ယခုကဲ့သို့ဖြစ်ရပ်ကိုလည်း ခွင့်လွှတ်ပါရန် များစွာတောင်းပန်ခဲ့ရပါသည်။

ယနေ့ စာရေးသူတို့၏နိုင်ငံသည် ပွင့်လင်းမြင်သာ၍ တိုင်းရင်းသားရင်ကြားစေ့ရေးအတွက် နိုင်ငံခေါင်းဆောင်ကြီးများ အချိန်တိုအတွင်း ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ ရက်(၁၀၀) အတွင်း ပြည်သူများ၏ လိုအင်ဆန္ဒများကို အနီးစပ်ဆုံးဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းလျက်ရှိနေသည်ကို တွေ့မြင်နေကြရပါသည်။ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်လွှားနိုင်ရန် စာရေးသူတို့ ပြည်သူ့စွမ်းအားများစွာ လိုအပ်ပါသည်။ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စိတ်ဝမ်းမကွဲဘဲ အေးအေးငြိမ်းငြိမ်း စည်းလုံးညီညွတ်စွာ ကျရာတာဝန်များ ထမ်းဆောင်ကြလျှင် လိုရာပန်းတိုင်ကို အချိန်တိုအတွင်းရောက်ရှိနိုင်မည်ဟု သီလဝသား ယုံကြည်ပါသည်။ မိမိ၏ မပြောင်းရွှေ့နိုင်သော အရောင်းအဝယ်ကိစ္စလေး၌ပင် ထာဝရချစ်ခင်ရသော မိတ်ကောင်းဆွေကောင်းနှင့် ကြားလေသွေးခဲ့သော ပုဂ္ဂိုလ်များကြောင့် ရင်းနှီးခင်မင်မှု လျော့ပါးသွားခဲ့ပါသည်။ ထို့အတူ နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ပြည်သူများ၏ဆန္ဒများကို ကြားလေသွေး၍ ဝေးမသွားစေရန် ဝိုင်းဝန်းထိန်းသိမ်းကြိုးစားကြရန် ဆန္ဒပြုပါသည်။

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ကျောက်တန်း မေ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို မေ ၉ ရက် နံနက် ၈ နာရီက ကျောက်တန်းမြို့ မြို့မ အ. လ. က ရွှေသန်လွင်ခန်းမ၌ ကျင်းပသည်။

ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းကာလမှာ မေ ၉ ရက်မှ ၂၀ရက်ထိဖြစ်ပြီး ရပ်ကျေးအုပ်စု ၅၇ အုပ်စုမှ သင်တန်းသား ၈၉ ဦး တက်ရောက်ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးနှင့် ကျောက်တန်းမြို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်ဖြင့် ထရန်စဖော်မာတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်

**ရန်ကုန် မေ ၁၀**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ဝါခင်းအုပ်စု (၁၁) မင်္ဂလာလမ်းဆုံထိပ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်ဖြင့် 11-6.6/0.4 KV 200 KVA ထရန်စဖော်မာတစ်လုံး 6.6 KV SAC ကာဗာကြိုးလိုင်းခန်း ခြောက်ခန်းနှင့် 400 V လိုင်း ABC ပေ ၁၀၀၀ ရှိ ကာဗာကြိုးတို့ကို ယခင်တောင်သူကုန်းရပ်ကွက်ရှိ ဘိုကုန်း (500) KVA ထရန်စဖော်မာ ဆက်သွယ်တပ်ဆင်မှုလုပ်ငန်းများကို အင်းစိန်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးထွန်းထွန်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မင်းထွေးတို့ ဦးဆောင်သည့် လျှပ်စစ်ဝန်ထမ်းများသည် မေ ၆ ရက်နံနက်ပိုင်းက စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီတွင် မင်္ဂလာလမ်းဆုံထိပ် ထရန်စဖော်မာအသစ် တည်ဆောက်တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်၍ လျှပ်စစ်ဓာတ်အားများ လွှတ်ပေးခဲ့ကြောင်း သိရသည်။ ယခင်က ဘိုကုန်းထရန်စဖော်မာ 500V မှ တစ်ဆင့်သုံးစွဲခဲ့ရာ လျှပ်စစ်ဗို့အား 100 ခန့်သာ ရရှိခဲ့ရာမှ ယခုအခါတွင် မင်္ဂလာလမ်းမကြီးတစ်လျှောက်ရှိ အိမ်ခြေ ၂၀၀ ကျော်နှင့် အစွန်းနေအိမ်များအပါအဝင် လျှပ်စစ်ဓာတ်အား 180 V အထိ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**(၆၈၄)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းအမှတ်စဉ်၄၃ ဖွင့်လှစ်သင်ကြား

**မြဝတီ မေ ၁၀**

ကရင်ပြည်နယ် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၇) နှင့် အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ် (၄၃) ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများအားအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးများဖြစ်လာစေရန်၊ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန်ဟူသော ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသန္တာအေးက သင်တန်းနှင့်စပ်လျဉ်းသည်များ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ပစ္စည်းများအား ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ အဆိုပါသင်တန်းသို့ အခြေခံသင်တန်းသူ ၅၀ နှင့် အဆင့်မြင့်သင်တန်းသူ ငါးဦး စုစုပေါင်း ၅၅ ဦး တက်ရောက်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မန္တလေးတွင် စတော့ရှယ်ယာရင်းနှီးမြှုပ်နှံသူများအတွက် Value Investing Course for Myanmar ရက်တိုသင်တန်းဖွင့်မည်

**မန္တလေး မေ ၁၀**

ရန်ကုန်စတော့အိတ်ချိန်းနှင့် နိုင်ငံတကာ စတော့အိတ်ချိန်းများတွင် စတော့ရှယ်ယာ အရောင်းအဝယ်လုပ်လိုသူများနှင့် စတော့ရှယ်ယာ အတိုင်ပင်ခံလုပ်လိုသူများအတွက် Value Investing Course for Myanmar ရက်တို သင်တန်းကို မန္တလေးမြို့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ၁။ Stock Market အလုပ်လုပ်ပုံ နှင့် Stock အမျိုးအစားများ၏ ကွဲပြားခြားနားပုံ ၂။ ရင်းနှီးမြှုပ်နှံမှု၏ Risk and Return ကိုလေ့လာမှုပုံစံများ ၃။ စွန့်စားမှုကို နည်းနိုင်သမျှနည်း၍ အမြတ်များများရအောင် ပြုလုပ်နည်းများ ၄။ Listed Company များ၏ စီးပွားရေးအခြေအနေနှင့် Financial Statement များအား လေ့လာနိုင်မှုစွမ်းရည် ၅။ ဘယ်စတော့အမျိုးအစားကို ဘယ်အချိန်တွင် ဘယ်ဈေးနှင့်ဝယ်မည်၊ ဈေးဘယ်လောက်နှင့် ရောင်းမည်များကို လေ့လာဆုံးဖြတ်နိုင်မည့် စွမ်းရည်များရရှိသွားစေရန် စင်ကာပူနိုင်ငံ Value Investing College မှ ဆရာ၊ ဆရာမများနှင့် လုပ်ငန်းအတွေ့အကြုံရှိ International Investment Banker များမှ မြန်မာဘာသာဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို မေ ၃၀ ရက်မှ ဇွန် ၃ ရက်ထိ ၅ရက်ဆက်တိုက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းတွင် သင်ကြားမှု ထိရောက်မှုရှိစေရန်အတွက် သင်တန်းသားဦးရေ ၂၅ ဦးသာ လက်ခံမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းတက်ရန် စိတ်ဝင်စားသူများအနေဖြင့် IND Investing Institute: ဖုန်း၀၉၉၆၀၉၅၀၀၀၈၊ ၀၉၂၆၂၇၇၄၅၄ သို့မေ ၂၅ ရက်နေ့နောက်ဆုံးထား ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဇော်မင်းထွန်း**



## ‘ယကနပါလ’ အသည်းစောင့်ရှောက်မှုအစုအဖွဲ့မှ အသည်းရောဂါနှင့်ပတ်သက်၍ ဘီပိုး၊ စီပိုး အခမဲ့စမ်းသပ်၍ ပညာပေးဆွေးနွေး

**နေပြည်တော် မေ ၁၀**

အသည်းရောဂါခံစားနေရတဲ့ ဝေဒနာရှင်များအား စောင့်ရှောက်ကူညီပေးနိုင်ရန်နှင့် အသည်းရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း အသိပညာများ တိုးပွားရရှိစေရန်အတွက် ‘ယကနပါလ’ အသည်း စောင့်ရှောက်မှုအစုအဖွဲ့မှ အသည်းရောဂါနှင့်ပတ်သက်၍ ဘီပိုး၊ စီပိုး အခမဲ့စမ်းသပ်မှုနှင့် ပညာပေးဆွေးနွေးပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆောင်ရွက်နေလျက်ရှိရာ (၄၄)ကြိမ်မြောက် ဘီပိုး၊ စီပိုး အခမဲ့စမ်းသပ်မှုနှင့် ပညာပေးဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ပေါက်တောကျေးရွာ အုန်းတော ကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အဖွင့်အမှာစကားပြောကြားပြီး ‘ယကနပါလ’ အသည်း စောင့်ရှောက်မှုအစုအဖွဲ့ ဦးစီးနာယကဆရာတော် ဘဒ္ဒန္တဝါယမက ‘သက်တမ်းစေ့နေနိုင်ဖို့ ဘီပိုး၊ စီပိုးစစ်ကြစို့’ ဆောင်ပုဒ်နှင့်အညီ အသည်းရောဂါခံစားနေရတဲ့ ဝေဒနာရှင်များအား စောင့်ရှောက်ကူညီပေးနေမှု အခြေအနေများကို ရှင်းလင်းမိန့်ကြားခဲ့သည်။

ယင်းနောက် ‘ယကနပါလ’ အသည်းစောင့်ရှောက်မှုအစုအဖွဲ့မှ ဒေါက်တာအောင်မင်းက နေ့စဉ် လူနေထိုင်မှုစနစ်၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အရက်၊ ဘီယာ၊ ကွမ်းယာနှင့် ဓာတုပစ္စည်းသုံး စားသောက်ကုန်များအသုံးပြုခြင်းကြောင့် အသည်းထိခိုက်မှုအခြေအနေများကို ပညာပေးပြောကြားပြီး ဘီပိုး၊ စီပိုးရောဂါကို ကာကွယ်ခြင်း၊ ကုသခြင်းများဆောင်ရွက်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ပညာပေးရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ‘ယကနပါလ’ အသည်း စောင့်ရှောက်မှုအစုအဖွဲ့ ဦးစီးနာယကဆရာတော် ဘဒ္ဒန္တဝါယမ ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဇော်မောင်နှင့် ကျန်းမာရေး ဝန်ထမ်းများက ပြည်သူများအား ဘီပိုး၊ စီပိုး ရောဂါကို သွေးဖောက်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**(ရွှေကုက္ကို)**

# ရွှေ့ပြောင်းနွားမွေးမြူရေးသမားများ ဈေးကွက်မဝင်သည့် ဖရဲသီးများကိုအစာအဖြစ်အသုံးပြု

**မန္တလေး မေ ၁၀**

လက်ရှိကာလတွင် အမရပူရမြို့နယ်ထဲမှ ရွှေ့ပြောင်း နွားမွေးမြူရေးသမားများသည် နို့စားနွားမများအတွက် ဖရဲသီးဆိုင်များမှ ဈေးကွက်မဝင်တော့သည့် ဖရဲသီးများကို နွားစာအဖြစ် ကျွေးကြသည်။ ယခုနှစ် ဖရဲရာသီတွင်ဈေးကွက် ပျက်ခြင်းနှင့်ကြုံသည့်အတွက် ရက်လွန်ကာ ဈေးကွက်မဝင်သည့်ဖရဲသီးများကိုအားထား ကျွေးလာကြသည်။ ဖရဲသီးများကိုအခင်းများ၊ ဆိုင်များမှ အလကားရရှိကြသည်။ လွှတ်ကျောင်းသည့်နွားများအတွက် မိုးဦးကျတွင် မြက်နုများ စတင်ပေါက်လာသည့်အတွက်အဆင်ပြေပြီး နို့စားနွားများ၊ ခိုင်းနွားများအတွက်မူ နွားစာရှားပါးသည့်အတွက် ဈေးကွက်မဝင်တော့သည့် ဖရဲသီးများကိုသာ နွားစာအဖြစ် ကျွေးနေရကြောင်း သိရသည်။

မြန်မာ့ရိုးရာ နွားမွေးမြူရေးလုပ်ငန်းမှာ နယ်လှည့်၍ စားကျက်ပြောင်းကာ မွေးမြူရသော လုပ်ငန်းတစ်ခုဖြစ်သည်။ လက်ရှိကာလတွင် အမရပူရမြို့နယ်ရှိ မြေပဲခင်းများ နုတ်ပြီးပြီဖြစ်သည့်အတွက် စားကျက်ပြောင်းရွှေ့နေထိုင်ကြသည်။ နွားမွေးမြူရေးသမားများ၊ မြေပဲနုတ်ပြီး ယာကွက်များအတွင်း ယာယီနေထိုင်ကြသည်။ အခင်းရှင်များကလည်း နွားချေးလယ်ကွက်အတွင်းရရှိစေရန် ထားရှိကြသည်။

နွားမခြံတစ်ခြံလျှင် နွားမကောင်ရေ အနည်းဆုံး ၅၀ မှ အကောင် ၁၀၀ အထိပါဝင်ပြီး နွားမခြံများ အစုအဖွဲ့လိုက်စု၍ နေထိုင်လေ့ရှိသည်။ နွားမွေးသူများတွင် ကိုယ်ပိုင်နွားတိုက်ဖြင့် လှည့်လည်နေသူများရှိသကဲ့သို့ အငှားနွားမွေးဖက်ပေးစနစ်ဖြင့် နွားကျောင်းခြင်းပြုလုပ်သူများလည်းရှိသည်။

မွေးဖက်ပေးစနစ်တွင် ကျေးလက်ဒေသများမှ ပိုက်ဆံရှိသည့်လူများသည် နွားအကောင်ရေ ၂၀ ခန့်ဝယ်ယူပြီး အကောင်တိုးစနစ်ဖြင့်မွေးမြူကြသည်။ ထိုသူများစုပေါင်း၍ နွားကျောင်းသူ၊ မွေးဖက်မွေးသူတို့ကို ရှာကြရသည်။ လူငါးဦးပေါင်းပါက နွားအကောင်ရေ ၁၀၀ ခန့်ဖြစ်သွားသည်။

နွားကျောင်းသူသည် နွားကျောင်းခအဖြစ် နွားနို့ကိုညှစ်ပြီး ရောင်းချစားသောက်ကြရသည်။ နွားနို့ကို အပိုင်ရကြသည်။ တိုးပွားလာသောနွားများထဲမှ တစ်နှစ်လျှင် နွားနို့ခွဲကြီး တစ်ကောင်နှုန်း နွားကျောင်းခအဖြစ် အဖက်ပေးလေ့ရှိသည်။ နွားမများနို့ရခြင်း၊ မရခြင်းမှာ စားကျက်မြေအစာပေါခြင်း၊ မပေါခြင်း၊ မွေးနွားများခြင်း၊ မများခြင်းပေါ်မူတည်သည်။ နွားမများသည် တစ်နှစ်တစ်သား၊ သို့မဟုတ် နှစ်နှစ်တစ်သားနှုန်း မွေးလေ့ရှိသည်။ နွားကျောင်းသူများသည် နွားကျောင်းခအဖြစ် ရရှိသောနွားများကို ထပ်မံမွေးထားခြင်း တစ်ခါတစ်ရံရောင်းစားခြင်းများ ပြုလုပ်ကြသည်။ နွားပိုင်ရှင်များကမူ နွားအကောင်ရေ တိုးပွားမှုကိုသာ အလေးထားပြီး နွားမမွေးပါကခြံထဲတွင် ဆက်မွေးပြီး နွားထီးမွေးပါက ရောင်းချလေ့ရှိကြသည်။ လက်ရှိကာလတွင် နွားနို့ခွဲကြီး ဗမာနွားတစ်ကောင်လျှင် ငွေကျပ်တစ်သိန်းကျော်၊ နွားမချောပါက ငွေကျပ် ၃၅၀၀၀၀ မှ ၄၀၀၀၀၀ အထိ ရရှိသည်။

**တိမ်တမန်**



# စဉ့်ကိုင်မြို့နယ်တွင် ထပ်ဆင့်အသိပေးဆွေးနွေး

**စဉ့်ကိုင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်အသိပေးဆွေးနွေးပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီက စဉ့်ကိုင်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပေးဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်က ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်အသိပေးရှင်းလင်းဆွေးနွေးခြင်း၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ အမြဲအမိန့် (၁၈၅) နှင့် ပတ်သက်၍ စာရင်းမြေပုံများတွင် လိုက်နာမှတ်သားဆောင်ရွက်ရမည့်အချက်များ၊ စာရင်းဇယားများ တိကျမှန်ကန်စွာ ဆောင်ရွက်ထားရှိရေး၊ ဝန်ထမ်းအချင်းချင်း ရိုင်းပင်းကူညီ၍ စည်းလုံးညီညွတ်စွာနေထိုင်ဆောင်ရွက်ကြရန်တို့ကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

စဉ့်ကိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးခင်မောင်ဌေးက ဝန်ထမ်းများအနေဖြင့် ကြိုးစားစွာလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပြီး ရာထူးအဆင့်အလိုက်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် လုပ်ကိုင်ဆောင်ရွက်ရေး၊ ပုံစံ (၇) ထုတ်ပေးမှုများနှင့် ပတ်သက်ပြီး တိကျမှန်ကန်သော စာရင်းများပြုစုထားရှိရေး၊ သီးနှံမှတ်ပုံတင်စာရင်းရေးသားရာတွင် အမြဲအမိန့်(၁၈၅)နှင့်အညီ ရေးသားပြုစုထားရန်၊ စာရင်းမြေပုံများတွင် ညွှန်ကြားချက်နှင့်အညီလိုက်နာဆောင်ကြရန်တို့ကိုလည်း အသိပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**



# သဲဖြူကျေးရွာ၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တနင်္သာရီ မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု သဲဖြူရွာ၌ ပြည်သူ့အကျိုးပြု ကျန်းမာရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းအား မေ ၄ ရက် နံနက် ၈ နာရီက သဲဖြူရွာ ကျန်းမာရေးဌာနခွဲ ဘက်စုံသားဖွားဆရာမ ဒေါ်မေနှင်းဇင်နှင့် အရန်သားဖွားဆရာမများ၊ သဲဖြူရွာ ရာအိမ်မှူး ဦးသန်းဦးနှင့်အဖွဲ့ဝင်များ၊ သဲဖြူရွာ အရန်မီးသတ်တပ်ဖွဲ့တပ်စုမှူး မျိုးကိုကိုနှင့်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်ခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် စားသောက်ဆိုင်များ၌ ရက်လွန်အစားအစာများ မရောင်းချကြရန်၊ ဈေးဆိုင်များအား မြန်မာစာတန်းမပါသော အစားအစာများမရောင်းချရန်ကိုလည်းကောင်း၊ အိမ်သာများကိုလည်း ယင်လုံစေပြီး သန့်ရှင်းမှုရှိစေရန်ကိုလည်းကောင်း၊ ရေသိုလှောင်ကန်များကို ပိုးလောက်လန်း မပေါက်ဖွားစေရေးအတွက် အဘိတ်ဆေးခပ်၍ ရက်သတ္တပတ်တစ်ကြိမ် လဲလှယ်ရေးအတွက်ကိုလည်းကောင်း၊ စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များအားသတ်မှတ်သည့်တွင်းထဲသို့ စွန့်ပစ်ကြရန်လည်းကောင်း ကွင်းဆင်းစစ်ဆေးကာ စားသောက်ဆိုင်နှင့်ဈေးဆိုင်ပိုင်ရှင်များအား ပြည်သူ့အကျိုးပြု ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ**



သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓဝေယျာဝစ္စအဖွဲ့အသင်းက ဦးဆောင်၍ မေ ၈ ရက်က သုံးခွမြို့နယ် မင်းရွာအသင်းကျေးရွာသို့ သောက်သုံးရေများ လှူဒါန်းစဉ်။

**သန်းဝင်း (သန်လျင်)**

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစားကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်း ကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျော့ချရန်။

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါကငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလှေလှော်ပေးခြင်း စသည့်နည်းလမ်းများ ရေတွင် ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။

ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခမ်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။

ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသော ငါးများကို အရေအတွက် လျော့ချမွေးမြူရန်။

အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လည်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။

ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။

ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေသည့် ကဖော်ဖတ်၊ ဝါးဖော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။

အစာကျွေးပြီးပါက အစာကျန်များရှိ၊မရှိကို ပုံမှန်စစ်ဆေးရန်။

မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။

ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပုဂံရွှေစည်းခုံဘုရားတွင်လှူဒါန်းခဲ့သည့် ခေါင်းလောင်းစာကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်း

à ထူးထူးဝင်း(ရှေးဟောင်းသုတေသန)

ပုဂံရွှေစည်းခုံဘုရားမှ ဘုရင့်နောင်ခေါင်းလောင်းတွင် ရေးထိုးထားသော ကမ္ပည်းစာသည် ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီး၏ ဆောင်ရွက်ချက်များကို ဖော်ပြသော ပါဠိ၊ မွန်၊ မြန်မာ သုံးဘာသာဖြင့် ရေးထိုးထားပါသည်။ ခိုင်လုံသော ခေတ်ပြိုင်မှတ်တမ်းဖြစ်ခြင်း၊ နေ့ရက်များကို ပြက္ခဒိန်နှင့်တိုက်ဆိုင်စစ်ဆေးသောအခါ တိကျမှန်ကန်ခြင်း၊ မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်တော်ကြီးများမှ အယွင်းအမှားများကိုပြင်ဆင်နိုင်ရန် အထောက်အကူပြုခြင်းနှင့် ပြည့်စုံတိကျအောင် ဖြည့်စွမ်းနိုင်ခြင်းစသော ဝိသေသလက္ခဏာတို့နှင့်ပြည့်စုံသည့် မော်ကွန်းမှတ်တမ်းကမ္ပည်းစာ ဖြစ်ပါသည်။

ရှေးဟောင်းဝတ္ထုစွည်းတစ်ခုဖြစ်သကဲ့သို့ သမိုင်းဆိုင်ရာ၊ မနုဿဗေဒဆိုင်ရာ၊ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုဆိုင်ရာ၊ အနုပညာလက်ရာဆိုင်ရာ တန်ဖိုးမြင့်မားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုလည်း ဖြစ်ပါသည်။ ဘာသာစကားနှင့် စာပေဆိုင်ရာ ခိုင်လုံသော မူရင်းအထောက်အထားလည်း ဖြစ်ပါသည်။ ထိုသို့ တန်ဖိုးမြင့်မားလှသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ဘုရင့်နောင်ခေါင်းလောင်းစာကို အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ပါသည်။

ယခုအခါ ယူနက်စကို-ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း (UNESCO Memory of the World) တင်သွင်းနိုင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အဆိုပြုတင်သွင်းခဲ့ရာ ၂၀၁၇ ခုနှစ် မေလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုလွှာတင်ပြချက်များကို အချောအပြည့်အစုံ အပြီးသတ်ပေးပို့ရမည် ဖြစ်ပါသည်။ သမိုင်းပညာရှင်များ၊ မြန်မာစာပေနှင့် ဘာသာစကားပညာရှင်များ၊ တက္ကသိုလ်များမှ မြန်မာစာဌာန၊ သမိုင်းဌာန၊ ရှေးဟောင်းသုတေသနပညာဌာန၊ အရှေ့တိုင်းပညာဌာနတို့မှ ပညာရှင်များထံပေးပို့၍ အကြံပြုချက်များ တောင်းခံလျက် ပြင်ဆင်ရေးသားခဲ့ကာ မေလ ဒုတိယပတ်တွင် ပေးပို့တင်ပြနိုင်ရန် ဆောင်ရွက်ပြီးဖြစ်ပါသည်။

ခရစ်နှစ် ၁၅၅၇ ခုနှစ် (၁၆ ရာစု) တွင်ရေးထိုးသော ယင်းဘုရင့်နောင်ခေါင်းလောင်းစာသည် ဘုရင့်နောင်မင်းတရားကြီးလက်ထက် လူမှုစီးပွားဆိုင်ရာနည်းပညာများ၊ နိုင်ငံရေးအခြေအနေ၊ ကိုးကွယ်ယုံကြည်မှုနှင့် တိုင်းရင်းသားတို့၏ လူမှုဓလေ့ထုံးတမ်းများကို ထင်ဟပ်ဖော်ပြနေသော ကမ္ပည်းမော်ကွန်း တစ်ရပ်ဖြစ်ပါသည်။

မြန်မာ့သမိုင်းဆိုင်ရာကွင်းဆက်များကို မှန်ကန်စေရေးအတွက် ဆက်စပ်ညှိနှိုင်းလေ့လာရာတွင် ရက်စွဲနေ့စွဲ အတိအကျ ရေးထိုးမှတ်တမ်းတင်ထားသောကြောင့် ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာသည် တိကျခိုင်မာသော စာပေဆိုင်ရာ၊ သမိုင်းဆိုင်ရာ မူရင်းအထောက်အထားတစ်ရပ်လည်း ဖြစ်ပါသည်။ ပါဠိ၊ မွန်၊ မြန်မာ ဘာသာစကားနှင့် အက္ခရာ၊ စာပေထွန်းကားမှု အဆင့်အတန်းကိုလည်း ဖော်ပြသော ရှေးဟောင်းစာပေ အမွေအနှစ် ရတနာတစ်ခုလည်း ဖြစ်ပါသည်။ မြန်မာတို့၏ ပန်းဆယ်မျိုးအနုပညာ၊ ကြေးသွန်းအတတ်ပညာ၊ ဒြပ်မဲ့ ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားတစ်ရပ်လည်း ဖြစ်ပါသည်။

ဘုရင့်နောင်ခေါင်းလောင်းစာတွင် သက္ကရာဇ် ၉၁၉ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၌ သီရိပရမမဟာဓမ္မရာဇာဓိရာဇဘွဲ့တော်ခံ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင် မင်းတရားကြီးသည် ကြေးခွက် ၂၁၀၀ ဖြင့် ခေါင်းလောင်းကြီးတစ်လုံးသွန်းလုပ်ကာ အနုရုဒ္ဓမင်း (အနော်ရထာမင်း)နှင့် ထီးလှိုင်ရှင်မင်း (ကျန်စစ်သားမင်း) တို့၏ ကောင်းမှုတော်ဖြစ်သော ပုဂံ ရွှေစည်းခုံဘုရားရင်ပြင်တော်တွင် ချိတ်ဆွဲလှူဒါန်းခဲ့ကြောင်း အလှူမှတ်တမ်းကမ္ပည်းမော်ကွန်းရေးထိုးထားပါသည်။

ထို့ပြင် နိုင်ငံတော်စည်းရုံးရေးအတွက် ဆောင်ရွက်ချက်များ၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

- သက္ကရာဇ် ၉၁၂ ခု တပို့တွဲလဆန်း ၅ ရက် တနင်္ဂနွေနေ့ ကေတုမတီကို အလိုတော်ပြည့်ကြောင်း၊

- သက္ကရာဇ် ၉၁၃ ခု၊ တော်သလင်းလကွယ်နေ့ သရေခေတ္တရာပြည်ကို အောင်တော်မူကြောင်း၊

- သက္ကရာဇ် ၉၁၃ ခု တန်ခူးလဆုတ် ၃ ရက် စနေနေ့ ဟံသာဝတီသို့ ချီတော်မူကြောင်း၊

- သက္ကရာဇ် ၉၁၅ ခု တပို့တွဲလဆန်း ၁၀ ရက် သောကြာနေ့ ကမ္ဘောဇသာဒီနန်းတော်တွင် ဘိသိက်ခံကြောင်း၊

- သက္ကရာဇ် ၉၁၆ ခု တပေါင်းလဆန်း ၂ ရက် အင်္ဂါနေ့ အဝ(အင်းဝ)ကို အောင်တော်မူကြောင်း၊

- သက္ကရာဇ် ၉၁၈ ခု နတ်တော်လဆန်း ၈ ရက် တနင်္လာနေ့ အဝ(အင်းဝ)သို့ ထပ်မံချီတော်မူကြောင်း၊

- ပြာသိုလဆုတ် ၉ ရက် ကြာသပတေးနေ့ အင်းဝရွှေနန်းသို့ ရောက်တော်မူကြောင်း၊

- တပို့တွဲလဆန်း ၉ ရက် သောကြာနေ့ ကြည်းအား ရေအားဖြင့် ချီတော်မူကြောင်း၊

-တပို့တွဲလဆုတ် ၁၁ ရက် တနင်္လာနေ့ မိုးမိတ်၊ သီပေါ ပတ္တမြားတွင်းကို အောင်မြင်တော်မူကြောင်း၊

- တပေါင်းလဆန်း ၁၁ ရက် တနင်္လာနေ့ စေတီတည်တော်မူကြောင်း၊

- တပေါင်းလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ သရီရဓာတ်တော် ဌာပနာတော်မူကြောင်း၊

- တပေါင်းလပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ မိုးမိတ်က ချီတော်မူကြောင်း၊

- တပေါင်းလပြည့်ကျော် ၈ ရက် စနေနေ့ မိကျည် (ထီးချိုင့်)သို့ ရောက်တော်မူကြောင်း၊

- တန်ခူးလဆန်း ၁ ရက် တနင်္ဂနွေနေ့ ချီတော်မူကြောင်း၊

- တန်ခူးလဆန်း ၇ ရက် စနေနေ့ မိုးညှင်းကိုအောင်တော်မူကြောင်း၊

- တန်ခူးလပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့ မိုးကောင်းကို အလိုတော်ပြည့်ကြောင်း၊

- သက္ကရာဇ် ၉၁၉ခု ကဆုန်လဆန်း ၅ ရက် သောကြာနေ့ မိုးကောင်းစော်ဘွား၊ မိုးညှင်းစောလုံတို့ ထပ်လောင်းသစ္စာပြုကြောင်း၊

- ကဆုန်လဆန်း ၁၂ ရက် သောကြာနေ့ မိုးကောင်းကပြန်တော်မူကြောင်း၊

- သက္ကရာဇ် ၉၁၉ ခု နယုန်လပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့ ခေါင်းလောင်းတော်သွန်းလုပ် လှူဒါန်းတော်မူကြောင်း၊

ယင်းခေါင်းလောင်းစာတွင် ဖော်ပြထားချက်များအရ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီး၏ ဘွဲ့တော်မှာ သီရိပရမမဟာဓမ္မရာဇာဓိရာဇ ဖြစ်ကြောင်း၊ မိဖုရားကြီး၏ ဘွဲ့တော်မှာ သီရိအဂ္ဂမဟာရာဇဒေဝီဖြစ်ကြောင်း၊ မင်းမိဖုရားနှစ်ပါးတို့သည် ကမ္ဘောဇသာဒီနန်းတော်၌ သက္ကရာဇ် ၉၁၅ ခု တပို့တွဲလဆန်း ၁၀ ရက်တွင် ဘိသိက်မင်္ဂလာခံယူတော်မူခဲ့သည့် သမိုင်းအထောက်အထားတစ်ရပ်ကို တွေ့ရှိရပါသည်။

ယင်းခေါင်းလောင်းစာသည် သာသနာ့အမွေအနှစ်ဆိုင်ရာ အထောက်အထားတစ်ရပ်လည်း ဖြစ်ပါသည်။ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးသည် ကေတုမတီ(တောင်ငူ)၊ သရေခေတ္တရာပြည်၊ အဝ(အင်းဝ)၊ မိုးမိတ်၊ သီပေါ၊ မိုးညှင်း၊ မိုးကောင်း၊ မိကျည်(ထီးချိုင့်) စသောဒေသများကို တစ်စည်းတစ်လုံးတည်းဖြစ်အောင် စည်းရုံးနိုင်ခဲ့ကြောင်း၊ ကြွချီရာခရီးလမ်းတစ်လျှောက်၊ ရောက်ရှိရာနေရာဒေသအသီးသီးတွင် ကုသိုလ်ဟောင်းတို့ကိုပြုပြင်လျက် ကုသိုလ်အသစ်များကို ပြုစုခဲ့ကြောင်း၊ ထို့ကြောင့် မွန်တိုင်းနိုင်ငံ၊ မြန်မာတိုင်းနိုင်ငံအားလုံး ရွှေဘုရား၊ ရွှေစေတီ၊ ရွှေဂူ၊ ရွှေဆင်းတု၊ ရွှေကျောင်း၊ ရွှေဇရပ်၊ ရွှေတန်ဆောင်းပြောင်ပြောင်ထွန်းပလျက် ဗုဒ္ဓသာသနာတော် ပွင့်လင်းစည်ပင်ရကြောင်း အတိအလင်း ဖော်ပြထားပါသည်။

သိန်ယိုင်ကျွန်း (သီဟိုဠ်ကျွန်း)သို့ သင်္ဘောဖြင့်သွားရောက်၍ ကုသိုလ်ဟောင်းများကို ပြုပြင်စေခဲ့ကြောင်း၊ သိန်ယိုင်ကျွန်း (သီဟိုဠ်ကျွန်း)မှ သရီရဓာတ်တော်များကို သံဃာတော်တို့က သင်္ဘောဖြင့် ဟံသာဝတီပြည်သို့ပင့်ဆောင်ခဲ့ပြီး နှစ်မပြတ်၊ လမပြတ်၊ နေ့မပြတ် လှူဒါန်းဖြည့်တင်းတော်မူခဲ့ကြောင်း ခေါင်းလောင်းစာတွင် ဖော်ပြထားရာ ဗုဒ္ဓသာသနာတော်ပြုစုခြင်းငှာ သီဟိုဠ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေအတွက်လည်း သမိုင်းဆိုင်ရာ အထောက်အထားတစ်ရပ် ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း ကြည်းကြောင်း၊ ရေကြောင်းတို့ဖြင့် ကြွချီတော်မူရာတွင် ရွှေဖောင်တော်ဦးပြာသာဒ်၊ ပဲ့ပြာသာဒ်ဖြင့် ဆင်ယင်သောအရောင်အဝါနှင့်ပြည့်စုံသော ရွှေဖောင်တော်ထက် စီးတော်မူကြောင်း၊ စူဠာမဏိအမည်ရှိသော ၃၃ လံနှစ်တောင်အလျားရှိသော အတုမရှိသော ရွှေလောင်းမ၊ ငွေဗိမာန် ၂၇ လံ နှစ်တောင်အလျားရှိသည့် ဦးပြာသာဒ်၊ ပဲ့ပြာသာဒ်၊ အလယ်ပြာသာဒ်၊ ရတနာတို့ဖြင့်ပြီးသော အရောင်အဝါတင့်တယ်စွာ အတုမရှိသော ရွှေလောင်း၊ ရွှေစလာကပင်၊ ရွှေရဲလှေ၊ ရွှေလှော်ကား၊ ရွှေသံလှေတို့ဖြင့် ချီတော်မူကြောင်း ဖော်ပြထားပေရာ လှေတပ်တော်ဖြင့် မင်းခမ်းမင်းနား ခင်းကျင်းဆင်ယင်ပုံနှင့် တောင့်တင်းခိုင်မာ စည်းလုံးညီညွတ်သော အင်အားရှိခဲ့ပုံတို့ ထင်ဟပ်နေသည့် ခေတ်ကြေးမုံကိုတွေ့မြင်ရပါသည်။

မိုးကောင်း၊ မိုးညှင်း၊ သီပေါ၊ မိုးမိတ် ရှမ်းနှစ်ပြည်ထောင်တွင် သူကောင်းတစ်ယောက်သေလျှင် ယောကျ်ား၊ မိန်းမကိုသတ်၍ထည့်သည်ကို မိစ္ဆာဒိဋ္ဌိအကျင့်ကျင့်သည်ကို မကျင့်နှင့်ဟူ၍ သစ္စာရေတိုက်ကာ ထားတော်မူလျက် ကာကွယ်စောင့်ရှောက်ပေးတော်မူခဲ့သော ဆောင်ရွက်ချက်များကိုပါ ယင်းခေါင်းလောင်းစာတွင် ဖော်ပြထားပါသည်။ တိုင်းရင်းသားလူမျိုးတို့ ပြုပြင်သင့်သော အယူအကျင့်များကို ပယ်နုတ်ပေးခဲ့ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ၊ မနုဿဗေဒဆိုင်ရာ အမွေအနှစ် အထောက်အထားများအဖြစ် တွေ့ရှိနိုင်ပါသည်။

ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီး၏ ကုသိုလ်တော်ဖြစ်သည့် ပုဂံရွှေစည်းခုံဘုရားမှ ခေါင်းလောင်းသည်လည်းကောင်း၊ ခေါင်းလောင်းတွင်ရေးထိုးထားသော ကမ္ပည်းမော်ကွန်းစာသည်လည်းကောင်း၊ မြန်မာတို့၏ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်တို့ဖြင့် တန်ဆာဆင်အပ်သော အထောက်အထားဖြစ်သောကြောင့် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ပါသည်။ ထို့ထက်ပို၍ ကမ္ဘာ့လူသားအားလုံးက တန်ဖိုးထားထိန်းသိမ်းသင့် ထိန်းသိမ်းအပ်သော ကမ္ဘာပေါ်တွင် တစ်ခုတည်းသော ထူးခြားရှားပါးသည့်၊ တန်ဖိုးကြီးမားသည့် ယဉ်ကျေးမှုအမွေအနှစ်လည်း ဖြစ်သောကြောင့် ယူနက်စကို-ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း (UNESCO Memory of the World) တင်သွင်းနိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အားသွန်ခွန်စိုက် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

မကြာတော့သောကာလတွင် ပုဂံ ရွှေစည်းခုံဘုရားရင်ပြင်ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာသည် မန္တလေးမှ ကုသိုလ်တော်ဘုရား ကျောက်စာများကဲ့သို့လည်းကောင်း၊ ပုဂံမြို့ဟောင်းရှိ မြစေတီကျောက်စာ (ခေါ်) ရာဇကုမာရ်ကျောက်စာများကဲ့သို့လည်းကောင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် အမွေအနှစ်တစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်ရပါသတည်း။

*ပုဂံ ရွှေစည်းခုံဘုရားရင်ပြင်ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာသည် မန္တလေးမှ ကုသိုလ်တော်ဘုရား ကျောက်စာများကဲ့သို့လည်းကောင်း၊ ပုဂံမြို့ဟောင်းရှိမြစေတီကျောက်စာ(ခေါ်)ရာဇကုမာရ်ကျောက်စာများကဲ့သို့ လည်းကောင်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် အမွေအနှစ်တစ်ရပ်ဖြစ်လာမည်ဟု ယုံကြည် . . .*

ကိုးကားချက် -

**- ချစ်သိန်း၊ ဦး(ရှေးဟောင်းသုတေသနဝန်)။ ၁၉၆၅)။ မွန်ကျောက်စာပေါင်းချုပ်။ ရန်ကုန်၊ ပြည်ထောင်စုယဉ်ကျေးမှုဌာန၊ ရှေးဟောင်းသုတေသနဌာနခွဲ။**

**-တိုးလှ၊ ဒေါက်တာ။ (၁၉၈၀၊ နိုဝင်ဘာလ)။ ဟံသာဝတီဆင်ဖြူရှင်၏ ကုသိုလ်တော် ခေါင်းလောင်းစာ လေ့လာချက်၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၁၄၊ အပိုင်း ၆၊ စာမျက်နှာ (၃၅-၅၃)။**

**-ရန်ကုန်၊ သမိုင်းသုတေသန။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ မှတ်တမ်းများနှင့် ၎င်းဌာနခွဲမှရရှိသော သတင်းအချက်အလက်များ။**

**ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်ဇော်ထွန်းဦးဆောင်၍ ဌာနဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများပူးပေါင်းပြီး မေ ၇ ရက်က ဥက္ကံကံကုန်းကျေးရွာအုပ်စုအတွင်းရှိကျွဲ၊ နွား ၂၀၅ ကောင်အား စုပေါင်းကာကွယ်ဆေးထိုးနှံပေးခြင်း၊ တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကြက်ကောင်ရေ ၃၀၀ ခန့်အား အပူဒဏ်ခံကြက်လည်လိမ်မျက်စဉ်း (I2) ခပ်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**



စန်းကလျာနိုင်(မြန်/ဆက်)

# LASHIO EXPO

လားရှိုးမြို့ကုန်စည်ပြပွဲကြီး

(၁၇-၅-၂၀၁၆) မှ (၂၀-၅-၂၀၁၆)

(မြို့တော်ခန်းမ)

WINNER -09 5173076, 09 454091163, 09 250660119

# ကျေးဇူးတင်လွှာ

Sampar Oo အချိုရည်ကျပ်သိန်း ၃၀၀၀ ဖိုး Lucky Draw အစီစဉ်တွင်ကျပ် ၁၀၀၊ ၂၀၀၊ ၅၀၀၊ ၁၀၀၀ နှင့် ၅၀၀၀ ကျပ် ငွေသားဆုမဲများ အပြင်၊ ရွှေ ၁ကျပ်သားဆုမဲများ နှင့်မော်တော်ဆိုင်ကယ်ဆုမဲများပါဝင်ခဲ့ပါသည်။ ရွှေ ၁ကျပ်သား နှင့်မော်တော်ဆိုင်ကယ်ဆုမဲများကံထူး သွားကြသော ကံထူးရှင်များကိုလည်း Sampar Oo အချိုရည်မိသားစုမှ အထူးပင်ဂုဏ်ယူမိပါသည်။ ထို့အပြင်ကံထူးရှင်များ၏ အချက် အလက်များကိုလည်း Sampar Oo Facebook စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။ ဆက်လက်ပြီး ကံစမ်းမဲကာလ ပိတ်သိမ်းသွား သော်လည်းပေါက်မဲအဖုံးများအား 31.7.2016 ထိ လဲလှယ်ပေးသွားမည်ဖြစ်ပါသောကြောင့် မိမိတို့လက်ထဲတွင်ရှိသော ပေါက်မဲများနှင့် တွဲဆက်စာလုံးများအား သေချာသိမ်းထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အဘက်ဘက်မှဝယ်ယူအားပေးကြသော စားသုံးသူများနှင့် တစ်ဆင့်ပြန်လည်ရောင်းချသူများအား Sampar Ooအချိုရည် မိသားစုမှအထူးပင်ကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်အပ်ပါသည်။



SAMPAR OO

www.facebook.com/samparoo

Visit

The 3rd International Exhibition for Food & Drink, Hotel, Restaurant, Bakery & Food Service Equipment, Supplies & Services

FOOD & HOTEL 2016 Myanmar

1-3 JUNE

Myanmar Event Park (MEP)
Yangon 10.00 -18.00 Hrs.

Myanmar's Largest & Most International Food & Hospitality Trade Event in Myanmar

- 250 Exhibitors
- 7 International Pavilions
- 1,000 Products
- Industry Events

Including: MCAC 2016 Myanmar Culinary Arts Competition; MNBC 2016 Myanmar National Barista Championship



The Industry's Choice

Visitor Pre-Registration at www.foodandhotelmyanmar.com

Find us on Facebook

Supported by: FoSTA MFPEA

Organised by: BES ALLWORLD

• Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

Information Hotline: Tel: +95-1 513 515-519
Email: marketing@informationmatrix.com
Contact: U Htet Wai Zaw

PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook Pun Hlaing Siloam Hospitals



အိုင်ယာလန်နိုင်ငံ၌ ဆေးပညာအတွေ့အကြုံများစွာရှိခဲ့သူ

ဒေါက်တာဝင်းထိန် အရိုး၊ အကြော၊ အဆစ် နှင့် ထိခိုက်ဒဏ်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး သည်

ပန်းလှိုင်စီလုံဆေးရုံကြီးတွင် Full-time Specialist အဖြစ် လူနာများကို ကြည့်ရှုပေးလျက်ရှိပြီး

ပြည်မြို့ရှိ လောကပါလဆေးရုံကြီး တွင်လည်း လစဉ် ကြည့်ရှုပေးနေပြီး ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ပန်းလှိုင်စီလုံဆေးရုံ
တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေ
ဖုန်း - ၀၁ - ၆၈၄၃၂၅၊ ၀၉ ၄၂၀၀၄၂၆၇၉ (ကြိုတင်စာရင်းပေးသွင်းရန်)

လောကပါလဆေးရုံ - ပြည်မြို့
မေလ (၁၄)ရက်မှ (၁၅)ရက်နေ့အထိ

ကြိုတင်စာရင်းပေးသွင်းရန်
ဖုန်း - ၀၉ ၇၉၆၃၇၇၁၆၆ - မအိချို
www.punhlaingsiloamhospitals.com

# ရေကျော် (ပုဇွန်တောင်မြို့နယ်) နှင့် စမ်းချောင်းမြို့နယ်ရှိ အဆင့်မြင့်ပြင်ဆင်ပြီး နေထိုင်ရန်အသင့်တိုက်ခန်းများရောင်းရန်ရှိသည်။



8½ Stories | ပြီးစီးမှု ၁၀၀%
အမှတ်(၂၂)၊ဒေါ်နလမ်း၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်။



6 Stories | ပြီးစီးမှု ၁၀၀%
အမှတ်(၂၈)၊ ယုဇနလမ်း၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်။



8½ Stories | ပြီးစီးမှု ၁၀၀%
အမှတ်(၁၉)၊ မဟာဗောဓိလမ်း၊
ရေကျော်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။



8½ Stories | ပြီးစီးမှု ၁၀၀%
အမှတ်(၃၇)၊ ဗေဒါ့ယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်။

- Master Bedroom နှင့် Bedroom နှစ်ခန်းပါဝင်ပါသည်။
- Kitchen Room +Steel Basin + Cabinet ပါဝင်ပါသည်။
- အိပ်ခန်းနှင့် ဧည့်ခန်း တို့ကို ပါကေးခင်းပြီး Aircon တပ်ဆင်ပေးထားပါသည်။
- အရည်အသွေးပြည့်မီသော လျှပ်စစ်ပစ္စည်းများ(24 Hour Generator) (မီးကြိုး၊ ရေမော်တာ)တို့ကို အသုံးပြုထားသည်။
- ကိုယ်ပိုင်မီတာ တစ်လုံးစီပါဝင်သည်။
- 9 ယောက်စီး၊ 630 kg ဓါတ်လှေကား(Schindler Brand)ပါဝင်သည်။
- ဓါတ်လှေကားနှင့် ရေစက်များအတွက် အရေးပေါ်သုံးရန် မီးစက်တစ်လုံးပါဝင်သည်။
- ရေချိုးခန်း၊ အိမ်သာ(ကြွေပြားခင်း၊ နံရံ)တို့ကို ကြွေပြားအပြည့်ကပ်ပေးထားသည်။ Central distribution watersupply system
- ဗဟိုရေပေးဝေမှုစနစ်ဖြစ်ပါသည်။
- Video intercon, Satellite system ပါဝင်ပါသည်။

● အသင့်တော်ဆုံးဈေးနှုန်း ● ခိုင်ခံ့ခေတ်မီသောဒီဇိုင်း ● သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်များ၌ တည်ဆောက်ထားသော တကောင်ဘွားကုမ္ပဏီလီမိတက် ရဲ့အဆင့်မြင့်တိုက်ခန်းများအားဝယ်ယူအားပေးနိုင်ပါသည်။



8½ Stories အမှတ်(၅၈၅)၊မှော်ရုံလမ်း၊ လှိုင်မြို့နယ်။

## အဆင့်မြင့် တိုက်ခန်းများကို လစဉ် အရစ်ကျငွေပေးချေမှုစနစ်ဖြင့် လက်ဝယ်ရင်နီးမြုပ်နှံနိုင်မည့် အခွင့်အရေး

● Pile Foundation (Ready - Mixed Concrete)

● Central distribution watersupply system(ဗဟိုရေဖြန့်ဝေမှုစနစ်)

● Video intercom ● Satellite system ● ကိုယ်ပိုင် မီတာ

● Underground Tank,Overhead Tank (Stainless Steel Tank)

● 9 ယောက်စီး 630 kg ဓါတ်လှေကား



8½ Stories အမှတ်(၉၄)၊ဗိုလ်စောပုလမ်း၊
ကြည့်မြင်တိုင်မြို့နယ်။

Develop By
တကောင်ဘွားကုမ္ပဏီလီမိတက်
TA GAUNG BWAR CO.,LTD.

No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 830 3888, 09 832 8888
Email : tagaungbwarcompany@gmail.com , Website : www.tagaungbwar.com

# ရဲတပ်ဖွဲ့ကို လိုအပ်သည့် အင်အားနှင့် စက်ပစ္စည်းများဖြည့်တင်း၍ တရားဥပဒေ စိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး အဓိကထား ဆောင်ရွက်မည်

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး၌ အစိုးရသစ်ကာလ ရက် ၁၀၀ စီမံချက်တွင် ရဲတပ်ဖွဲ့အတွက် လိုအပ်သည့်အင်အားနှင့် စက်ပစ္စည်းများဖြည့်တင်း၍ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးကို အဓိကထားဆောင်ရွက်သွားမည်

> လောင်းကစားဖြစ်နေတဲ့ပြဿနာရပ်တွေ၊ ကျူးကျော်ကို လုပ်စားနေတဲ့အခြေအနေတွေ၊ နယ်မြေတွေအတွင်းမှာ ထောင်ကထွက်လာပြီး မြို့ရွာကို ကိုယ်ကြိုက်သလိုဝင်ပြီး စီမံနေတဲ့အခြေအနေဟာ အရေးကြီးတဲ့စိုးရိမ်စရာ အခြေအနေဖြစ်ပါတယ်။

ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"အဓိက စိတ်မကောင်းစရာ အချက်တစ်ချက်ကတော့ ကျွန်တော်တို့အုပ်ချုပ်ရေး ယန္တရားတစ်ရပ်လုံးမှာ တုံ့ပြန်ခံရမယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ဒါဟာအရေးအကြီးဆုံးကိစ္စပဲ။ ဥပမာ ရဲကိုဓားနဲ့ထိုးသတ်သွားမယ်။ နောက်နေ့ ရဲမလာနဲ့ဆိုတဲ့နယ်မြေမျိုး ရန်ကုန်တိုင်းမှာလုံးဝမရှိစေရဘူး။ ဒါကိုကျွန်တော်လုပ်မယ်။ နောက်တစ်ခု ကျွန်တော်တို့အုပ်ချုပ်ရေးယန္တရားမှာ ပြည်သူလူထုက အပ်နှင်းလိုက်တဲ့တာဝန်ကို ဆောင်ရွက်ဖို့ ကျွန်တော်တို့ကြိုးစားမယ်။ ဒီလိုကြိုးစားတာကို ရာဇဝတ်ဂိုဏ်းလိုတွေက ဒီနယ်မြေကိုလာရင် မင်းသေသွားနိုင်တယ်ဆိုရင် အဲဒီစိန်ခေါ်မှုက ကျွန်တော်တို့အတွက် အကြီးဆုံးစိန်ခေါ်မှုပဲ။ ဒီစိန်ခေါ်မှုကို ကျွန်တော်တို့ရှင်းမယ်။ ဒါဟာ အရေးကြီးတဲ့ကိစ္စပဲ။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ■



မြန်မာအမျိုးသမီးအသင်း ဂျပန်ခရီးစဉ်မတိုင်မီ လေ့ကျင့်နေစဉ်။

# မြန်မာအမျိုးသမီးအသင်း ဂျပန်ခရီးစဉ်တွင် ခြေစမ်းပွဲ ငါးပွဲ ယှဉ်ပြိုင်ကစားမည်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် မေ ၁၀**

ဂျပန်နိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ယင်းခရီးစဉ်တွင် ခြေစမ်းပွဲ ငါးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် မေ ၁၁ ရက်တွင် Kanagawa တက္ကသိုလ် အမျိုးသမီးအသင်းနှင့် စတင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ်တွင် ခြေစမ်းပွဲ ငါးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမပွဲအဖြစ် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Kanagawa တက္ကသိုလ် အမျိုးသမီးအသင်းနှင့် စတင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အခြားခြေစမ်းပွဲများအဖြစ် မေ ၁၆ ရက်တွင် တရုတ်(တိုင်ပေ) လက်ရွေးစင်အသင်း၊ မေ ၁၈ ရက် တွင် Shizuoka Sangyo တက္ကသိုလ်အသင်း၊ မေ ၂၃ ရက်တွင် JEF United အသင်း၊ မေ ၂၄ ရက်တွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ○

# မြန်မာနိုင်ငံ၏ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အမေရိကန်အနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်းများ ပြုလုပ်မည်မဟုတ်ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ပြောကြား

ရန်ကုန် မေ ၁၀

**မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးဖိအားပေးခြင်းများ ပြုလုပ်မည်မဟုတ်ဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နည်းပညာပိုင်းဆိုင်ရာနှင့် လိုအပ်သည့် အကူအညီများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်က ပြောကြားသည်။**

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❒



Shwe Sin Oo
Motion pictures Producttion
No. 247/1 (Ground floor), 35 street (upper block),
Kyauk Ta Da Township,Yangon, Myanmar. Phone +951-249670, +951-252147.

# ပရိသတ်နှင့်မန်တီးသူတို့ကြား ရင်ဘတ်ချင်း ဂျက်ပင်ထိုးမိခြင်း

## တစ်ခဲနက်အားပေးခဲ့သောပရိသတ်ကြီးအား အထူးကျေးဇူးတင်စွာဖြင့်

**Shwe Yee** with Cho Lay Lwin and
May 6 at 11:34pm

#အုတ်ကြားမြက်ပေါက် အပေါ်ပရိသတ်တစ်ဦး၏အမြင်
သရုပ်ဆောင် – ရွှေအုတ်အဖြစ် – နေတိုး
ဖိုးသကြားအဖြစ် – ထွန်းထွန်း
မြက်ရိုင်းအဖြစ် – နေမင်း
ပေါက်ပေါက်အဖြစ် – သက်မွန်မြင့်

ဇင်ပိုင်း စိုးမြတ်သူဇာ စိုးမိုးကြည် ထူးမွန်တကယ့်Actorကြီးတွေရဲ့ဇာတ်ပို့မှု သရုပ်ဆောင်မှုများနဲ့အတူ ဤရုပ်ရှင်ကားမှပေးချင်သော ကျွန်ုပ်သိမြင်ခံစားရရှိလိုက်သော Messageအချို့ကိုမျှဝေပေးချင်ပါတယ်

*****Dramaရုပ်ရှင်ကားတစ်ကားဆိုပေမယ့်
သာမန်ရိုးကျlove dramaမျိုးမဟုတ်ပဲဘဝတွေစိတ်ခံစားတွေနာကျင်မှုတွေနဲ့ခွဲထွက်နေတဲ့ရုပ်ရှင်ဇာတ်ကားဆိုတာထက်ဘဝပေးအသိတွေနဲ့ပြည့်စုံနေတဲ့ဖြစ်ရပ်တစ်ခုလိုပါပဲ ဇာတ်ကားတစ်ကားလုံးခြုံပြီးပြောရမယ်ဆိုရင်အဓိကသရုပ်ဆောင်တစ်ယောက်ချင်းစီမှာမိဘတွေကသူတို့သားသမီးတွေကို ဝင်ပြီးတော့ရုပ်ကြည့်တဲ့အခါခေါင်းစဉ်လွဲသွားရင် အဲဒီသားသမီးတွေရဲ့ဘဝဟာဆိုးတာရောကောင်းတာရော ဘာမဆိုဖြစ်သွားနိုင်သလို ဖခင်ကမည်မျှပင်ငွေကြေးပြည့်စုံချမ်းသာစေကာမူမိဘချင်းအဆင်မပြေခြင်းတွေလွဲမှားစွာနားလည်မှုတွေနဲ့သားတစ်ယောက်ရဲ့ရင်ထဲကအတွင်းလိုက်နာကျည်းမှု တွေကိုပျောက်ပျက်သွားအောင်မလုပ်နိုင် တဲ့အခါ မိဘနဲ့ သားသမီးကြားထားရှိတဲ့မေတ္တာတရားကျေးဇူးရှင်ဘဝမှရန်သူဖြစ်သွားရင်ဘယ်လိုမှမကောင်းနိုင်တဲ့အချက်တွေဖခင်ကိုအရွဲ့တိုက်မှုများစွာနဲ့အတူတူလူ့ပတ်ဝန်းကျင်မှာအဖတ်တောင်မလုပ်ချင်တဲ့ "အုတ်ကြားမြက်ပေါက်" ဖြစ်ချင်သူ
မိခင်ကစွန့်ပစ်လို့မိခင်မေတ္တာတောင့်တရင်း
"အုတ်ကြားမြက်ပေါက်"ဖြစ်တဲ့သူ
မိဘတွေရဲ့ခေါင်းစဉ်မှားလမ်းကြောင်းမှားပေါ် မှာတင်ပေးခဲ့မှု ကြောင့် "အုတ်ကြားမြက်ပေါက်" ဖြစ်ခဲ့ရတဲ့သူ လူသားမဆန်တဲ့ ကိုယ့်အကျိုးစီးပွားအတွက် ကိုယ့်ထက်အသိဉာဏ်နည်းအင်အားနည်းတဲ့သူတွေရဲ့ဘဝကိုအမြတ်ထုတ်သူတွေကြောင့်မိဘမဲ့ဘဝနဲ့ "အုတ်ကြားမြက်ပေါက်"ဘဝကိုရောက်မှန်းမသိရောက်ခဲ့ရတဲ့ဘဝတွေအားလုံးအားလုံးဟာမိဘတွေကသူတို့လေးတွေရဲ့ဘဝကိုချစ်ရာမရောက်ပဲနှစ်ရာရောက်ခဲ့ကြလို့ အုတ်ကြားထဲမှာပေါက်တဲ့မြက်တွေအဖြစ်ရှင်သန်ခဲ့ကြတဲ့ဘဝတွေမှာအဲဒီထက်ပိုဆိုးတဲ့ဘဝတွေကို

***အုတ်ကြားမြက်ပေါက်***ဆိုတဲ့ဘဝရဲ့နာကျည်းမှု များကိုအင်အားအဖြစ်အသုံးချပြီးမြင့်တင်နိုင်အောင်တွဲလက်တွေမှာကမ်းလက်ညီစွာကြိုးစားမှု တွေမှာ ရိုးသားဖြူစင်ခြင်းတွေအဓိကပါဝင်ဖို့လည်းလိုတယ်ဆိုတာသိမြင်ထင်ရှားစေခဲ့ပြန်တယ်

***မေတ္တာတရားနဲ့ကမ်းတဲ့ပန်းတိုင်းဟာအဆိပ်ရှိတဲ့ဆူးတွေအားလုံးချိုးထားပြီးသားပါ မိဘတွေကသားသမီးတွေကိုလှတဲ့မွှေးတဲ့ပန်းကိုပဲပေးချင်ကြတာ သားသမီးတွေဘက်ကရလိုက်တဲ့လှတဲ့မွှေးတဲ့မေတ္တာပန်းဟာအမြဲမွှေးနေသလို ဆူးချိုးရင်းဆူးထိုးခံလိုက်ရတဲ့မိဘတွေရဲ့လက်ထဲကသွေးစက်ကိုမြင်ကြမှာမဟုတ်ပါဘူးမြင်အောင်လည်းပြကြမှာမဟုတ်ပါဘူး

ဒါပေမယ့် မိဘတွေကသားသမီးတွေကိုမေးတဲ့လှတဲ့မွှေးတဲ့မေတ္တာပန်းဟာငရဲပန်းဖြစ်နေခဲ့မယ်ဆိုရင်ဆိုတဲ့ကိုယ်ချင်းစာတရားတွေကိုခံစားစေခဲ့ပြန်တယ်





နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် ပုပ္ပသီရိမြို့နယ် ဝဲကြီးအုပ်စု ဆင်ဖြူကျွန်း၊ သုဝဏ္ဏဘူမိ ဇေတဝန်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သောဘဏ၏ သက်တော် ၈၅ နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို မေ ၈ ရက် တနင်္ဂနွေနေ့က ကျင်းပခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ-(ကြေးမုံ)

# ဘားအံအကျဉ်းထောင်တွင်လည်း ရေပြတ်လပ်မှုများရှိနေ

**ဘားအံ မေ ၁၀**

အယ်နီညို ရာသီဥတုပူပြင်းမှုကြောင့် ဘားအံမြို့နယ်တစ်ခွင် သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်နေသကဲ့သို့ ဘားအံအကျဉ်းထောင်၌လည်း ရေရှားပါးပြတ်လပ်မှုကြုံတွေ့နေရကြောင်း တရားရုံးထုတ် အချုပ်သားများ ပြောပြချက်အရ သိရသည်။

"ကျွန်တော်တို့ ချုပ်နှောင်ခံရတဲ့ ဘားအံအကျဉ်းထောင်မှာ ၅×၃ လက်မခန့် ရေခွက်နဲ့ ရေ ခြောက်ခွက်ပဲချိုးခွင့်ရတယ်။ နောက်ပြီးရေခွက်က အောက်က ဖောက်ထားသေးတယ်။ ရေကနီရဲနေပြီး မသန့်ရှင်းတော့ အကျဉ်းထောင် အချုပ်သားတွေ ယားနာတွေဖြစ်ပွားနေပါတယ်။ သောက်ရေကတော့ ဘားအံမြို့မှာဖွင့်လှစ်ထားတဲ့ ရေသန့်စက်ရုံတွေက လာရောက်လှူဒါန်းပေးပါတယ်"ဟု ဘားအံ တရားရုံးအချုပ်ခန်း၌ မေ ၄ ရက် မွန်းလွဲပိုင်းက ဒေသခံမီဒီယာများနှင့် တွေ့ဆုံစဉ် တရားရုံးထုတ်လာသူ အချုပ်သားတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"ကျွန်တော်တို့ ဘားအံ အကျဉ်းထောင်ကိုလည်း အကျဉ်းသားတွေရဲ့ သောက်သုံးရေမလုံလောက်မှုဖြစ်နေတဲ့အပေါ် လူသားချင်းစာနာမှုနဲ့ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ မီးသတ်အဖွဲ့တွေပူးပေါင်းပြီးရေလာလှူပေးစေချင်ပါတယ်" ဟု မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ကရင်ပြည်နယ်သတင်းစာဆရာအသင်းမှ အဖွဲ့ဝင်များအား တရားရုံးအချုပ်ခန်းရှိ အချုပ်သားတစ်ဦးက ပြောသည်။

အယ်နီညို ရာသီစက်ဝန်းကြောင့် ပြည်နယ်တိုင်းဒေသကြီးများတွင် အပူရှိန် မြင့်တက်လျက်ရှိရာ ပူပြင်းမှုကြောင့် ပြည်နယ်၊ တိုင်းဒေသကြီးများအတွင်း ရပ်ကွက်၊ ကျေးရွာများ၌ ရေတွင်း၊ ရေကန်များ ခန်းခြောက်မှုဖြစ်ကာ သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့နေရပါသည်။

ထိုသို့ ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၏ စီစဉ်ညွှန်ကြားမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာများ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ရေရှားပါးပြတ်လပ်သော ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်၍ ရေလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဘားအံမြို့နယ် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းမှုဖြင့် ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ စဉ်ဆက်မပြတ် ရေလှူဒါန်းမှုများဆောင်ရွက်လျက်ရှိသည်။

ဒေသတွင်း ပြည်သူများ၏ ရေသုံးစွဲမှုအခက်အခဲပြေလည်မှုရရှိအောင် ဆောင်ရွက်ပေးခြင်းကြောင့် ပြည်သူများ၏ လေးစားချစ်ခင်အားထားသောဌာနများအဖြစ် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကာလအတွင်းအရှိန်အဟုန်ဖြင့် ချဉ်းနင်းဝင်ရောက်လျက်ရှိရာ ပြည်သူတို့ အသိအမှတ်ပြုခြင်းခံနေရကြောင်း သိရသည်။

**ထွန်းထွန်းထွေး (ဘားအံ)**

# နေပြည်တော်တွင် သမဝါယမအသင်းသားတောင်သူလယ်သမားများအား အသေးစား အရင်းအနှီးချေးငွေများပေးအပ်

**နေပြည်တော် မေ ၁၀**

သမဝါယမအသင်းသား တောင်သူလယ်သမားများအား အသေးစားအရင်းအနှီးချေးငွေများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက နေပြည်တော်သမဝါယမဦးစီးဌာန ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သမဝါယမအသင်းသားတောင်သူလယ်သမားများအား အသေးစားအရင်းအနှီး ချေးငွေများ ထုတ်ချေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ နေပြည်တော် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အသင်း၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တပ်ကုန်းမြို့နယ် အခြေခံသမဝါယမအသင်းစုနှင့် ဒက္ခိဏသီရိမြို့နယ် အခြေခံသမဝါယမအသင်းစုများအား အသေးစားအရင်းအနှီးချေးငွေများကို ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် သမဝါယမအသင်းသားတောင်သူလယ်သမားများအား အသေးစားအရင်းအနှီးချေးငွေများ ပေးအပ်ရာတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၈ သင်းမှ အသင်းသား ၉၅၈ ဦးအတွက် ပံ့ပိုးချေးငွေကျပ် ၉၁၀ ဒသမ ၁၀ သိန်းနှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိအခြေခံသမဝါယမအသင်း သုံးသင်းမှ အသင်းသား ၁၈၅ ဦးအတွက် ပံ့ပိုးချေးငွေကျပ် ၁၆၆ ဒသမ ၅ သိန်း၊ စုစုပေါင်း ပံ့ပိုးချေးငွေကျပ် ၁၀၇၆ ဒသမ ၆ သိန်းကို ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။ **(ရွှေကုက္ကိုု)**

# ဆန်၊ စပါး စိုက်ပျိုးမှု၊ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး တောင်သူအသိပညာပေးဆွေးနွေးပွဲကျင်းပ

**တွံတေး မေ ၁၀**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စန္ဒကူးခန်းမ၌ မေ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ကြီး ဦးဟန်ထွန်း တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဆန်၊ စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဌာနမှ မြေအသုံးချဌာနခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမိုး၊ မျိုးစေ့ဌာနခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြဝင်း၊ သီးနှံကာကွယ်ရေး ဌာနခွဲတာဝန်ခံ လက်ထောက် ဒေါက်တာစန်းစန်းဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဗဟိုအမှုဆောင်အရာရှိ စိုက်ပျိုးရေးပညာရှင် ဦးအောင်ဆန်း၊ ရုံးအဖွဲ့မှူး စိုက်ပျိုးရေးပညာရှင် ဦးမြင့်လွင်တို့က တောင်သူလယ်သမားများအား အသိပညာပေးဆွေးနွေးပြီး တောင်သူလယ်သမားများက သိလိုသည့်အချက်ကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ တွံတေး၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း လေးမြို့နယ်မှ တောင်သူလယ်သမား ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**မျိုးလှိုင်(တွံတေး)**

# ကျန်းမာရေးအသိပညာပေး တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးကုသ

**ဝါးခယ်မ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံစိန်ကျေးရွာအုပ်စုရှိ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်သော ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသမှုကို မေ ၈ ရက် မွန်းလွဲပိုင်းက ကျုံစိန်ကျေးရွာအုပ်စု၌ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ခင်သိန်းဝင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုနှင့် ဝန်ထမ်းများက ကွင်းဆင်းဆေးကုသပေးခဲ့သည်။

အဆိုပါ ဆေးကုသရေးအဖွဲ့မှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုက တက်ရောက်လာကြသော ကျေးရွာအုပ်စုမှ ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

ယင်းအပြင် ကျုံစိန်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏အထွေထွေရောဂါများ၊ မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေငန်း ရောဂါများ အစရှိသည့်ရောဂါ ဝေဒနာများကို စမ်းသပ်စစ်ဆေးပေးခြင်း၊ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# မြန်မာ့လက်မှုအနုပညာနှင့် ပညာရှင်များ ရှင်သန်ရပ်တည်နိုင်ရန် နိုင်ငံတော်၏ ထောက်ပံ့မှုရရန် မျှော်လင့်



**မန္တလေး မေ ၁၀**

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာ့လက်မှုအနုပညာရပ်များနှင့် ပညာရှင်များ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် နိုင်ငံတော်၏ ထောက်ပံ့မှုလိုအပ်လျက်ရှိကြောင်း လက်မှုအနုပညာပညာရှင်များနှင့် အရောင်းဆိုင်ရှင်များက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံတွင်း လက်မှုအနုပညာရပ်လုပ်ကိုင်သည့် ပညာရှင်များသည် ၎င်းတို့ စားဝတ်နေရေးအတွက် တတ်မြောက်ကျွမ်းကျင်သည့် လက်မှုလုပ်ငန်းကို စွန့်လွှတ်၍ အသက်ရှင်ရပ်တည်နိုင်ရန်လုပ်ငန်းမျိုးစုံ လုပ်ကိုင်စားသောက်နေရသည့်အပြင် နောင်မျိုးဆက်သစ်များလည်း ရှားပါးလာသောကြောင့် မြန်မာ့လက်မှုအနုပညာလက်ရာများ မပျောက်ပျက်စေရန် နိုင်ငံတော်မှ လိုအပ်သလိုကူညီပံ့ပိုးပေးသည်ကို မျှော်လင့်လျက်ရှိကြောင်း မန္တလေးမြို့မှ 'မင်္ဂလာပါ' မြန်မာမှုပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်သူ ဒေါ်သီတာစမ်းက ပြောသည်။

"လက်မှုပညာရှင်တွေကသူတို့လုပ်ငန်းကို နေ့တိုင်းလုပ်နေရမှသူတို့ဘဝ ရှင်သန်ရပ်တည်လို့ရမှာပါ။ အခုဆိုပညာရှင်တွေ အလွန်ရှားနေတဲ့အတွက် မျိုးဆက်သစ်တွေလည်း မရှိတော့ဘူး။ လူငယ်အများစုကလည်း မြန်မာလက်မှုပညာရပ်တွေနဲ့ပတ်သက်ပြီး သိပ်အထင်မကြီးကြတာလည်းပါတယ်။ တကယ်ဆို လူတိုင်းမတတ်တဲ့လက်မှုပညာရပ် ကဏ္ဍကိုမြှင့်တင်ပေးသင့်တယ်။ တခြားနိုင်ငံတွေမှာဆို အစိုးရရဲ့ အထောက်အပံ့ရှိနေတဲ့အတွက် ကျွန်မတို့နိုင်ငံမှာလည်း အစိုးရအကူအညီလိုအပ်နေပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် လက်မှုပစ္စည်းရောင်းချရန် ပြည်တွင်းဈေးကွက်မရှိသည့်အတွက် မြန်မာနိုင်ငံရှိ ပန်းချီ၊ ပန်းပုလုပ်ကိုင်နေသည့် လူ ၁၀ ဦးတွင် ကိုးဦးမှာ မြဝတီလမ်းကြောင်းမှ တစ်ဆင့် ထိုင်းနိုင်ငံသို့ ရောင်းချ၍ ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ရှာဖွေရကြောင်း ၎င်းက ဆက်လက်ပြောသည်။

မြဝတီလမ်းကြောင်းကလွဲရင် ဈေးကွက် မရှိဘူး။ ထိုင်းဘက်ရောက်သွားရင် Made in Thailand ဆိုပြီး ဈေး ၁၀ ဆလောက်တင်ရောင်းတယ်။ မြန်မာနိုင်ငံက တကယ်လုပ်ရတဲ့ ပညာရှင်တွေ ရုန်းကန်နေရတဲ့ဘဝက တက်မလာပါဘူး။ မြန်မာ့လက်မှုပစ္စည်းတွေကို နိုင်ငံခြားဈေးကွက်ထက် ပြည်တွင်းဈေးကွက်မှာ နေရာရစေချင်တယ်။ ခက်တာကလက်မှု ပစ္စည်းလာဝယ်တဲ့ မြန်မာလူမျိုးတွေဟာ နိုင်ငံခြားသားလက်ဆောင်ပေးဖို့ပဲဝယ်ကြတယ်။ မြန်မာနိုင်ငံမှာ ပဒေါင်တွေကိုမြင်ရင် နိုင်ငံခြားသားတွေက မေးတယ်။ ထိုင်းနိုင်ငံက ငှားထားတာလားတဲ့။ ပဒေါင်အစ မြန်မာပြည်ကဆိုတာသူတို့ လုံးဝမသိဘူး။ နောက် ၁၀ နှစ်ဆို မြန်မာ့လက်မှုပညာတွေကို ထိုင်းနိုင်ငံမှာပဲ သွားကြည့်ရတော့မယ်" ဟု ၎င်းက သုံးသပ်ပြောသည်။

ပညာရှင်အများစုမှာ လက်မှုပညာရပ်ဖြင့် စားဝတ်နေရေး ရပ်တည်နိုင်ရန် မဖြစ်နိုင်သည့် အခြေအနေတွင် ၎င်းတို့ ပညာရပ်များကိုစွန့်လွှတ်၍ ဆိုင်ကယ်ကယ်ရီ၊ ပန်းရန်၊ လက်သမား၊ ညစောင့်စသည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေမှုများရှိကြောင်း လက်မှုပညာရပ်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

မန္တလေးမှာ မြန်မာ့လက်မှုလုပ်ငန်းဖြစ်တဲ့ ရွှေချည်ထိုးလုပ်ငန်းဆို အရင်က ရပ်ကွက်ကြီးရှိတယ်။ အခုလုံးဝ မရှိတော့ဘူး။ မန္တလေးတစ်မြို့လုံးမှာ ရွှေချည်ထိုးလုပ်ငန်းလုပ်တဲ့အိမ် ငါးအိမ်လောက်ပဲကျန်တော့တယ်။ အဲဒီငါးအိမ်မှာ လေးအိမ်က မြဝတီလမ်းကြောင်းကနေ ထိုင်းဘက်ကိုပို့ပြီး Made in Thailand လို့တပ်ပေးနေရတယ်။ ရင်နာဖို့ကောင်းပါတယ်" ဟု ၎င်းက ဆိုသည်။

ယင်းကြောင့် မြန်မာ့လက်မှုအနုပညာလုပ်ငန်းများ ရှင်သန်နိုင်ရေးအတွက် ပြည်တွင်းဈေးကွက်တစ်ခု ဖန်တီးရမည့်အပြင် နိုင်ငံသားများကလည်း ကိုယ့်နိုင်ငံ၏လက်မှုအနုပညာရပ်များကို တန်ဖိုးထားတတ်စေရန်လိုအပ်ကြောင်း လက်မှုပညာရပ်လုပ်ကိုင်သူများက သုံးသပ်သည်။

**အောင်ရဲသွင်**

# မြစ်သားတွင် နိုင်ငံခြားပျားမျိုး တစ်ပိုင်တစ်နိုင် မွေးမြူပြီး ပျားရည် ထုတ်လုပ်ကာ ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချ

**မြစ်သား မေ ၁၀**

မြန်မာပြည်ရှိကျေးလက်ဒေသများတွင်နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ကြသည့် မြို့ရွာများတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံစွာ ဒေသဝမ်းစာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသော်လည်း ယခုလ ရာသီဥတုပူပြင်းသောကြောင့် တချို့အပူပိုင်းဒေသများတွင် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ခြင်းမရှိမှုကြောင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်၍ ဒေသဝမ်းစာအဖြစ် လုပ်ကိုင်နေကြရာ ယခုအခါ ယင်းမွေးမြူရေးလုပ်ငန်းများအနက် နိုင်ငံခြားပျားမျိုးများကို တစ်ပိုင်တစ်နိုင် မွေးမြူပြီးရရှိလာသည့် ပျားရည်များကို ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနေရသဖြင့် အဆင်ပြေကြောင်း မြစ်သားမြို့ရှိပျားမွေးမြူရေးလုပ်ငန်းရှင်များက ပြောသည်။

"မွေးမြူရေးပျားမျိုးဟာ ဥရောပကပျားမျိုးတွေကို မှာယူဝယ်ရတာပါ။ ဝယ်ယူတဲ့အခါမှာလည်း သူတို့နိုင်ငံမှာ ပျားရည်ထုတ်လုပ်နိုင်မယ့် ပျားများဖြစ်ဖို့ကို ပျားဗျူဟာလို့ခေါ်တဲ့ စမ်းသပ်နည်းတွေနဲ့ ပထမဆုံးစမ်းသပ်ခဲ့တာပါ။ သူတို့နိုင်ငံမှာ အောင်မြင်တယ်။ ပျားဖြစ်ဖို့ကို နေကြာခင်းတစ်ခင်းရဲ့ အလယ်ဗဟိုမှာ သံဇကာလိုဟာမျိုးကိုကာပြီး ပျားအုံလာရောက်တည်အောင် လုပ်ရတာပါ။ လာရောက်တည်တဲ့ပျားအုံဆိုရင် အောင်မြင်တဲ့ပျားလို့သတ်မှတ်ပြီး မွေးမြူရေးပျားများအဖြစ် မြန်မာနိုင်ငံကို ပြန်လည်တင်ပို့ရောင်းချပေးခဲ့တာပါ။ ကျွန်တော်တို့က နိုင်ငံခြားပျားမွေးမြူရေးကုမ္ပဏီကတစ်ဆင့် ပြန်ဝယ်ပြီး မွေးမြူတာပါ။

"မွေးမြူရေး နိုင်ငံခြားလုပ်သားပျားချပ်တစ်ချပ်ကို ယခင်နှစ်က တစ်သောင်းကျော်ခန့်ပေးဝယ်ယူရတာပါ။ ပျားရည်ဖြစ်ဖို့ဆိုရင် လုပ်သားပျားချပ်တွေထဲကို (ပျားဘုရင်မ) တစ်ကောင်ဆီထည့်ပေးရတာပါ။ ပျားဘုရင်မထည့်ပြီး ၃-၄ ရက်ဆိုရင် မိတ်လိုက်ကြပါတယ်။ မိတ်လိုက်တဲ့အခါမှာ ပျားအုံအတွင်းမှာ မိတ်လိုက်တာမဟုတ်ဘဲ ကောင်းကင်လေပေါ်မှာ မိတ်လိုက်ကြပြီး မိမိနေရာပျားချပ်အိမ်အတွင်းကိုပဲ ပြန်လာတာပါ။ ပျားအိမ်တစ်အိမ်ဆိုရင် ပျားချပ်ရှစ်ချပ်ထားပေးရတာပါ။ မိတ်လိုက်ပြီးလို့အောင်တာနဲ့ ပျားချပ်အတွင်းမှာ တစ်နေ့ကို ဥပေါင်းနှစ်ထောင်လောက်ချပါတယ်။ ထိုမှတစ်ဆင့် ဝတ်ရည်ခြွေပြီး ရောင်းတန်းဝင်ပျားရည်ဖြစ်ဖို့ အဆင့်ဆင့်ပြုလုပ်ပေးရတယ်။ ပျားရည်ဈေးနှုန်းအနေနဲ့ ယခင်နှစ်က တစ်ပိဿာကို ၃၀၀၀ ကျော်လောက် ကုမ္ပဏီကိုပြန်သွင်းရပါတယ်။ ဒီနှစ်တော့ ဈေးကျတယ်ပြောပါတယ်။ ကျွန်တော်တို့က တောင်သူတွေပါ။ ရာသီဥတုကမကောင်းတော့ စိုက်ပျိုးသီးနှံတွေ မအောင်မြင်ဘူး။ ဒါကြောင့် တစ်ပိုင်တစ်နိုင် နိုင်ငံခြားပျားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရတာ အဆင်ပြေပါတယ်"ဟု မြစ်သားမြို့နယ်မှ နိုင်ငံခြားပျားမွေးမြူရေးလုပ်ငန်းရှင်ကိုတင်လင်းကသည်။ **ကျော်ကျော်(မလှိုင်)**

# ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရေတွင်းနှစ်တွင်း တူးဖော်လှူဒါန်း

**ကော့သောင်း မေ ၁၀**

ကော့သောင်းမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသို့ ဒေသခံရေလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် သီတာရေလုပ်ငန်းကုမ္ပဏီမှ မေ ၇ ရက်က သောက်သုံးရေတွင်းနှစ်တွင်း တူးဖော်လှူဒါန်းကြောင်း သိရသည်။

ကော့သောင်းမြို့သည် သောက်သုံးရေရှားပါးသည့်အခက်အခဲအား နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရမြဲဖြစ်ရာ ယခုနှစ် အယ်နီညိုရာသီဥတုဒဏ်ကြောင့် ရေအခက်အခဲပိုမိုကြုံတွေ့ခဲ့ရခြင်းဖြစ်ရာ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ပြည်သူများ သောက်သုံးရေ အခက်အခဲရှိသဖြင့် ဒေသခံရေလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် သီတာရေလုပ်ငန်းကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မြင့်၏ အကုန်အကျခံလှူဒါန်းမှုဖြင့် ပြည်သူ့ဆေးရုံကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အနီးအနားရပ်ကွက်ပြည်သူများ အသုံးပြုနိုင်ရန် ဆေးရုံဝင်းအတွင်း၌ ရေတွင်းနှစ်တွင်းအား တူးဖော်ပေးလျက်ရှိရာ ရေတွင်းတစ်တွင်း တူးဖော်ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူသည့်ပြည်သူများ သောက်သုံးရေဖူလုံစွာ သီးခြားအသုံးပြုနိုင်ရေးအတွက် ရေတွင်းတစ်တွင်းအား ဆက်လက်တူးဖော်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း-ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့ စံပြရဲရွေးချယ်ရေး ဖြေဆို

**ကျွန်းလှ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်အဆင့် စံပြရဲရွေးချယ်ရေး ရေးဖြေစာမေးပွဲကို မေ ၉ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဖြေဆိုခဲ့ကြောင်း သိရသည်။

ထိုသို့ စံပြရဲရွေးချယ်ရာတွင် အဆင့်(၇)ဆင့်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတစ်ဦးစီဖြေဆိုကြပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ရွေးချယ်၍ ခရိုင်အဆင့်သို့ ပြန်လည် ဖြေဆိုရမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ခန့်က ပြောသည်။

အဆိုပါရေးဖြေစာမေးပွဲတွင် အရာရှိသုံးဦး၊ အကြပ်တပ်သားကိုးဦး စုစုပေါင်း ၁၂ ဦးဖြေဆိုကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**လှိုင်ကော် မေ ၁၀**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၏ညွှန်ကြားမှုဖြင့် လွိုင်ကော်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းကုဋ္ဌေလိုက်ပါကြီးကြပ်လျက် မေ ၇ ရက်က လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများအား ဓာတ်အားပိတ်၍ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ခုတ်ထွင်ရှင်းလင်းရခြင်းမှာ ယခုအခါ လေပြင်းမုန်တိုင်းများတိုက်ခတ်၍ မိုးများသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် သစ်ပင်သစ်ကိုင်းများကျိုးကျ၍ ဓာတ်အားလိုင်းပေါ်သို့ ကျရောက်နိုင်သဖြင့် မလိုလားအပ်သော လျှပ်စစ်အန္တရာယ်နှင့် ဓာတ်အားပျောက်ဆုံးမှုများ၊ မီးပြတ်တောက်မှုများအား ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လွိုင်ကော်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းကုဋ္ဌေထံမှ သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**



# ချောက်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းဆောင်ရွက်



**ချောက် မေ ၁၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို ချောက်မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းထွန်းဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ ပူးပေါင်းကာ လူစည်ကားရာနေရာဖြစ်သော အမှတ် ၉ နှင့် ၁၀ နယ်မြေ လမ်းဆုံရှိ ချောက်မြို့မရဲစခန်းထိပ် မီးပွိုင့်လမ်းဆုံ၌ မေ ၉ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ချောက်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ ပူးပေါင်းကာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်မောင်းသူများ မူးယစ်သောက်စားပြီးမမောင်းရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ ဆိုင်ကယ်စီးလျှင် နှစ်ယောက်ထက်ပို၍ စီးခြင်းမပြုလုပ်ရန်၊ ယာဉ်နံပါတ်ပြားအတုများတပ်ဆင်ခြင်း၊ နံပါတ်ပြားဖြုတ်မောင်းခြင်းများမပြုရန် စသည့်အချက်များကို အသိပညာပေးပြီး စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို ချောက်မြို့နယ်တွင်းရှိ လူစည်ကားရာ နေရာများ၌ မေ ၄ ရက်မှစတင်ကာ ၉ ရက်ထိ ယာဉ်အစီးရေပေါင်း ၆၄၄ စီးအား အသိပညာပေးပြောကြားခဲ့ပြီး နောက်ဆက်လက်၍လည်း မေ ၃၁ ရက်ထိ အသိပညာပေးခြင်းများကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းအိမ့်မွန်(ပြန်/ဆက်)**

# သောင်သုံးရေရှားပါးသည့် ကျေးလက်တောရွာများသို့ ရေများဖြန့်ဝေလှူဒါန်း၊ ရေအခက်ခဲရှိသူများ ဆက်သွယ်နိုင်

**ညောင်ဦး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ ညောင်ဦးမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းဥက္ကဋ္ဌ ဦးသန်းဌေး ခေါင်းဆောင်သော ကဲကဲလေးမိသားစု ရေအလှူရှင်အသင်းအဖွဲ့က သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

ယင်းသို့ သွားရောက်လှူဒါန်းရာ ညောင်ပင်ကန်ရွာသာအေးကျေးရွာ၊ ယမ်းစမ်းရွာသာအေးကျေးရွာ၊ အောင်သာကျေးရွာ၊ ဝက်လူးကျေးရွာ၊ လက်ပန်တဲ(တောင်)၊ လက်ပန်တဲ(မြောက်)ကျေးရွာ၊ ခက်လန်းလန်းကန်ကျေးရွာ၊ ကျားကုတ်တဲတန်း၊ တာလန်းကန်တဲတန်း၊ ကန်နီကြီးတဲတန်း၊ ညောင်လှကျေးရွာ၊ ခွေးပြုပ်ကျေးရွာ၊ ကြက်ရည်ဖုန်းတဲတန်း၊ ဒဟက်စီးကျေးရွာ၊ တဲမကျေးရွာ၊ ရေတွင်းညောင်ပင်ကျေးရွာများသို့တစ်ရွာလျှင် ရေဂါလန် ၁၂၀၀ ကိုကားနှင့် တစ်ရွာလျှင်နှစ်ခေါက်နှုန်း လှူဒါန်းပြီး နောက်ထပ် သောက်သုံးရေရှားပါးသည့်ကျေးရွာသို့ နေ့စဉ်ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရေရှားသောဒေသများမှ ရေအလှူခံလိုပါကလည်း ၀၉ ၂၀၄၂၃၀၃ သို့ဆက်သွယ်၍ ရေအလှူရှင်အဖွဲ့ခေါင်းဆောင် ဦးသန်းဌေးထံ အလှူခံနိုင်ကြောင်း သိရသည်။ **ကျော်ဌေး(ညောင်ဦး)**




# အပူရှိန်မြင့်မား၍ကုန်မျိုးစုံအရောင်းပါး

**နွားထိုးကြီး မေ ၁၀**

ဧပြီနှင့် မေလမှာ နေပူရှိန်ပြင်း၍ နွားထိုးကြီးစည်ပင်ဈေးတွင် ကျေးလက်ကဈေးဝယ်များနည်းပါးသဖြင့် အရောင်းအဝယ်ပါးနေကြောင်း ဈေးသည်တစ်ဦးကပြောသည်။

အရောင်းပါးသော်လည်း လက်ကားဈေးကွက်တွင် ကုန်မျိုးစုံများမှာ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ ဈေးတက်ဝယ်နေရ၍ ဈေးသည်တို့ထပ်ဆင့်နစ်နာနေသည်။

သင်္ကြန်အပြီး စားသောက်ကုန် ကုန်မျိုးစုံ ဈေးတက်ခဲ့သော်လည်း ယခုအခါ အဝတ်အထည်ကုန်မျိုးစုံကဈေးတက်နေ၍ အညာတွင် ကုန်ဈေးနှုန်းက ၂၀၁၅ ခုနှစ်ထက် ၂၀၁၆ ခုနှစ်က ပိုနေသည်ဟု အရောင်းအဝယ်သမားတို့က ပြောသည်။

ကုန်ဈေးနှုန်းများတက်သည့်အပြင် သယ်သူစရိတ်က ကတ်ထူပုံးတစ်ပုံး ငွေကျပ် ၁၀၀၀၊ ၂၀၀၀ ပေးနေရ၍ စရိတ်စားပြီး ဈေးတင်မရသည့်အပြင် အရောင်းအဝယ်ပါးနေကြောင်း ဈေးသည်များက ပြောကြားသည်။ **ခင်ဓာမွန်မြင့်**